# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တော်သလင်းလဆန်း ၃ ရက်၊ ၂၀၁၁ ခုနှစ်၊ ဩဂုတ် ၃၁ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၅၀)၊ အမှတ် (၃၂၉)


## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ နိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန်
## မလေးရှားနိုင်ငံ ဘုရင်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၃၁

၂၀၁၁ ခုနှစ် ဩဂုတ် ၃၁ ရက်တွင် ကျရောက်သော မလေးရှားနိုင်ငံ၏ (၅၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ မလေးရှားနိုင်ငံ ဘုရင် တွမ်ကူ မီဇန် ဇိုင်နယ် အဘီဒင် အစ်ဘနီ အယ်လ်မာဟွန်း ဆူလ်တန် မာမွတ် အယ်လ်မုတာဖီ ဘီလားရှားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန်
## မလေးရှားနိုင်ငံ ဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၃၁

၂၀၁၁ ခုနှစ် ဩဂုတ် ၃၁ ရက်တွင် ကျရောက်သော မလေးရှားနိုင်ငံ၏ (၅၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတိုဆရီ မိုဟာမက် နာဂျစ် ဘီတွန်း ဟာဂျီ အဗ္ဗဒူ ရာဇတ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့ ဆက်လက်ကျင်းပ

## မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း၊ အဆိုဆွေးနွေးခြင်း၊ အဆိုတင်သွင်းခြင်းနှင့် ဥပဒေကြမ်းတင်သွင်းခြင်းများ ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၃၀

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၃၈၆)ဦးတို့ တက်ရောက်ကြသည်။

### အမည်စာရင်းတင်သွင်းနိုင်

ယမန်နေ့က လွှတ်တော်သို့တင်သွင်းခဲ့သည့် **"ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေး ဥပဒေမူကြမ်း"**နှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ဆွေးနွေးချက်အပေါ် သက်ဆိုင်ရာ ဝန်ကြီးဌာနက ပြန်လည်ဆွေးနွေးရန်မရှိသဖြင့် စက်တင်ဘာ ပထမပတ်အတွင်း သင့်လျော်သည့်ရက်တွင် ဆွေးနွေးမည်ဖြစ်ပြီး ပြင်ဆင်ချက် အဆိုတင်သွင်း ဆွေးနွေးလိုသူများအနေဖြင့် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၇ နှင့်အညီ ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ "အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ"ကို တိတိကျကျဖော်ပြ၍ စက်တင်ဘာ ၄ ရက် နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းနိုင်ကြောင်း သိရှိရသည်။

ယနေ့လွှတ်တော်အစည်းအဝေး၌ မေးခွန်း (၁၁)ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အဆို (၁)ခု ဆွေးနွေးခြင်းနှင့် အဆို (၂)ခု တင်သွင်းခြင်း၊ ဥပဒေကြမ်း (၁)ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

မေးခွန်းများမေးမြန်းခြင်းကဏ္ဍ၌ ရထားပို့ဆောင်ရေးကဏ္ဍနှင့် စပ်လျဉ်းသည့် မေးခွန်း (၂)ခုကို ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ပြန်လည်ဖြေကြားသည်။

တိုက်ကြီးမဲဆန္ဒနယ်မှ ဦးဟန်စိန်၏ **တိုက်ကြီးမြို့တွင် ယခင် ရန်ကုန်-ပုဂံအမြန်ရထား ရပ်နားခဲ့သော်လည်း ယခုအခါ မရပ်သည်မှာ ကြာပြီဖြစ်သဖြင့် ပုဂံရထားကို တိုက်ကြီးဘူတာ၌ (၂)မိနစ်ခန့် ရပ်နားပေးရန် အစီအစဉ် ရှိ/မရှိ နှင့် ယခင် လက်ပံတန်း-ရန်ကုန် (လော်ကယ်ရထား) ခရီးစဉ်ရှိခဲ့ပြီး ရပ်ဆိုင်းသွားသည်မှာ ကြာပြီဖြစ်သဖြင့် လက်ပံတန်း-ရန်ကုန် ရထားခရီးစဉ်များ ပြန်လည်ပြေးဆွဲနိုင်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ တိုက်ကြီးဘူတာတွင် ရန်ကုန်-သာရဝေါ (၆၉) အဆန်နှင့် (၇၀)အစုန် စာပို့ရထား၊ ရန်ကုန်-ပြည် အမှတ် (၆၃) အဆန်နှင့် အမှတ် (၆၄)အစုန် စာပို့ရထား၊ ရန်ကုန်-ပြည် အမှတ် (၇၁) အဆန်နှင့် အမှတ် (၇၂)အစုန် အမြန်ရထား စုစုပေါင်း ရထား (၆)စင်းကို ရပ်ထားပေးပြီးဖြစ်ပါကြောင်း၊ ရန်ကုန်-ပုဂံ အမြန်ရထားကို အမြန်ရထားအဆင့်နှင့်လျော်ညီစွာ ပြေးဆွဲနိုင်ရန်အတွက် လမ်းခရီးတွင် လူစီးများပြားပြီး လမ်းဆုံလမ်းခွကျသည့် ဘူတာ(၇)ဘူတာတွင်သာ လက်ရှိရပ်တန့်ခွင့် ပြုထားပါကြောင်း၊ တိုက်ကြီးတွင် ရပ်တန့်ပေးပါက အဆင့်တူမြို့နယ်ဖြစ်သော နောက်ထပ်ဘူတာ (၁၁)ခုကိုပါ *စာမျက်နှာ ၃ ကော်လံ ၁*

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့သို့ တက်ရောက်စဉ်။

(သတင်းစဉ်)

မြန်မာ့အလင်း

ယနေ့ ဖတ်စရာ၊ မှတ်စရာ

သီပွံ့နည်းကျ ပေါင်းစနစ်ဖြင့် မျိုးစေ့ချစိုက်ပျိုးပွဲ မတ္တရာမြို့နယ်၌ ကျင်းပ။

စာ ➤ ၂

ကမ္ဘာပေါ်၌ ရှားပါးနေပြီဖြစ်သည့် ဘင်ဂေါကျားများ မြန်မာနိုင်ငံတွင် ထိန်းသိမ်း စောင့်ရှောက်နေပြီ။

စာ ➤ ၅

စပျစ်သီးအလုံးကြီးများ ပြည်တွင်းဈေးကွက်သို့ လှိုင်လှိုင်ဝင်။

စာ ➤ ၅

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဩဂုတ် ၃၁ ရက်)

# သွေးလှူဒါန်းမှုဖြင့် မြတ်သောကုသိုလ်ရယူနိုင်ရေး ဝိုင်းဝန်းပါဝင်

လူ၏ခန္ဓာကိုယ်တွင် သွေးသည် မရှိမဖြစ်လိုအပ်သည်။ သွေးသည် လူ၏အသက်ပင်ဖြစ်သည်။ ထိုအရေးကြီးသည့်သွေးကို စေတနာထား၍ ပေးအပ်လှူဒါန်းခြင်းသည် မြင့်မြတ်သောလုပ်ငန်းတစ်ခုဖြစ်သည်။ ယခုအခါ သွေးလှူရှင်များ၏ သွေးလှူဒါန်းမှုသည် အရေအတွက် တိုးတက်လာသည်သာမက ကျန်းမာရေးဆိုင်ရာ အသိပညာရင့်ကျက်မှုများလည်း တိုးတက်လာခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ကမ္ဘာတစ်ဝန်းလုံး၌ သွေးလိုအပ်မှုတိုးပွားလာလျက်ရှိကြောင်း၊ အများစုမှာ ဖွံ့ဖြိုးဆဲနိုင်ငံများ၌ သွေးလုံလောက်စွာမရရှိကြောင်း၊ ကမ္ဘာ့ဖွံ့ဖြိုးဆဲနိုင်ငံများမှ အမျိုးသမီးများ ကိုယ်ဝန်ဆောင်ချိန်နှင့် ကလေးမီးဖွားချိန်တို့တွင် သေဆုံးမှုမှာ နှစ်စဉ်ငါးသိန်းခန့်ရှိပြီး ယင်းသေဆုံးမှု၏ ၉၉ ရာခိုင်နှုန်းမှာ လိုအပ်သောသွေးကို အချိန်မီမရရှိနိုင်ခြင်းကြောင့်ဖြစ်ကြောင်း၊ အာဖရိကတိုက်ရှိ သွေးသွင်းကုသမှု ရာခိုင်နှုန်း ၇၀မှာ ကလေးများဖြစ်ပွားသော သွေးအားနည်းရောဂါ၊ ငှက်ဖျားရောဂါကုသမှုတို့အတွက်ဖြစ်ကြောင်း သုံးသပ်တင်ပြခဲ့သည်။

သွေးလိုအပ်သည့် လူနာများအတွက် သွေးကိုအချိန်မီလုံလောက်စွာရရှိရန် အလွန်အရေးကြီးပေသည်။ လှူဒါန်းသည့်သွေးသည် သန့်စင်သောသွေးဖြစ်ရန်လည်း အရေးကြီးသည်။ သွေးလှူရှင်များသည် ကျန်းမာခြင်းနှင့်ပြည့်စုံပြီး အသည်းရောင်အသားဝါ ဘီပိုး၊ စီပိုး၊ ခုခံအားကျဆင်းမှု ရောဂါစသည့် ရောဂါကင်းစင်သူများဖြစ်ရန် အရေးကြီးသည်။ ထို့ကြောင့်လည်း အန္တရာယ်ကင်းသော သွေးရရှိရန်အတွက် သွေးမလှူဒါန်းမီ စစ်ဆေးမှုများကို ပြုလုပ်ကြရမည်ဖြစ်သည်။

စေတနာရှင်များ လှူဒါန်းလိုက်သော သွေးလက်ဆောင်သည် အချင်းချင်းပေးသည့် အခြားလက်ဆောင်များထက် မြတ်သော၊ တန်ဖိုးမဖြတ်နိုင်သော လက်ဆောင်ဖြစ်သည်။ သွေးလှူဒါန်းရခြင်းဖြင့် ဆေးပညာဗဟုသုတများရရှိလာပြီး သွေးလှူဒါန်းသူကိုယ်တိုင် ကျန်းမာရေးနှင့်ညီညွတ်မှုကို ရရှိခံစားစေရသည်။

ယခုအခါ သွေးလှူဒါန်းသူများအနက် အများစုသည် အသက် ၁၈ နှစ်မှ ၂၅ နှစ်အတွင်းဖြစ်ကြသည်။ စဉ်ဆက်မပြတ် သွေးလှူဒါန်းလာခြင်းဖြင့် ကျန်းမာကြံ့ခိုင်ပြီး စိတ်ထားကောင်းသော လူငယ်များ ပိုမိုပေါ်ထွန်းလာမည်ဖြစ်သည်။ လူငယ် လူရွယ်များ သွေးလှူဒါန်းခြင်းဖြင့် ၎င်းတို့၏ စိတ်ထားမြင့်မြတ်မှု၊ အများအကျိုး ကူညီလိုမှု၊ ကောင်းသော လူနေမှုစရိုက်များနှင့်အညီ နေထိုင်တတ်မှု စသည့် အကျိုးကျေးဇူးရရှိကာ နိုင်ငံတော်အတွက် အားကိုးရမည့် လူငယ်လူရွယ်များ ပိုမိုပေါ်ထွန်းလာမည်ဖြစ်သည်။

သွေးလှူဒါန်းခြင်းသည် လူ၏အသက်ကယ်ခြင်းဖြစ်၍ ကိုယ်တိုင်သွေးလှူဒါန်းခြင်းဖြင့် မွန်မြတ်သောကုသိုလ်ထူးကို ရရှိမည်ဖြစ်ရာ အဆိုပါသွေးလှူဒါန်းခြင်း လူမှုရေးလုပ်ငန်းများတွင် ပြည်သူများအနေဖြင့် ဝိုင်းဝန်းပါဝင်ကူညီ ဆောင်ရွက်ကြရန် ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# ဒေးဒရဲမြို့နယ်၌ ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၃၀**

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်သည် ဩဂုတ် ၂၇ ရက် နံနက် ၁၀ နာရီ ၃၅ မိနစ်တွင် မြန်မာ့စီးပွားစီမံအမှုဆောင်များအဖွဲ့ (MBE) နှင့် CARITAS SWITZERLAND AND ASSOCIATES အဖွဲ့အစည်းများက လှူဒါန်းသော ဒေးဒရဲမြို့နယ် ဖိုးတုတ်ကျေးရွာ (တွဲဖက်) အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ရာ ရှေးဦးစွာ တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာနဝန်ကြီး ဦးစန်းမောင်၊ တိုင်းပညာရေးမှူး ဦးခွန်ကျော်မြင့်နှင့် မြန်မာ့စီးပွားစီမံ အမှုဆောင်များ အသင်းဥက္ကဋ္ဌ ဦးမြင့်မောင်ထွန်းတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**အမှာစကားပြောကြား**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှ လူနေမှုဘဝအဆင့်အတန်းမြင့်မားလာမည်ဖြစ်ကြောင်း၊ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်ကို တိုင်းဒေသကြီး၏ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး အထူးနှစ်အဖြစ် သတ်မှတ်ဆောင်ရွက်နေကြောင်း၊ ဆရာ ဆရာမများအနေဖြင့် မိမိတို့ကျောင်းများ တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မားအောင် အလေးထား ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ကျောင်းဆောင် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များနှင့် ဒေသခံပြည်သူများက ဝိုင်းဝန်းစောင့်ရှောက်သွားကြစေလိုကြောင်းဖြင့် မှာကြားသည်။

**လွှဲပြောင်းပေးအပ်**

ယင်းနောက် မြန်မာ့စီးပွားစီမံအမှုဆောင်များ အသင်းဥက္ကဋ္ဌက ကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို တိုင်းပညာရေးမှူးထံ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍MBE အသင်းအလုပ်အမှုဆောင် ဦးညွန့်လှိုင်က ကျောင်းဆောင်သစ် ဖွင့်လှစ်ပွဲအတွက် အလှူငွေကျပ်နှစ်သိန်းနှင့် ကျောင်းအတွက် ရေစုပ်စက်ဝယ်ယူအသုံးပြုရန် အလှူငွေကျပ်ငါးသိန်းတို့ကို ဖိုးတုတ်ကျေးရွာ အုပ်ချုပ်ရေးမှူးထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကျောက်တံခါးမြို့နယ်အသင်း အစည်းအဝေး ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၃၀**

ကျောက်တံခါးမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို အောက်တိုဘာ ၁ရက် (စနေနေ့) နံနက် ၉ နာရီတွင် တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသက် ၇၅နှစ်နှင့်အထက် မိဘများနှင့် ၂၀၁၁ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသော အသင်းဝင်များ၏သားသမီးများ အမည်စာရင်းကို စက်တင်ဘာ ၁၅ ရက်နောက်ဆုံးထား၍ ဦးသက်လွင် ဖုန်း-၀၉-၅၁၆၃၈၆၆၊ ဦးညွန့်ရွှေ ဖုန်း-၀၉-၅၁၅၀၃၇၇၊ ဦးမြင့်စိုး ဖုန်း-၀၉-၅၁၉၁၁၄၆၊ ဦးသက်ပိုင် ဖုန်း-၀၁-၅၇၀၁၁၉၊ ဒေါက်တာမျိုးကိုမြတ် ဖုန်း-၀၉-၅၄၀၀၆၄၀ တို့ထံသို့ စာရင်းပေးသွင်းကြရန်ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

# ပညာရည်ချွန်ဆုပေးပွဲ နမ့်ဆန် အ.ထ.က ၌ ကျင်းပ

**နမ့်ဆန် ဩဂုတ် ၃၀**

နမ့်ဆန်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၁၀-၂၀၁၁ ခုနှစ် မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို နမ့်ဆန်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း ရွှေဖီဦးခန်းမ၌ ဩဂုတ် ၅ ရက်က ကျင်းပရာ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်ကျော်နှင့် တာဝန်ရှိသူများက ဂုဏ်ထူးဖြင့်ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

## မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ဟောပြောပွဲကျင်းပမည်

*ရန်ကုန် ဩဂုတ် ၃၀*

*မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းနှင့်* ***Suntac Technologies Co.,Ltd.*** *တို့ပူးပေါင်းကျင်းပသည့်* ***"Seismic Design Practice in the U.S for Bridges, Tunnel and Ports"*** *ခေါင်းစဉ်ဖြင့်* ***Dr.Hubert Law (Ph.D., P.E) Principal Engineer and Vice President, Earth Mechanics,Inc.(U.S.A)*** *က ဟောပြောမည့် ဟောပြောပွဲကို စက်တင်ဘာ ၃ ရက် (စနေနေ့) နံနက် ၁၀ နာရီတွင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းအဆောက်အအုံ* ***Seminar Room*** *၌ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်းနှင့် အသေးစိတ် သိရှိလိုပါက မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း လှိုင်တက္ကသိုလ်နယ်မြေ ဖုန်း-၀၁-၅၁၉၆၇၃၇၆၊ ၀၉-၅၁၄၁၃၂၂ တို့ထံသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း သိရှိရသည်။ (အင်ဂျင်နီယာအသင်း)*

# သီပွံနည်းကျပေါင်းစနစ်ဖြင့် မျိုးစေ့ချစိုက်ပျိုးပွဲ မတ္တရာမြို့နယ်၌ ကျင်းပ

**မတ္တရာ ဩဂုတ် ၃၀**

သီပွံနည်းကျပေါင်းစနစ်ဖြင့်ပျိုးထောင်မည့် တောင်သူပညာပေးစပါးစိုက်ခင်း ၁၀ဧကအတွက် မျိုးစေ့ချပွဲ အခမ်းအနားကို ဇူလိုင် ၂၇ ရက် နံနက် ၉နာရီက မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်ရှိ မြန်မာ့စက်မှု သီးနှံဖွံ့ဖြိုးရေးလုပ်ငန်း နှစ်ရှည်ပင်နှင့်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဌာန ရေနံ့သာစိုက်ကွင်း ကွင်းအမှတ်(၁) အကွက်အမှတ် B တွင် ကျင်းပသည်။ **(အပေါ်ပုံ)**

**တက်ရောက်လေ့လာ**

အခမ်းအနားတွင် မြန်မာ့စက်မှုသီးနှံ ဖွံ့ဖြိုးရေးလုပ်ငန်း နှစ်ရှည်ပင်နှင့်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဌာန(စိုက်မွေးလုပ်ငန်း)မှ မန္တလေးတိုင်းဒေသကြီး တိုင်းမန်နေဂျာ ဦးဇော်ဝင်းနှင့် တာဝန်ရှိသူများ၊ ရေနံ့သာစိုက်ကွင်းမှ အကွက်တာဝန်ခံများနှင့် ဝန်ထမ်းများ၊ ဒေသခံတောင်သူများ တက်ရောက်လေ့လာကြသည်။

ရှေးဦးစွာ စိုက်ပျိုးရေးဝန်ထမ်းများနှင့် တောင်သူများက အလျားပေ ၂၀၊ အနံသုံးပေ၊ အမြင့်လေးလက်မရှိ ပျိုးပေါင်များပေါ်တွင် မျိုးစေ့များတစ်စေ့နှင့်တစ်စေ့ ပူးကပ်ခြင်းမရှိစေရန် တစ်လက်မပတ်လည်ဆန်ခါကွက်များကို အသုံးပြု၍ စနစ်တကျ မျိုးစေ့ချစိုက်ပျိုးကြပြီးနောက် ပျိုးစေ့များ ရေတွင်မျောပါမသွားစေရန်နှင့် ငှက်များမဖျက်ဆီးနိုင်စေရန် ပျိုးပေါင်များကို ဖွဲပြာနှင့်နွားချေးမှုန့်ရော၍ ခပ်ပါးပါးဖုံးအုပ်ပေးခြင်းဖြင့် သီပွံနည်းကျပေါင်းစနစ်ဖြင့် ပျိုးထောင်ခြင်းလုပ်ငန်းအဆင့်ဆင့်ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်လှုပ်ရှားမှု သန်လျင်မြို့နယ်၌ ကျင်းပ

**ရန်ကုန် ဩဂုတ် ၃၀**

ရန်ကုန်တောင်ပိုင်းခရိုင် ကျန်းမာရေးကော်မတီနှင့် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုအဖွဲ့တို့ ကြီးမှူးကျင်းပသော ၂၀၁၁ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု အထိမ်းအမှတ် အခမ်းအနားကို ဩဂုတ် ၂၃ရက် နံနက်က သန်လျင်မြို့ရှိ ရှင်စောပုခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြတ်ထွေးနှင့် တာဝန်ရှိသူများက ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်ပြိုင်ပွဲများဖြစ်သော စံပြနို့တိုက်မိခင်ဆု၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိသူများအား ဂုဏ်ပြုဆုများချီးမြှင့်ကြသည်။

ဆက်လက်၍ငါးနှစ်အောက်ကလေးငယ်များအား အာဟာရတိုက်ကျွေးကာ ကိုယ်ဝန်ဆောင်မိခင်များအား အဝတ်အထည်၊ ဆေးနှင့်အာဟာရပြည့် အစားအစာများပေးအပ်ကြပြီး (ဝဲပုံ) မြို့နယ်များမှ အာဟာရပြည့်အစားအစာများ ချက်ပြုတ်ပြသမှုနှင့် အထိမ်းအမှတ်ပြခန်းအား ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရှိရသည်။ (၀၄၉)

31-8 (02).pmd 1 8/31/2011, 3:21 AM

❍ ရှေ့ဖုံးမှ

ရပ်ပေးရမည်ဖြစ်ပါကြောင်း၊ ဘူတာတစ်ခု၌ (၂)မိနစ်ရပ်တန့်ပေးရန်အတွက် ဘူတာအဝင်အရှိန်လျှော့ချချိန်၊ ဘူတာအထွက် အရှိန်ပြန်တင်ချိန် အပါအဝင် စုစုပေါင်း (၁၂)မိနစ်ခန့် ကြန့်ကြာသွားမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့်တိုက်ကြီးအပါအဝင် မြို့နယ်အဆင့် ဘူတာပေါင်း (၁၂)ဘူတာရပ်တန့်ရန် (၁၄၄)မိနစ် ကြန့်ကြာသွားမည်ဖြစ်ပြီး ရထားအဆင့်ကိုလည်း စာပို့ရထားအဆင့်သို့ လျှော့ချရမည်ဖြစ်ပါကြောင်း၊ ရန်ကုန်-ပုဂံရထားကို အမြန် ရထားအဖြစ် ဆက်လက်ထားရှိလိုပါ၍ တိုက်ကြီးတွင် ရပ်တန့်ပေးရန် အစီအစဉ်မရှိပါကြောင်း။

**ပိုမိုထိရောက်**

တိုက်ကြီးနှင့်ရန်ကုန်အကြား ယခင်အချိန်က သွားလာရန် အခက်အခဲရှိခဲ့သဖြင့် ရထားပြေးဆွဲပေးခဲ့ပါကြောင်း၊ မြန်မာ့မီးရထား၏ ကွင်းဆင်းလေ့လာချက်အရ တိုက်ကြီးကိုဖြတ်သန်းသည့် လက်ပံတန်း၊ သာယာဝတီ၊ ဥက္ကံတို့မှ စတင်ထွက်ခွာသည့်ယာဉ်နှင့် တိုက်ကြီးမှစတင်ထွက်ခွာသော ယာဉ်များအဖြစ် စီးတီးဘတ်စ်ကား (၁၅၈)စီး၊ အမြန်ယာဉ် (၁၆၈)စီး၊ စုစုပေါင်း တစ်ရက်လျှင် (၃၂၆)စီးခန့်ရှိသည်ကို သိရှိရပါကြောင်း၊ ရထားလုပ်ငန်း၏သဘာဝအရ ခရီးဝေးတွင် ထိရောက်အကျိုးရှိပြီး ခရီးတိုတွင်မော်တော်ကားများက ပိုမိုထိရောက်သည့် သဘာဝရှိပါကြောင်း၊ ရန်ကုန်-တိုက်ကြီး၊ ရန်ကုန်-လက်ပံတန်းခရီးစဉ်များတွင် ယခင်လော်ကယ်ရထား ပြေးဆွဲခဲ့ရာတွင် အမှန်တကယ် စီးနင်းသူများနည်းပါး၍ စီးပွားရေးဆောင်ရွက်ခြေ မကိုက်ဖြစ်ခဲ့ရပါကြောင်း၊ ထို့ကြောင့် လက်ပံတန်း-ရန်ကုန် လော်ကယ်ရထား ပြေးဆွဲပေးရန် အစီအစဉ်မရှိပါကြောင်းဖြင့် ဖြေကြားသည်။

ဝန်းသိုမဲဆန္ဒနယ်မှ ဦးစိုးပိုင်၏ **မန္တလေး-မြစ်ကြီးနားမီးရထားလမ်းပိုင်းအတွင်း အဆိုးရွားဆုံးနှင့် အန္တရာယ်အများဆုံးနေရာမှာ ဝန်းသိုမြို့နယ် နန်းခမ်းဘူတာနှင့်ဘုံချောင်းဘူတာကြားအပိုင်းဖြစ်ပြီး မိုးရာသီတွင် ကျောက်တောင်ပြိုခြင်း၊ ရေတိုက်စားခြင်း၊ လမ်းချော်ကျခြင်းများ ဖြစ်ပေါ်လျက်ရှိပါကြောင်း၊ ထို့ကြောင့် ယင်းဘူတာနှစ်ခုအကြား ရထားလမ်းပိုင်းအား ကျောက်တောင်ရှောင်ကွင်း၍ လမ်းဖောက်လုပ်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ နန်းခမ်း-ဘုံချောင်းလမ်းပိုင်းသည် တစ်ဖက်တွင် ကျောက်တောင်၊ တစ်ဖက်တွင် ချောင်းရှိသောကြောင့် ကွေ့(၃၇)ကွေ့ဖြင့် ခက်ခဲစွာ ဖောက်လုပ်ထားသော လမ်းဖြစ်ရာ ရထားအန္တရာယ်ကင်းစွာ ပြေးဆွဲနိုင်ရေးအတွက် အမြဲပြုပြင်ထိန်းသိမ်းမွမ်းမံနေရသည့် လမ်းပိုင်းဖြစ်ပါကြောင်း၊ ထိုလမ်းပိုင်းကို ယခင်နှစ်က မွမ်းမံ ပြင်ဆင်မှုများ၊ ချောင်းနံရံကျောက်စီ၍ ရေလမ်းထိန်းသိမ်း ကာကွယ်ခြင်းများ ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ယခုနှစ်တွင် ကွေ့ဖြေခြင်း၊ သံလမ်းလဲလှယ်ခြင်း၊ ကျောက်ဖြည့်တင်းခြင်း စသည့်လုပ်ငန်းများဖြင့် ရထားလမ်းပိုင်းကို ပိုမိုကောင်းမွန်စေရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုမြန်မာ့မီးရထား မြေတိုင်းအဖွဲ့တစ်ဖွဲ့သည် ၎င်းနယ်မြေသို့ ရောက်ရှိလျက်ရှိပြီး ပိုမိုကောင်းမွန်သော လမ်းအူကြောင်းသစ်ကို ရှာဖွေနေပြီဖြစ်ပါကြောင်း၊ အဆိုပါ လမ်းကြောင်းသစ်သည် ကျောက်တောင်နှင့် ချောင်းကို ရှောင်ကွင်းသွားမည်ဖြစ်ပြီး ပိုမိုကောင်းမွန်မှုရှိပါက ပွင့်လင်းရာသီတွင် ဖောက်လုပ်သွားရန် အစီအစဉ်ရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

လွှတ်တော်ကိုယ်စားလှယ် (၅)ဦး၏ လမ်းပန်းဆက်သွယ်ရေးကဏ္ဍနှင့် စပ်လျဉ်းသည့် မေးခွန်း (၅)ခုကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က ပြန်လည်ဖြေကြားသည်။

**အဆင့်မြှင့်တင်**

ကလေးမဲဆန္ဒနယ်မှ ဦးတင်လှိုင်၏ **စစ်ကိုင်းတိုင်းဒေသကြီး ကနီ၊ မင်းကင်းနှင့် ကလေးဝမြို့နယ်များကို ဖြတ်သန်းဖောက်လုပ်ထားသော မုံရွာ-ယာကြီး-ကလေးဝလမ်းမကြီးသည် လမ်းမိုင် (၁၁၅/၅)မိုင် ရှည်လျားပြီး အရေးပါသောလမ်းမကြီးဖြစ်သောကြောင့် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်ပေးရန် အစီအစဉ်ရှိ/မရှိသိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ လက်ရှိတွင် စံချိန်စံညွှန်းနှင့် ကိုက်ညီပြီး လမ်းအင်္ဂါရပ်နှင့် ပြည့်စုံကောင်းမွန်သော ကတ္တရာလမ်းအဆင့် ရာနှုန်းပြည့် အမြန်ဆုံးပြီးစီးစေရန် ရည်ရွယ်ပြီး ဒေသခံတိုင်းရင်းသား ပုဂ္ဂလိကလုပ်ငန်းရှင်ဖြစ်သော မုံရွာအုပ်စုဆောက်လုပ်ရေးကုမ္ပဏီလီမိတက်အား ဘီအိုတီစနစ်ဖြင့် လမ်း/တံတား အဆင့်မြှင့်တင်ခြင်း ဆောင်ရွက်နိုင်ရန် ၁၇-၈-၂၀၁၀ ရက်နေ့မှ စတင်၍ ဆောင်ရွက်ခွင့်ပြုထားပါကြောင်း၊ ယာဉ်ကြီး၊ ယာဉ်ငယ်များ ချောမွေ့စွာသွားလာနိုင်ရေးနှင့် မိုးတွင်းယာဉ်သွားလမ်းကြောင်း မပြတ်တောက်စေရေးအတွက် စက်ယာဉ်ယန္တရား၊ လုပ်သားအင်အားများဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကတ္တရာလမ်းသားပြုပြင်ခြင်းလုပ်ငန်း၊ မြေသားမကောင်း၍ နိမ့်ကျွံသော အပိုင်းများအား ဖယ်ထုတ်၍ ကျောက်ရောမြေဖြင့် တာပေါင်တင်ခြင်းလုပ်ငန်းများ၊ ဘေလီတံတားများ၊ သစ်သားတံတားများပြင်ဆင်ခြင်း၊ စက်ယန္တရားဖြင့် လမ်းတာပေါင်ချဲ့ခြင်း၊ လမ်းချောခြင်းလုပ်ငန်းများ၊ လမ်းဘေး ဝဲ/ယာ ရေမြောင်းတူးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါကြောင်း။

ယင်းလမ်းပိုင်းသည် လမ်းကြောင်းတည်ရှိမှုအရအောက်ခံမြေသား ညံ့ဖျင်းခြင်း၊ ပုထိုးလုံးတောင်နှင့် ရွှေသမင်တောင်ကြောတစ်လျှောက် ပြတ်ရွေ့ဇုန်အတွင်း တည်ရှိခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းလျှင် တောင်ပြိုခြင်း၊ မြေသားလွှာများ ရွေ့လျားပြိုဆင်းခြင်း၊ အောက်ခံမြေသား ကြေပျက်ခြင်းစသည့် သဘာဝအတားအဆီးများစွာရှိသဖြင့် တန်ဖိုးကြီးမြင့်သော အဆင့်မြှင့်တင်လမ်းတည်ဆောက်မှု နည်းပညာဖြင့် ဆောင်ရွက်ရန်လိုအပ်ခြင်းတို့ကြောင့် ဘီအိုတီလုပ်ငန်းရှင်မှ ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ ပြန်လည် အပ်နှံခဲ့ပါကြောင်း၊ ယခုထက် ပိုမိုကောင်းမွန်စွာ သွားလာနိုင်ရေး ၎င်းလမ်းအား လမ်းသုတေသနမှ တိုင်းတာ တွက်ချက်နေပါကြောင်းနှင့် နည်းပညာပိုမိုအဆင့်မြင့်နိုင်ရန် ထိုင်းနိုင်ငံအခြေစိုက် NEDA(အိမ်နီးချင်းနိုင်ငံများ ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်း)မှ အင်ဂျင်နီယာများကို ဖိတ်ခေါ်

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

၍ မြန်မာအင်ဂျင်နီယာများနှင့် ပူးပေါင်းလျက် မုံရွာ-ယာကြီး-ကလေးဝလမ်းမှ မြေသားညံ့သောနေရာများအား မည်ကဲ့သို့လုပ်ဆောင်ရမည်ကို လေ့လာအဖြေရှာပြီး ဆက်လက်တည်ဆောက်နိုင်ရေး ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ဗန်းမောက်မဲဆန္ဒနယ်မှ ဦးကျော်သန်း၏ **ဗန်းမောက်-အင်းတော် လမ်းအရှည်(၂၉)မိုင်အတွင်း တံတားကြီး/ငယ်ပေါင်း (၇၀)စင်းရှိရာ ယင်းလမ်းပိုင်းရှိ တံတားနှင့်လမ်းများအား ပြုပြင်မည့်အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ဗန်းမောက်-အင်းတော်လမ်းအပိုင်းသည် (၂၉)မိုင်ရှည်လျားပြီး ကသာ-အင်းတော်-မံစီလမ်းတွင် ပါဝင်ပါကြောင်း၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ခွဲဝေရရှိသည့် သာမန်ပြင်ဆင်ထိန်းသိမ်း ရန်ပုံငွေဖြင့် ကတ္တရာလမ်းအနိမ့်အမြင့် ဖြေညှိ၍ ရေပိတ်လွှာလောင်းခြင်း (၂)မိုင် (၃)ဖာလုံ၊ ကတ္တရာ ရေပိတ်လွှာလောင်းခြင်း (၅)မိုင် (၂)ဖာလုံ၊ ဘေလီတံတားများကြမ်းခင်း၊ ဘီးလမ်းလဲလှယ်ခြင်း (၂၂)စင်း၊ သစ်သားတံတားများ၏ တိုင်စင်၊ ရက်မ၊ ကြမ်းခင်း၊ ဘီးလမ်း၊ သစ်သားထည်များ အသစ်လဲလှယ်ခြင်း (၁၂)စင်း၊ သစ်သားရေပြွန်တည်ဆောက်ခြင်း (၃)စင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်-အင်းတော်လမ်းအပိုင်းသည် မိုးများသည့်ဒေသဖြစ်ခြင်း၊ အဓိကအားဖြင့် ရွှေထွက်ရာဒေသဖြစ်၍ ရွှေတူးဖော်သည့် ယန္တရားကြီးများသည် စက်သယ်ယာဉ်များ အသုံးမပြုဘဲ လမ်းမပေါ်၌ သွားလာနေခြင်းတို့ကြောင့် ပျက်စီးရခြင်းဖြစ်ပါကြောင်း၊ ယင်းလမ်းပိုင်းရှိ တုံစီချောင်းတံတား၊ နံ့သာချောင်းကူးတံတား၊ လက်ပန်တံတားတို့ကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်ရန် ရန်ပုံငွေထည့်သွင်းလျာထားပြီး ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

**အပိုင်းလိုက်ဆောင်ရွက်**

ထီးချိုင့်မဲဆန္ဒနယ်မှ ဦးစိုးစိုး၏ **မန္တလေး-တကောင်း-ကသာ-ဗန်းမော် အရှေ့မဟာဗျူဟာလမ်းမကြီးအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ မန္တလေး-တကောင်း-ကသာ-ဗန်းမော်လမ်း မဟာဗျူဟာလမ်းမကြီးကို စံချိန်စံညွှန်းပြည့်မီပြီး လမ်းအင်္ဂါရပ်နှင့်ပြည့်စုံသော ကတ္တရာလမ်းအဖြစ် သတ်မှတ်ကာလအတွင်း စနစ်တကျဆောင်ရွက်ရန်ရည်ရွယ်၍ တိုင်းရင်းသား ပုဂ္ဂလိကလုပ်ငန်းရှင်များအား B.O.T စနစ်ဖြင့် အပိုင်းလိုက် ဆောင်ရွက်ခွင့်ပြုခဲ့ပါကြောင်း၊ B.O.T ကုမ္ပဏီများ အနေဖြင့် ကတ္တရာလမ်းအဆင့် တိုးတက်တည်ဆောက်ရန် သတ်မှတ်ချက်ထားခဲ့သော်လည်း ယခုနှစ်တွင် ပြင်းထန်သည့်မိုးဒဏ်ကြောင့် လမ်းပိုင်းများ ပျက်စီးခဲ့ရခြင်း ဖြစ်ပါကြောင်း။

ပြင်ဦးလွင်ခရိုင် အဆောက်အအုံအထူးအဖွဲ့(၆)မှ အဖွဲ့ငယ်(၁၀)ဖွဲ့ဖြင့် မိုင် (၀/၀-၆၀/၃)အတွင်း လမ်းမျက်နှာပြင်ပျက်စီးမှုများနှင့် တံတားငယ်များ၏ ပျက်စီးမှုများအား ယနေ့အထိ ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ တံတားတည်ဆောက်ရေးအထူးအဖွဲ့(၁၄)ကလည်း တံတားကြီးများပျက်စီးမှုကို လမ်းအဆက်အသွယ်မပြတ်တောက်စေရန်အတွက် ယာယီဘေလီတံတားများထိုး၍ ပြင်ဆင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကချင်ပြည်နယ်အပိုင်းတွင် ပျက်စီးလျက်ရှိသော လမ်း/တံတားများနှင့်ပတ်သက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အထူးစီမံကိန်းကြီး အဖွဲ့ (၂)ဖွဲ့မှ အရှည်ပေ(၂၀)မှ (၁၁၀)အထိ တံတား (၆)စင်းကို သံကူကွန်ကရစ်တံတားများအဖြစ်လည်းကောင်း၊ ကချင်ပြည်နယ်ပြည်သူ့ဆောက်လုပ်ရေးအဖွဲ့မှ သစ်သားတံတား (၂၃)စင်းအား အမြဲတမ်းသံကူကွန်ကရစ်တံတားများ အဖြစ်လည်းကောင်း တည်ဆောက်ပြီးဖြစ်ပါကြောင်း။

လမ်းအသုံးပြုခကောက်ခံမှုနှင့်ပတ်သက်၍ လေလံရရှိထားသောကုမ္ပဏီလုပ်ငန်းရှင်များအား သတ်မှတ်သည့်နှုန်းထားအတိုင်း ကောက်ခံရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ဆောက်လုပ်ရေးအဖွဲ့များနှင့် သက်ဆိုင်ရာဒေသအာဏာပိုင်များမှတစ်ဆင့် ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ B.O.T လမ်းပိုင်းများတွင် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများအား ဆောက်လုပ်ရေးဝန်ကြီးဌာနမှ စံချိန်စံညွှန်းအတိုင်း ဆောင်ရွက်ရန် တွန်းအားပေး ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးဝင်းသိန်း၏ **ပင်လည်ဘူး-ကောလင်း မြို့ချင်းဆက်(၃၉)မိုင်ရှည်လျားသော မော်တော်ကားလမ်းမှာ သစ်ထုတ်လုပ်ငန်းများကြောင့် ဆိုးရွားစွာ ပျက်စီးနေပါသဖြင့် ပင်လည်ဘူးမြို့နှင့် ကောလင်းမြို့သို့ဆက်သွယ်သည့် လမ်းနှင့်တံတားများအား ပြုပြင်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပင်လည်ဘူး-ကောလင်းလမ်းသည် (၃၉)မိုင်ရှည်လျားပြီး ကတ္တရာလမ်းအဆင့် ဆောင်ရွက်ပြီးသည့် လမ်းတစ်လမ်းဖြစ်ပါကြောင်း၊ နှစ်စဉ် ပြင်ဆင်ထိန်းသိမ်းခြင်း၊ သစ်သားတံတားများကို သံကူကွန်ကရစ်တံတားများအဖြစ် အဆင့်မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသော်လည်း အခြေစိုက်သစ်ထုတ်လုပ်ရေးလုပ်ငန်းများမှ

**မေးမြန်း**

**တိုက်ကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဟန်စိန် မေးမြန်းစဉ်။** (သတင်းစဉ်)

**ထီးချိုင့်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးစိုး မေးမြန်းစဉ်။** (သတင်းစဉ်)

သစ်တင်ကားကြီးများကြောင့် လမ်းအဆင့်နိမ့်ကျပျက်စီးရခြင်းဖြစ်ပါကြောင်း၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ခွဲဝေရရှိသည့် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် ကတ္တရာထပ်ပိုးလွှာခင်းခြင်း (၅)မိုင် (၂)ဖာလုံ၊ လမ်းအနိမ့်အမြင့်ညှိ၍ ကတ္တရာရေပိတ်လွှာလောင်းခြင်း (၂)မိုင် (၃)ဖာလုံ၊ တံတားအမှတ် (၂/၉) အား ပေ ၄၀ အရှည် ဘေလီတံတားအသစ်တည်ဆောက်ခြင်း (၁)စင်း၊ သစ်သားတံတားအသစ်တည်ဆောက်ခြင်း (၂)စင်း၊ သစ်သားရေပြွန်တည်ဆောက်ခြင်း (၃)စင်း၊ (ဘေလီ+သစ်သား) တံတားအား ကြမ်းခင်း၊ ဘီးနင်း လဲလှယ်ခြင်း (၃)စင်း၊ သစ်သားတံတားများပြုပြင်ခြင်း (၄၅)စင်းတို့ကို ဆောင်ရွက်လျက် ရှိပါကြောင်း။

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ခွဲဝေရရှိမည့် ရန်ပုံငွေနှင့် လုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနက လမ်း-တံတားများ ပြင်ဆင်ထိန်းသိမ်းခြင်း၊ တိုးတက်အောင်တည်ဆောက်ခြင်းများ ဆောင်ရွက်နေသည့်နည်းတူ သစ်ထုတ်ကွင်းများမှ သစ်သယ်ကားများကလည်း သီးခြားလမ်းဖောက်လုပ်အသုံးပြုမှသာ ကတ္တရာလမ်းရေရှည်ခံနိုင်မည်ဖြစ်သည့်အတွက် မိမိဒေသအတွင်း၌ရှိသော လမ်းများသက်တမ်းပြည့်အသုံးပြုနိုင်ရေး ဝိုင်းဝန်း ထိန်းသိမ်းကြရမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

လှိုင်သာယာမဲဆန္ဒနယ်မှ ဦးဉာဏ်ဝင်း၏ **ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်အတွင်း ကတ္တရာလမ်း(၂၃၇)လမ်း၊ ကွန်ကရစ်လမ်း(၁၄၃) လမ်း၊ မြေသားလမ်း(၆၀၂)လမ်း စုစုပေါင်း (၉၈၂)လမ်းရှိသည့်အနက် ခင်းကျင်းဆဲကွန်ကရစ်လမ်း(၂၉)လမ်းအား မည်သည့်ကာလတွင် ပြီးစီးအောင်ခင်းကျင်းပေးမည်နှင့် မခင်းရသေးသည့် မြေသားလမ်း(၆၀၂) လမ်းအား မည်သည့်ကာလတွင် ပြီးစီးအောင်ခင်းကျင်းပေးမည်တို့ကို သိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်အတွင်းရှိ ခင်းကျင်းဆဲကွန်ကရစ်လမ်း(၂၉)လမ်းသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီကဆောင်ရွက်သောလမ်းများဖြစ်ပါကြောင်း၊ ကျန်မခင်းကျင်းရသေးသော မြေသားလမ်း(၆၀၂)လမ်းအနက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ နယ်မြေအတွင်း၌ရှိသော မြေသားလမ်းမှာ (၄၈၂)လမ်းဖြစ်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနယ်မြေအတွင်း၌ရှိသော မြေသားလမ်းမှာ လမ်းပေါင်း(၁၂၀)ဖြစ်ပါကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် တာဝန်ယူဆောင်ရွက်ရသည့် လမ်းပေါင်း (၁၂၀)ကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေတင်ပြတောင်းခံပြီး ရရှိရန်ပုံငွေအပေါ်မူတည်၍ ကွန်ကရစ်လမ်း (သို့မဟုတ်) ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီက တာဝန်ယူဆောင်ရွက်လျက်ရှိသော မြေသားလမ်း (၄၈၂)လမ်းကိုလည်း ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ကွန်ကရစ်လမ်း (သို့မဟုတ်) ကတ္တရာလမ်းအဖြစ် ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားရန် စီစဉ်ထားရှိမှုအား သိရှိရပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

**ဦးစားပေးစီစဉ်**

ကျွန်းလှမဲဆန္ဒနယ်မှ ဦးကျော်ညွန့်၏ **စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ပေပင်ချောင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲအား အခြေခံပညာအထက်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်း၊ **ကျွန်းလှမြို့နယ် သဖန်းဆိပ်ဆည်၏အနောက်ဘက်ရှိ လိပ်ဆင်းတောင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲကို အခြေခံပညာအလယ်တန်းကျောင်းအဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့် **ကျွန်းလှမြို့ သစ်ရာမြိုင်ရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်း မြေဧရိယာသည် ယခင်က (၅ ဒသမ ၅၈) ဧကရှိခဲ့ပြီး သဖန်းဆိပ်ဆည် ရေလှောင်တမံစီမံကိန်းကြောင့် ကျောင်းမြေ (၂ ဒသမ ၀၇) ဧကကို လမ်းမြေအဖြစ်ပေးခဲ့ရသဖြင့် ကျောင်းမြေမှာ (၃ ဒသမ ၅၁) ဧကသာ ကျန်ရှိတော့ပါကြောင်း၊ ကျောင်းဝင်း၏တောင်ဘက်တွင် အသုံးမပြုတော့သည့် ယခင်သစ်ရာပင် ရဲစခန်းဟောင်းနေရာ (၂ ဒသမ ၂) ဧကနှင့် ကုန်သွယ်လယ်ယာမြေ (၀ ဒသမ ၃) ဧကကို ကျောင်းမြေအဖြစ် သတ်မှတ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းများနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက အခြေခံပညာအထက်တန်းကျောင်းအဆင့်နှင့် အခြေခံပညာအလယ်တန်းကျောင်းအဆင့်များသို့ တိုးမြှင့်ဖွင့်လှစ်ရေးအတွက် အထက်တန်းကျောင်းအဆင့်နှင့် အလယ်တန်းကျောင်းအဆင့်များတွင် တက်ရောက်နေသော ကျောင်းသားဦးရေ၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုအခြေအနေများ၊ ကျောင်းဥပဓိရုပ်တို့ကို စိစစ်၍ တန်းစီဇယားပြုစုထားပါကြောင်း၊ ယင်းဦးစားပေး အစီအစဉ်များအတိုင်း အခြေခံပညာအထက်တန်းကျောင်းအဆင့်နှင့် အခြေခံပညာ အလယ်တန်းကျောင်းအဆင့်များသို့ တိုးမြှင့်ဖွင့်လှစ်ရေးအတွက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဖွဲ့စည်းပုံစိစစ်ရေးအဖွဲ့သို့ တင်ပြထောက်ခံချက်ရရှိပြီးပါက ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးသို့ တင်ပြခွင့်ပြုချက်ဖြင့် အဆင့်တိုးမြှင့်ဖွင့်လှစ်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ဖြစ်၍ စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ပေပင်ချောင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (ခွဲ) နှင့် လိပ်ဆင်းတောင် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) တို့ကို ဦးစားပေးအစီအစဉ်အတိုင်း ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် သစ်ရာမြိုင်ရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်း၏ ကျောင်းမြေနှင့်ကပ်လျက်ရှိသော ကုန်သွယ်လယ်ယာမြေ (၀ ဒသမ ၃) ဧကသည် လက်ရှိအသုံးမပြုတော့သည်မှာ မှန်ကန်ပါကြောင်း၊ ကုန်သွယ်လယ်ယာမြေနှင့်ကပ်လျက် သစ်ရာပင် ရဲစခန်းဟောင်းမြေနေရာ (၂ ဒသမ ၂ )ဧကတွင် သစ်ရာပင်ရဲစခန်းမရှိတော့သော်လည်း ရဲကင်းအဖြစ် ဆက်လက်တည်ရှိနေပါကြောင်း၊ အဆိုပါကုန်သွယ်လယ်ယာမြေ (၀ ဒသမ ၃) ဧကနှင့် သစ်ရာပင်ရဲစခန်းဟောင်းမြေနေရာ (၂ ဒသမ ၂)ဧကတို့အား သက်ဆိုင်ရာဝန်ကြီးဌာနများမှ လွှဲပြောင်းပေးမည်ဖြစ်သည့်အတွက် ပညာရေးဝန်ကြီးဌာနအနေဖြင့် လုပ်ထုံးလုပ်နည်းများအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

အဆိုဆွေးနွေးခြင်းကဏ္ဍတွင် ယမန်နေ့က တင်သွင်းခဲ့သော သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်၏ **"၁၉၅၀ပြည့်နှစ် အရေးပေါ်စီမံမှုအက်ဥပဒေ (အက်ဥပဒေအမှတ် ၁၇/၁၉၅၀)ကို ရုပ်သိမ်းပေးပါရန်"** အဆိုကို လွှတ်တော် ကိုယ်စားလှယ်(၄)ဦးက ဆွေးနွေးကြသည်။

မြဝတီမဲဆန္ဒနယ်မှ ဦးသန်းဦးကဆွေးနွေးရာတွင် ၁၉၅၅ ခုနှစ်မှစ၍ ယနေ့အထိ ပြင်ဆင်ဖြည့်စွက်ပယ်ဖျက်ခဲ့သော ဥပဒေများစွာရှိပါကြောင်း၊ ယင်းသို့ ရုပ်သိမ်းခဲ့ရာတွင် တည်ဆဲဥပဒေများအနက် အချို့ဥပဒေများသည် ပြောင်းလဲလာသည့် အခြေအနေနှင့် ဆီလျော်မှုမရှိခြင်း၊ အချိန်ကာလကြာမြင့်စွာ ကျင့်သုံးမှုမရှိတော့ခြင်း၊ အနာဂတ်ကာလတွင် ကျင့်သုံးရန်အကြောင်းမရှိတော့ခြင်း စသည့်အကြောင်းများကြောင့် ဖြစ်သည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ *စာမျက်နှာ ၄ ကော်လံ ၁ သို့*

31-8 (03).pmd 1 8/31/2011, 3:21 AM

*စာမျက်နှာ ၃ မှ*

တည်ဆဲဥပဒေတစ်ရပ်သည် နိုင်ငံတော်နှင့် အများပြည်သူအတွက် အကျိုး ရှိ /မရှိ၊ လက်ရှိအခြေအနေနှင့် ဆီလျော်မှု ရှိ/မရှိ၊ နိုင်ငံတော်ကကျင့်သုံးနေသော ဈေးကွက်စီးပွားရေးစနစ်နှင့် လိုက်လျောညီထွေ ရှိ/မရှိ ဆိုသည့် အချက်များပေါ်မူတည်ပြီး စိစစ်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ၁၉၅၀ ပြည့်နှစ် အရေးပေါ်စီမံမှုအက်ဥပဒေပါ ပြဋ္ဌာန်းချက်များသည် နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနှင့်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးအတွက် အလွန်အရေးကြီးပြီး မရှိမဖြစ် လိုအပ်သောဥပဒေတစ်ရပ်ဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ယင်းအဆိုကို ပြန်လည်ရုပ်သိမ်းသင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

### အထူးအလေးပေး

နတ်မောက်မဲဆန္ဒနယ်မှ ဦးအောင်ကျော်စိုးက ဆွေးနွေးရာတွင် ၁၉၅၀ ပြည့်နှစ် အရေးပေါ်စီမံမှုအက်ဥပဒေအပေါ် လေ့လာတွေ့ရှိချက်များအရ နိုင်ငံတော်လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးတို့အတွက် ပြဋ္ဌာန်းချက်များပါရှိသကဲ့သို့ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ စီးပွားရေး၊ အခွန်ကောက်ခံရေး၊ ကိုယ်ကျင့်တရားနှင့် စည်းကမ်းထိန်းသိမ်းရေး၊ တရားဥပဒေလမ်းကြောင်းအတိုင်း လိုက်နာဆောင်ရွက်ရေး စသည်တို့နှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များလည်းပါရှိပါကြောင်း၊ ထို့ပြင် အများပြည်သူများနှင့်သက်ဆိုင်သည့်ကိစ္စ၊ အများပြည်သူများ ဒုက္ခမဖြစ်စေရန်၊ အသက်မဆုံးရှုံးစေရန်၊ အများပြည်သူတို့ အသက်အန္တရာယ် သို့မဟုတ် လုံခြုံမှုဘေးအန္တရာယ် မဖြစ်စေရန်စသည်ဖြင့် အများပြည်သူတို့နှင့်သက်ဆိုင်သည့်ကိစ္စရပ်များကိုလည်း အထူးအလေးပေး ထည့်သွင်းပြဋ္ဌာန်းထားသည်ကို တွေ့ရပါကြောင်း၊ သို့ဖြစ်ပါ၍ ၁၉၅၀ ပြည့်နှစ် အရေးပေါ်စီမံမှုအက်ဥပဒေကို ရုပ်သိမ်းပယ်ဖျက်ရန်မသင့်ဘဲ နိုင်ငံတော်နှင့် အများပြည်သူ၏ အသက်အိုးအိမ်စည်းစိမ်တို့ကို ကာကွယ်စောင့်ရှောက်မှုပေးသည့် အထူးဥပဒေတစ်ရပ်ဖြစ်ပါသဖြင့် တည်ဆဲဥပဒေတစ်ရပ်အဖြစ် ဆက်လက်ထားရှိသင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ဝန်းသိုမဲဆန္ဒနယ်မှ ဦးစိုးပိုင်က ဆွေးနွေးရာတွင် ၁၉၅၀ ပြည့်နှစ် အရေးပေါ်စီမံမှုအက်ဥပဒေတွင် အများပြည်သူကို ကာကွယ်သည့် အချက်များစွာ ပါဝင်နေသည်ကိုတွေ့ရှိရကြောင်း၊ ဥပဒေဆိုသည်မှာ ပြည်သူကို ကာကွယ်စောင့်ရှောက်ရန်ပြဋ္ဌာန်းရခြင်းဖြစ်ရာ ဤဥပဒေအနေဖြင့်ပြည်သူကိုယနေ့တိုင်ကာကွယ်ပေးနေသည့်အတွက် ဆက်လက်တည်မြဲနေမှာပင်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အားဆန့်ကျင်နေသည့် ပြည်တွင်းပြည်ပအဖွဲ့အစည်းအချို့သည် တပ်မတော်သားများ၊ ပြည်သူ့ဝန်ထမ်းများက နိုင်ငံတော်အပေါ် အထင်လွဲမှားပြီး ဆန့်ကျင်စေရန်၊ တာဝန်ပျက်ကွက်စေရန်လှုံ့ဆော်ခြင်း၊ အေးချမ်းတည်ငြိမ်မှုကို ပျက်ယွင်းစေရန် မမှန်သတင်းထုတ်လွှင့်ခြင်း၊ နိုင်ငံတော်၏စီးပွားရေးအခြေအနေ ပျက်ယွင်းစေရန်ဆောင်ရွက်ခြင်း၊ လက်နက်ကိုင်အဖွဲ့အစည်းအချို့သည် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့၏ တာဝန်ထမ်းဆောင်နေမှုများအပေါ် ဟန့်တားပစ်ခတ်တိုက်ခိုက်ခြင်း၊ လမ်းတံတားများကို ဖောက်ခွဲဖျက်ဆီးခြင်းတို့ကို ကျူးလွန်လျက်ရှိရာ ယင်းကျူးလွန်မှုမျိုးများကို အရေးပေါ်စီမံမှုအက်ဥပဒေအရ အရေးယူမှသာလျှင် ထိရောက်မှုရှိမည်ဟု သုံးသပ်တွေ့ရှိရပါကြောင်း၊ သို့ဖြစ်၍ ဤဥပဒေအားရုပ်သိမ်းပေးရန်မသင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ဆော့လော်မဲဆန္ဒနယ်မှ ဦးဇောင်းခေါင်က ဆွေးနွေးရာတွင် အရေးပေါ် စီမံမှုအက်ဥပဒေကို တိုင်းပြည်ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအတွက်ပြဋ္ဌာန်းထားခြင်းဖြစ်သည်ဟု နားလည်သဘောပေါက်ပါကြောင်း၊ ဥပဒေသည် မရှိမဖြစ် လိုအပ်သကဲ့သို့ ဥပဒေကိုလက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရသူများလည်း ဥပဒေနှင့် အမြဲဒွန်တွဲလျက်ရှိနေပါကြောင်း၊ ဥပဒေကိုလက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နေသူအချို့၏ အားနည်းချက်ကိုထောက်ပြပြီး ဥပဒေများကိုရုပ်သိမ်းမည်ဆိုပါက ရုပ်သိမ်း၍ ပြီးနိုင်မည်မဟုတ်ပါကြောင်း၊ အဆိုရှင်၏ခံစားချက်၊ ယုံကြည်ချက်တစ်ခုတည်းအပေါ်မူတည်ပြီး ပြည်သူများ၏လိုအပ်ချက်ကို မျက်ကွယ်မပြုသင့်ပါကြောင်း၊ သို့ဖြစ်၍ ယင်းအဆိုကို မထောက်ခံပါကြောင်းဖြင့်ဆွေးနွေးသည်။

### ကြိုတင်ကာကွယ်

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် နိုင်ငံတော်လုံခြုံရေးကိုဖြစ်စေ၊ အများပြည်သူတို့၏ အေးချမ်းသာယာရေးကိုဖြစ်စေ ထိပါးမည့် အန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရန်လည်းကောင်း၊ နိုင်ငံသားများ၏ မူလအခွင့်အရေးများကိုမထိခိုက်စေဘဲ နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်နိုင်ရန်လည်းကောင်း၊ နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှကာကွယ်စောင့်ရှောက်သည့်ဥပဒေကို ၁၉၇၅ ခုနှစ် ပြည်သူ့လွှတ်တော်ဥပဒေအမှတ်(၃)ဖြင့် ပြဋ္ဌာန်းခဲ့ပါကြောင်း၊ ယင်းဥပဒေသည် ၁၉၇၅ ခုနှစ် ပြစ်မှုကျူးလွန်သူတစ်ဦးဦးအား ပြစ်ဒဏ်ချမှတ်ရန် ပြဋ္ဌာန်းထားသောဥပဒေမဟုတ်ဘဲ ဖော်ပြပါလုပ်ဆောင်ချက်များကို လုပ်ဆောင်သူတစ်ဦးအား ၎င်း၏ မူလအခွင့်အရေးတစ်ရပ်ရပ်ကို လိုအပ်သလို ကန့်သတ်မိန့်ချမှတ်နိုင်ရန်အတွက်သာ ပြဋ္ဌာန်းထားသောဥပဒေဖြစ်ပါကြောင်း၊ တစ်နည်းအားဖြင့် ဤဥပဒေသည် အရေးယူခြင်းခံရသူအား သက်ဆိုင်ရာရဲစခန်း၌ အမှုဖွင့်အရေးယူဆောင်ရွက်ခြင်းမျိုးမဟုတ်ဘဲ နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် နိုင်ငံတော်လုံခြုံရေးကိုဖြစ်စေ၊ အများပြည်သူတို့၏ အေးချမ်းသာယာရေးကိုဖြစ်စေ ထိပါးမည့်အန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် ဖမ်းဆီး ချုပ်နှောင်ခြင်းနှင့် တားဆီးမှုပြုလုပ်ခြင်းကို ဆောင်ရွက်နိုင်ရန် ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပါကြောင်း။

၁၉၅၀ပြည့်နှစ် အရေးပေါ်စီမံမှုအက်ဥပဒေ (အက်ဥပဒေအမှတ်-၁၇/ ၁၉၅၀)၌ နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးတာဝန်ဆောင်ရွက်နေသည့် တပ်မတော်နှင့်ရဲတပ်ဖွဲ့ဝင်များ၏ သွားလာလှုပ်ရှားမှုအခြေအနေကို သောင်းကျန်းသူသို့ သတင်းပို့ခြင်း၊ လှုပ်ရှားဆောင်ရွက်မှု နှောင့်နှေးပျက်ပြားစေရန် ပြုမူခြင်းတို့အတွက် ပြစ်မှုနှင့် ပြစ်ဒဏ်များကို ပုဒ်မ ၂နှင့် ၃တို့တွင် ဖော်ပြပါရှိပါကြောင်း၊ နိုင်ငံတော်ပုန်ကန်မှု ကျူးလွန်သူအား ကူညီခြင်းအတွက် ပြစ်မှုနှင့် ပြစ်ဒဏ်ကို ပုဒ်မ ၄ တွင် ဖော်ပြပါရှိပါကြောင်း၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေး၊ လုံခြုံရေး၊ အေးချမ်းသာယာရေး စသည့်ဖောက်ဖျက်မှုများနှင့် ပတ်သက်ပြီး ပြစ်မှုနှင့်ပြစ်ဒဏ်ကို ပုဒ်မ ၅ အပိုဒ် (က)မှ (ဠ)အထိ ဖော်ပြပါရှိပါကြောင်း၊ အစိုးရသုံး အဆောက်အအုံ၊ ယာဉ်၊ စက်ပစ္စည်းများ၊ လမ်းတံတားများ၊ ရေစက်ရေပိုက်များ စသည်တို့ကို ပျက်စီးစေမှုနှင့် အများပြည်သူ အသက်အန္တရာယ်နှင့် လုံခြုံမှု ထိခိုက်စေရန် ယာဉ်၊ လမ်းတံတား၊ ကန်နှင့်ဆည်တို့ကို ဖျက်ဆီးမှုအတွက် ပြစ်မှုပြစ်ဒဏ်များကို ပုဒ်မ ၆-ကတွင် ဖော်ပြပါရှိပါကြောင်း၊ သောက်သုံးရေ အဆိပ်ခတ်မှုနှင့် စစ်တပ်ပိုင်၊ စစ်တပ်သုံးပစ္စည်း ဖျက်ဆီးရွှေ့ပြောင်းမှု အတွက် ပြစ်မှုပြစ်ဒဏ်ကို ပုဒ်မ ၇တွင် ဖော်ပြပါရှိပါကြောင်း၊ ၁၉၅၀ ပြည့်နှစ် အရေးပေါ်စီမံမှု အက်ဥပဒေအရ ဆောင်ရွက်ရသည့် မှုခင်းများသည် နိုင်ငံတော်အတွက် အရေးကြီးသော မှုခင်းများဖြစ်သည့်အတွက် တရားစွဲဆိုနိုင်ရန် ပြည်ထဲရေးဝန်ကြီးဌာန၏ သဘောတူညီချက်ရယူပြီးမှ ဆောင်ရွက်ရသော အမှုဖြစ်ပါကြောင်း။

### ရှင်းလင်းဆွေးနွေး

နိုင်ငံတော်၏ လုံခြုံရေး၊ ငြိမ်ဝပ်ပိပြားမှု ပြန်လည်တည်ထောင်ရေး၊ တရားဥပဒေ စိုးမိုးရေးတို့အတွက် ရာဇသတ်ကြီးဥပဒေပြဋ္ဌာန်းချက်ပါ ပြစ်မှုပြစ်ဒဏ်များသည် ထိရောက်ဟန့်တားနိုင်သော အခြေအနေမရှိခြင်း၊ ပြည်ထောင်စု၏ လုံခြုံရေးကိုသော်လည်းကောင်း၊ ငြိမ်ဝပ်ပိပြားမှု ပြန်လည်ထူထောင်ရေးကိုလည်းကောင်း ထိခိုက်စေရန်အကြောင်းရှိသည့် နည်းလမ်းများနှင့် အများပြည်သူတို့၏ ကိုယ်ကျင့်တရားကိုဖြစ်စေ၊ အပြုအမူကိုဖြစ်စေ ပြစ်မှုကျူးလွန်သူများအား ပိုမိုထိရောက်ဟန့်တားနိုင်စေရန်အတွက် အရေးယူဆောင်ရွက်နိုင်ရန် ပြဋ္ဌာန်းခဲ့ခြင်းတို့ကြောင့် ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ် စီမံချက်အက်ဥပဒေအား ရုပ်သိမ်းရန်မသင့်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်း ဆွေးနွေးသည်။

ဦးသိန်းညွှန့်၏ အဆိုနှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ရယူရာ ကန့်ကွက်သည့် ကိုယ်စားလှယ် ဦးရေကများသည့်အတွက် လွှတ်တော်က အတည်မပြုကြောင်း ဆုံးဖြတ်သည်။

အဆိုတင်သွင်းခြင်းကဏ္ဍတွင် တွံတေးမဲဆန္ဒနယ်မှ ဦးစိုးသာက **"အမေရိကန်ဒေါ်လာနှင့် မြန်မာငွေလဲလှယ်မှုနှုန်းကျဆင်းမှုကြောင့် ကြုံတွေ့နေရသော စီးပွားရေးလုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရေး ဆောင်ရွက်ပေးပါရန်"** အဆိုကို တင်သွင်းရာ အဆိုနှင့် စပ်လျဉ်း၍ ဩဂုတ် ၃၁ ရက်တွင် ဆွေးနွေးမည်ဖြစ်ပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ယနေ့ညနေပိုင်း၌ အမည်စာရင်းတင်သွင်းနိုင်ကြောင်း သိရှိရသည်။

ဆက်လက်၍ ခရမ်းမဲဆန္ဒနယ်မှ ဦးမောင်မောင်သိမ်းက **"ငွေတိုက်စာချုပ် ဝယ်ယူစုဆောင်းငွေအပေါ်မှ ရရှိသည့်အတိုးအပေါ် ဝင်ငွေခွန်ကင်းလွတ်ခွင့်ရရှိရေး"** အဆိုကို တင်သွင်းရာ ယင်းအဆိုသည် ဥပဒေကြောင်းအရ ပြန်လည်စိစစ်ရမည့်ကိစ္စဖြစ်သဖြင့်အဆိုနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက သက်ဆိုင်ရာဥပဒေအဆင့်ဆင့်ကို ပြန်လည်လေ့လာသုံးသပ်ပြီး အစီရင်ခံတင်ပြရန်နှင့် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အပေါ်မူတည်၍ ဆက်လက်ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

ထို့ပြင် ပျဉ်းမနား မဲဆန္ဒနယ်မှ ဦးလှမြင့်ဦးက **"နိုင်ငံ့ဝန်ထမ်းများအား ရွေးချယ်ခန့်ထားရေး၊ ရာထူးတိုးမြှင့်ရေးများကို ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီဆောင်ရွက်ရေး"** အဆိုကို တင်သွင်းရန်ဖြစ်သော်လည်း မေးခွန်းအဖြစ် ပြောင်းလဲမေးမြန်းရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူက ပြန်လည်ဖြေကြားသည်။

### မူကြမ်းရေးဆွဲ

ယင်းသို့ မေးမြန်းဖြေကြားရာတွင် ပျဉ်းမနားမဲဆန္ဒနယ်မှ ဦးလှမြင့်ဦး၏ **နိုင်ငံ့ဝန်ထမ်းများ ခန့်ထားခြင်းနှင့် ရာထူးတိုးမြှင့်ခြင်းဆိုင်ရာကိစ္စရပ်များကို တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းများနှင့်အညီ တိတိကျကျ လိုက်နာဆောင်ရွက်ရေးနှင့်ပတ်သက်၍ သတ်မှတ်ချက်အတိုင်း လိုက်နာဆောင်ရွက်မှုမရှိဘဲ လက်သိပ်ထိုးခေါ်ယူခန့်ထားမှု၊ စုဆောင်းမှုများရှိရာ ထိုကိစ္စရပ်များပပျောက်အောင် မည်သို့စီစဉ်ဆောင်ရွက်ထားသည်၊ ထိုက်တန်သော ဘွဲ့ရလူငယ်များ အလုပ်အကိုင်ရရှိရေးကို မထိပါးစေရေးအတွက် နိုင်ငံ့ဝန်ထမ်းဝင်ပေါက်ရာထူးအလိုက် အခါအားလျော်စွာ စုဆောင်းရွေးချယ်ရေးနှင့် ပတ်သက်၍ မည်သို့ညှိနှိုင်းဆောင်ရွက်ရန် အစီအစဉ်ရှိသည်၊ ရာထူးတိုးမြှင့်ရေးလမ်းကြောင်း (Line of Promotion) မှန်ကန်မှုမရှိဘဲ မိမိလိုလားသူ ဝန်ထမ်းလုပ်သက်ပြည့်သည့်အခါမှ တစ်ပေါင်းတည်းစဉ်းစားရာထူးပေးခြင်းမျိုး ပပျောက်အောင် မည်သို့ စီစဉ်ဆောင်ရွက်ထားသည်နှင့် ၁၉၉၂ ခုနှစ်က ထုတ်ပြန်ခဲ့သည့်ညွှန်ကြားချက်၌ အရည်အချင်း(၈)ချက်သတ်မှတ်ပြီး အထူးကိစ္စတစ်ရပ်အဖြစ် ရာထူးတိုးမြှင့်ပေးရန် စဉ်းစားခွင့်ပြုခဲ့ခြင်းအပေါ် ဝန်ထမ်းများမည်သို့ခံစားခွင့်ရှိသည်တို့နှင့်ပတ်သက်ပြီး သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ အတည်ပြုပြဋ္ဌာန်းပြီးဖြစ်သည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေနှင့်အညီ လိုက်လျောညီထွေစွာ လိုက်နာကျင့်သုံးနိုင်ရန်အတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ နည်းဥပဒေမူကြမ်းကို ရေးဆွဲပြုစုပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ အကြံပြုသဘောထားမှတ်ချက်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ တောင်းခံရယူခဲ့ပါကြောင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဥပဒေစကားရပ်များနှင့်အညီ ပြန်လည်ပြင်ဆင်ပြုစုပြီးနောက် ပေးပို့လာသည့် ယင်းဥပဒေမူကြမ်းအား နိုင်ငံတော်သမ္မတရုံးသို့ တင်ပြထားပြီးဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတရုံးသို့ တိုက်ရိုက်တင်ပြရခြင်းမှာလည်း ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၆ (က)အရ နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်ကွပ်ကဲမှုအောက်ရှိ အဖွဲ့အစည်းဖြစ်သည့်အတွက် ဤကဲ့သို့တင်ပြရခြင်းဖြစ်ပါကြောင်း၊ ယင်းနောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေပုဒ်မ ၂၇(က) နှင့်အညီ ပြည်ထောင်စုရာထူးဝန်အဖွဲ့ နည်းဥပဒေကို ထုတ်ပြန်နိုင်ရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တင်ပြခွင့်ပြုချက်ရယူရန် စီစဉ်ထားရှိပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်ကို တိတိကျကျ ပြဋ္ဌာန်းနိုင်စေရန်အတွက် နိုင်ငံ့ဝန်ထမ်းဆိုင်ရာ ပြည်ထောင်စုဥပဒေ(မူကြမ်း)ကိုလည်း ဤအဖွဲ့အနေဖြင့် မူကြမ်းရေးသားပြုစုလျက်ရှိပါကြောင်း၊ အဆိုပါဥပဒေမူကြမ်းကိုလည်း လုပ်ထုံးလုပ်နည်းနှင့်အညီ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ သဘောထားမှတ်ချက်ရယူခြင်း၊ နိုင်ငံတော်သမ္မတထံသို့ တင်ပြလမ်းညွှန်မှုခံယူခြင်း၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့သို့ ပေးပို့တင်ပြခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းရွက်လိုသူများအတွက် တူညီသော အခွင့်အလမ်းရရှိစေရေးနှင့်ပတ်သက်၍ ပြန်တမ်းဝင်အရာရှိဝင်ပေါက်ရာထူးနေရာအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဤအဖွဲ့သို့ စုဆောင်းရွေးချယ်ပေးရန် လစ်လပ်ရာထူးနေရာ၊ အသက်နှင့် ပညာအရည်အချင်း ကန့်သတ်ချက်၊ ဌာနဆိုင်ရာ၏သီးခြားကန့်သတ်ချက်စသည်တို့ဖြင့် အဆိုပြုကမ်းလှမ်းလာသည့်အခါတွင် လစဉ်ပုံမှန်ပြုလုပ်သည့်အဖွဲ့ အစည်းအဝေးတွင် အဆိုပြုချက်အမှာစာကိုတင်ပြ၍ အဖွဲ့၏ဆုံးဖြတ်ချက်အရ ကြော်ငြာခေါ်ယူရန်ဆောင်ရွက်ပါကြောင်း၊ ကြော်ငြာခေါ်ယူပြီး ပြင်ပမှ ပုဂ္ဂိုလ်များနှင့် နိုင်ငံ့ဝန်ထမ်းများအား နေပြည်တော်တွင် စာစစ်ဌာနဖွင့်လှစ်ကာ မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတဆိုင်ရာ ဘာသာရပ်မေးခွန်းလွှာ(၃)ခုဖြင့် ရေးဖြေစာမေးပွဲ စစ်ဆေးမှုပြုလုပ်ဆောင်ရွက်ပါကြောင်း၊ ရေးဖြေစာမေးပွဲအောင်မြင်ပြီး လျှောက်ထားရာထူးအတွက် သင့်လျော်သူများကို အဖွဲ့၏အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် လူတွေ့စစ်မေးမည့်ဦးရေ အတည်ပြုသတ်မှတ်ပြီး လူတွေ့၊ နှုတ်ဖြေ စစ်ဆေးမှုပြုလုပ်ပါကြောင်း၊ ၎င်းအဆင့်ပြီးမှ ရမှတ်အများအနည်းအပေါ်မူတည်၍ ကြီးစဉ်ငယ်လိုက်ဇယားရေးဆွဲပြီးနောက် လစ်လပ်သည့် ရာထူးနေရာအတွက် အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များပါဝင်သော ဘုတ်အဖွဲ့ဖြင့် ရွေးချယ်ပေးပါကြောင်း၊ ပြန်တမ်းဝင်အရာရှိမဟုတ်သည့် အမှုထမ်းများစုဆောင်းခေါ်ယူခြင်းသည် သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့အစည်းများမှ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြခွင့်ပြုချက်ရယူရာ ၎င်းတို့၏ စီမံခန့်ခွဲမှုအစီအစဉ်အရ ရွေးချယ်ခန့်ထားခြင်းဖြစ်ပါကြောင်း၊ အချို့ဝန်ကြီးဌာနများသည် အကြောင်းအမျိုးမျိုးကြောင့် လစ်လပ်ရာထူးနေရာများကို ပုံမှန်ဖြည့်တင်းနိုင်ခြင်းမရှိခဲ့သည့်အတွက် နှစ်ကာလအနည်းငယ်ကြာပြီးမှ ကြော်ငြာခေါ်ယူစုဆောင်းနိုင်ခြင်း၊ သို့အတွက်လည်း ဝန်ထမ်းအဖွဲ့အစည်းအတွင်း ခါးဆက်ပြတ်ခြင်းရှိနိုင်သည်ဆိုခြင်းမှာ ထိုက်သင့်သလောက်မှန်ကန်သည့်အနေအထားရှိပါကြောင်း၊ သို့အတွက်လည်း အဖွဲ့အစည်းနှင့် ဝန်ကြီးဌာနများအနေဖြင့် မိမိတို့ရုံးဌာနများတွင် နိုင်ငံ့ဝန်ထမ်းများ ခါးဆက်ပြတ်မှုမရှိရအောင် မိမိဌာနအလိုက် ဝင်ပေါက်ရာထူး(ပြန်တမ်းဝင်အရာရှိ) လစ်လပ်မှုကို မျက်ခြည်မပြတ် လေ့လာချိန်ဆကာ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြခွင့်ပြုချက်ရယူပြီး ဤအဖွဲ့သို့ အဆိုပြုကမ်းလှမ်းလာပါက အဖွဲ့အနေဖြင့် စည်းစနစ်တကျ စုဆောင်းရွေးချယ်ခန့်ထားပေးသွားမည် ဖြစ်ပါကြောင်း။

### နိုင်ငံ့ဝန်ထမ်းကောင်းများ

နိုင်ငံ့ဝန်ထမ်းများအား ရာထူးတိုးမြှင့်ခြင်းဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ အချို့ဝန်ကြီးဌာနများက အထူးကိစ္စရပ်အနေဖြင့် ရာထူးတိုးမြှင့်ပေးရန် ဤအဖွဲ့သို့ တင်ပြခြင်းများလည်းရှိခဲ့ပါကြောင်း၊ အဆိုပါကိစ္စရပ်မျိုးတွင် ဤအဖွဲ့အနေဖြင့် ပုံမှန် ပြုလုပ်သော အဖွဲ့အစည်းအဝေး၌ ခွင့်ပြုသင့်/မသင့်ကို သတ်မှတ်ထားသောစံနှုန်း (၈)ချက်နှင့်ချိန်ထိုး၍ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အချို့ကိစ္စရပ်များမှာ လျော်ကန်မှုမရှိခြင်း၊ သတ်မှတ်မူဘောင်နှင့်ကိုက်ညီမှုမရှိခြင်းတို့ကြောင့် ငြင်းပယ်ခဲ့ရခြင်းရှိသကဲ့သို့ အမှာစာအများစုအား လျှော့ပေါ့စွာဖြင့် စဉ်းစားခွင့်ပြုပေးခဲ့ပါကြောင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိပြီး ပိုမို၍စွမ်းရည်ပြည့်ဝကာ နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးသယ်ပိုးထမ်းရွက်နိုင်မည့် နိုင်ငံ့ဝန်ထမ်းကောင်းများ ရွေးချယ်၊ ပြုစုပျိုးထောင်နိုင်ရန် ရှေ့လုပ်ငန်းစဉ်များ စနစ်တကျချမှတ်စီစဉ်နေပြီဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ဥပဒေကြမ်းတင်သွင်းခြင်းကဏ္ဍတွင် ဟသ်ာတမဲဆန္ဒနယ်မှ ဦးဌေးဦးက **"၂၀၁၁ ခုနှစ် လယ်ယာမြေဥပဒေကြမ်း"** ကို တင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ်(၁)ဦးက ထောက်ခံဆွေးနွေးသည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူဆုံးဖြတ်ပြီး အဆိုပါဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီသို့ လွှဲအပ်မည်ဖြစ်သည်။

ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကို မွန်းလွဲ ၂ နာရီ မိနစ် ၄၀ တွင် ရပ်နားပြီး အစည်းအဝေး အဋ္ဌမနေ့ကို ဩဂုတ် ၃၁ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

---

## ဥပဒေအရာရှိ မွမ်းမံသင်တန်း အမှတ်စဉ်(၂၅)ဆင်းပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဩဂုတ် ၃၀**

ဥပဒေအရာရှိ မွမ်းမံသင်တန်း အမှတ်စဉ်(၂၅) ဆင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုရှေ့နေချုပ်ရုံး မြေညီထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်က ဥပဒေအရာရှိသင်တန်းသားများအား သင်တန်း၌ သင်ယူခဲ့မှုများအပေါ်အခြေခံပြီး မိမိတို့ တာဝန်ကျရာဒေသများတွင် နိုင်ငံတော်၏ အကျိုး၊ ပြည်သူတို့၏အကျိုးကို ထမ်းဆောင်နိုင်သော အရည်အသွေး မြင့်မားသည့် ဥပဒေအရာရှိများအဖြစ် တာဝန်များ ထမ်းဆောင်သွားကြရန် မှာကြားသည်။

### တက်ရောက်

ယင်းနောက် ပြည်ထောင်စုရှေ့နေချုပ်နှင့် ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးတို့က သင်တန်းတွင် ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိကြသော ဥပဒေအရာရှိ သင်တန်းသားများအား ဆုများပေးအပ်ကြသည်။ အဆိုပါသင်တန်းသို့ ဥပဒေအရာရှိသင်တန်းသား ၃၀ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် မလေးရှားနိုင်ငံလွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် ဩဂုတ် ၃၁**

၂၀၁၁ ခုနှစ် ဩဂုတ် ၃၁ ရက်တွင် ကျရောက်သော မလေးရှားနိုင်ငံ၏ (၅၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဒါတွတ် အာနီဖာ ဘင် ဟာဂျီ အာမန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

**ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင် ဥပဒေအရာရှိ မွမ်းမံသင်တန်း အမှတ်စဉ် (၂၅)တွင် ဆုရရှိသည့် ဥပဒေအရာရှိသင်တန်းသားတစ်ဦးအား ဆုပေးအပ်စဉ်။** (သတင်းစဉ်)

◆ *ကျောဖုံးမှ*

သို့ဖြစ်၍ အဆိုပါ သင်တန်းသားများအနေဖြင့် မိမိတက်ရောက်ရမည့် သင်တန်းကျောင်းများသို့ အချိန်မီသတင်းပို့ရန်ဖြစ်ကြောင်းနှင့် သင်တန်းသား အမည်စာရင်းများကို Basic English Skill Test (BEST) စာမေးပွဲ ဖြေဆိုခဲ့သည့် မြန်မာနိုင်ငံကုန်သွယ်ရေးကြောင်းကောလိပ်၌ ထုတ်ပြန်ကြေညာထားပြီးဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

**သစ်တောသစ်ပင်ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုးအလှတိုး**

# မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံး ပဉ္စမအကြိမ်မြောက် သက်ကြီးသဘင်ပညာရှင်များ ပူဇော်ကန်တော့ပွဲကျင်းပ သက်ကြီးသဘင်ပညာရှင်များအား အလှူငွေနှင့် ကန်တော့ပစ္စည်းများပေးအပ်

ရန်ကုန် ဩဂုတ် ၃၀

မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံး၏ ပဉ္စမအကြိမ်မြောက် သက်ကြီးသဘင်ပညာရှင်များ ပူဇော်ကန်တော့ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ ရန်ကုန်မြို့တော်ဝန် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှမြင့်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံးနှင့် မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံးတို့မှ ဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံးဥက္ကဋ္ဌ ဦးစိန်မာဒင်နှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ၊ မြို့နယ်သဘင်ပညာရှင်များ အစည်းအရုံးများမှ ဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ကန်တော့ခံသက်ကြီးသဘင်ပညာရှင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံး အတွင်းရေးမှူး ဦးအောင်တင်ဝင်းက ၁၉၉၂ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည့် မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံး၏ ရည်ရွယ်ချက် (၆)ရပ်အနက် ရည်ရွယ်ချက်တစ်ရပ်ဖြစ်သော သဘင်ပညာရှင်များ၏ သာရေး၊ နာရေးကိစ္စအဝဝတွင် ပံ့ပိုးကူညီဆောင်ရွက်ရန်ဟု ဖော်ပြပါရှိသည့်အတိုင်း သက်ကြီးသဘင်ပညာရှင်များ ပူဇော်ကန်တော့ပွဲကို နှစ်စဉ်နှစ်တိုင်း ကျင်းပနိုင်ခဲ့ပါကြောင်း။

သဘင် အနုပညာရှင်များသည် နယ်ချဲ့ဆန့်ကျင်ရေးနှင့် လွတ်လပ်ရေး လှုပ်ရှားမှုများတွင် အခြားသော စာပေ၊ ဂီတ၊ ရုပ်ရှင်နှင့် ရိုးရာပန်းပညာရှင်များနှင့်အတူ လက်တွဲပြီး ပြည်သူတစ်ရပ်လုံးအား အဆိုပါလှုပ်ရှားမှုများတွင် ပါဝင်လာကြစေရန် သဘင်၊ အနုပညာဖြင့် စည်းရုံးလှုံ့ဆော်အကျိုးပြုခဲ့ကြသည်မှာ သမိုင်းတစ်လျှောက် အထင်အရှားဖြစ်ပါကြောင်း။

မျက်မှောက်ခေတ်တွင်လည်း သဘင်အနုပညာရှင်များသည် ကောင်းသော အစဉ်အလာများအား ဆက်လက်ထိန်းသိမ်းပြီး မြန်မာ့ရိုးရာ သုခုမသဘင်အနုပညာရပ်များကို ထိန်းသိမ်းဖော်ထုတ်မြှင့်တင်ပြန့်ပွားလာစေရေး ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် ပြည်သူများအား ဖျော်ဖြေမှုအပြင် အသိအမြင်၊ အတွေးအခေါ်များပါပေးသည့် အင်အားစုအဖြစ် ကြိုးပမ်းဖော်ဆောင်ကြရန် တိုက်တွန်းကြောင်းဖြင့် ပါရှိသည့် မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံး ဥက္ကဋ္ဌ ဦးစိန်မာဒင်၏ နှစ်ပတ်လည်နေ့ သဝဏ်လွှာကို ဖတ်ကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် ကန်တော့ခံသက်ကြီးသဘင်ပညာရှင်များအား မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံးစာရင်းစစ် ဦးမိုးမင်းက မိတ်ဆက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက အလှူငွေကျပ် နှစ်သိန်းကို မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံး ဥက္ကဋ္ဌ ဦးစိန်မာဒင်ထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ အလှူငွေကျပ် သိန်း ၂၀ ကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ယဉ်ကျေးမှုဝန်ကြီးဌာနက ငွေကျပ် တစ်သိန်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက ကန်တော့ခံသက်ကြီးသဘင်ပညာရှင် ၁၁၄ဦးအတွက် တစ်ဦးလျှင် ငွေကျပ် တစ်သောင်းနှုန်းဖြင့် ငွေကျပ် ၁၁သိန်း ၄ သောင်း၊ ကိုမိုးမင်းနှင့် ပရိသတ်များက ငွေကျပ်သိန်း ၅၀၊ ဟန်ဇာမိုးဝင်းနှင့်တင်ဇာမိုးဝင်းဇာတ်အဖွဲ့က ငွေကျပ် ငါးသိန်း၊ တင်မောင်ဆန်း မင်းဝင်း (ရွှေမန်းဇာတ်သဘင်)က ငွေကျပ် သုံးသိန်း၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ငွေကျပ် တစ်သိန်း၊ Father Land Construction နှင့် မောင်ဖိုးချစ်တို့က ငွေကျပ် ၁၀သိန်း၊ DJ သော်သော်က အလှူငွေကျပ် ၁၀ သိန်း၊ ဒေါ်ကေသီညွန့် (စွမ်းဇာတ်သဘင်တည်ထောင်သူ)က ငွေကျပ် ငါးသိန်း၊ ဦးချမ်းသာ(ရွှေမန်းဇာတ်သဘင်)က ငွေကျပ် သုံးသိန်း၊ မြန်မာနိုင်ငံဂီတအစည်းအရုံးက ငွေကျပ် သုံးသိန်း၊ မြို့နယ်သဘင်ပညာရှင်များအစည်းအရုံး ၂၁ခုက ငွေကျပ် ၁၃သိန်း ၇သောင်း၊ ဇာတ်သဘင် ၁၀ဖွဲ့မှ အလှူငွေကျပ် ၆၆၅၀၀၀၊ စေတနာရှင်ပရိသတ်များက ငွေကျပ် ၁၀သိန်း ၇သောင်းအပါအဝင် စုစုပေါင်းလှူဒါန်းငွေကျပ် ၁၅၅၄၅၀၀၀ ကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံး ဥက္ကဋ္ဌ ဦးစိန်မာဒင်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်အဖွဲ့ဝင်များ၊ ပရိသတ်များသည် ကန်တော့ခံသက်ကြီးသဘင်ပညာရှင်များအား ဂါရဝပြုကန်တော့ကြပြီး ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများက ကန်တော့ခံသက်ကြီးသဘင်ပညာရှင်များအား ကန်တော့ငွေကျပ် ခြောက်သောင်းစီနှင့် ကန်တော့ပစ္စည်းများကို ပေးအပ်ကြသည်။

သဘင်ပညာရှင်များအား ပူဇော်ကန်တော့ပွဲအခမ်းအနားဖြစ်မြောက်အောင် ကျင်းပပေးသည့် တာဝန်ရှိသူများအားလည်းကောင်း၊ အလှူငွေများလှူဒါန်းကြသည့် အလှူရှင်များအားလည်းကောင်း၊ လူအား၊ စေတနာအားတို့ဖြင့် ပံ့ပိုးကူညီကြသော အနုပညာကိုချစ်မြတ်နိုးကြသည့် ပုဂ္ဂိုလ်များအားလည်းကောင်း အထူးပင် ကျေးဇူးဥပကာရ တင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်အဖွဲ့ဝင်များ၊ ပရိသတ်များက ကန်တော့ခံသက်ကြီး သဘင်ပညာရှင်များအား ဂါရဝပြုကန်တော့ကြစဉ်။ (သတင်းစဉ်)

ယင်းနောက် ကန်တော့ခံသက်ကြီးသဘင်ပညာရှင်များကိုယ်စား ဦးအုန်းမောင်(ရာမ)က ကျေးဇူးတင်စကားပြန်လည်ပြောကြားရာတွင် မြန်မာနိုင်ငံ၏ ရိုးရာယဉ်ကျေးမှု အနုပညာနှင့် ဓလေ့ထုံးတမ်းများသည် လှပပြီးတန်ဖိုးမြင့်မားကြွယ်ဝလှပါကြောင်း၊ မြန်မာ့အနုပညာရပ်များ ယနေ့အထိထွန်းကားတည်ရှိနေသည်မှာ နိုင်ငံတော်အကြီးအကဲတို့၏ ဂရုစိုက်ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ပေးခြင်းကြောင့်ဖြစ်သည်ကို အနုပညာရှင်များ အသိပင်ဖြစ်ကြောင်း။

မိမိတို့တတ်မြောက်ထားသော အနုပညာရပ်များဖြင့် နိုင်ငံအကျိုး၊ ပြည်သူ့အကျိုး သယ်ပိုးခဲ့ကြသည့် သက်ကြီးသဘင်ပညာရှင်များအား ...

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်တိုင်းဒေသကြီးဝန်ကြီးများသည် ကန်တော့ခံ သက်ကြီးသဘင်ပညာရှင်များနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

**ကန်တော့**

ယနေ့အခမ်းအနားတွင် အသက် ၇၅နှစ်နှင့်အထက် သက်ကြီးသဘင်ပညာရှင်(၁၁၄) ဦးတို့အား တစ်ဦးလျှင် ငွေကျပ် ခြောက်သောင်းစီနှင့် ကန်တော့ပစ္စည်းများဖြင့် ကန်တော့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ ကန်တော့ခံသက်ကြီးသဘင်ပညာရှင်များအား ကန်တော့ငွေနှင့် ကန်တော့ပစ္စည်းများကို ပေးအပ်စဉ်။(သတင်းစဉ်)

## ပဲခူးကုန်းမြို့ အထက အာစရိယပူဇော်ပွဲကျင်းပမည်

နေပြည်တော် ဩဂုတ် ၃၀

ပဲခူးကုန်းမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူဟောင်းများ၏ (၂၉) ကြိမ်မြောက် ပုလဲရတုအကြို အာစရိယပူဇော်ပွဲကို အောက်တိုဘာ ၁၃ရက် (၁၃၇၃ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်) (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ပဲခူးကုန်းမြို့ အထကပညာ့တံခွန်ခန်းမဆောင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြရန်နှင့် လှူဒါန်းလိုပါက ဦးဌေးဝင်း ဖုန်း-၀၉-၅၁၁၈၁၉၄၊ ဒေါ်ခင်စန်းရီ(မင်္ဂလာဈေး) ဖုန်း-၀၁-၂၂၃၉၀၄၊ ဦးသန်းထွန်း (ဂမုန်းပွင့်) ဖုန်း-၀၉-၅၁၇၅၅၁၀၊ ဦးရဲထွန်းနိုင် ဖုန်း-၀၉-၅၀၂၀၁၀၄၊ ဒေါက်တာသိန်းထွန်း ဖုန်း-၀၉-၆၃၁၀၀၅၉၊ ဦးနေဝင်း(ဇေယျာညွန့်) ဖုန်း-၀၉-၄၉၄၄၀၃၄၅၊ ဦးမိုးကျော်စွာ(ဇောတိက) ဖုန်း-၀၉-၅၁၇၀၇၅၆နှင့် ဦးဝင်းကျော်သူ (ရွှေဆိုင်) ဖုန်း-၀၉-၄၉၄၄၀၅၈၂တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

## အဝေးသင်တက္ကသိုလ် ၂၀၁၁ ပညာသင်နှစ် ပထမအသုတ် အတန်းတင်စာမေးပွဲများ အစီအစဉ်ကြေညာ

နေပြည်တော် ဩဂုတ် ၃၀

ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်တို့၏ ၂၀၁၁ ပညာသင်နှစ် ပထမအသုတ်အတန်းတင်စာမေးပွဲများကို အောက်တိုဘာ ၄ ရက်မှ ၁၁ ရက်အထိ ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်တို့၏ ဌာနခွဲများတွင် ကျင်းပမည်ဖြစ်သည်။

ဌာနခွဲအသီးသီး၌ မှတ်ပုံတင်ထားသည့် **ပထမနှစ်(သိပ္ပံအထူးပြု)၊ ဒုတိယနှစ်(သိပ္ပံအထူးပြု)နှင့် တတိယနှစ်(သိပ္ပံအထူးပြု)** ကျောင်းသား ကျောင်းသူအားလုံးသည် မိမိတို့နှင့် သက်ဆိုင်ရာဌာနခွဲများတည်ရှိသည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် စာမေးပွဲဖြေဆိုကြရမည်ဖြစ်သည်။

အသေးစိတ်အစီအစဉ်ကြေညာချက်ကို ရန်ကုန်အဝေးသင်တက္ကသိုလ်၊ မန္တလေးအဝေးသင်တက္ကသိုလ်နှင့် သက်ဆိုင်ရာဌာနခွဲများတည်ရှိရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် ကြေညာထားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

## မြန်မာနိုင်ငံတွင်ပထမဦးဆုံးနှင့်တစ်ခုတည်းသော မော်တော်ယာဉ်စက်မှုအတတ်သင်ကျောင်း(မကွေး)၏ သင်တန်းအမှတ်စဉ်(၁)ဖွင့်

ရန်ကုန် ဩဂုတ် ၃၀

မြန်မာနိုင်ငံတွင် ပထမဦးဆုံးနှင့် တစ်ခုတည်းသော မော်တော်ယာဉ်စက်မှုအတတ်သင်ကျောင်း(မကွေး)**(အောက်ပုံ)**၏ သင်တန်းအမှတ်စဉ်(၁)ဖွင့်ပွဲကို ဩဂုတ် ၂၆ရက် နံနက်ပိုင်းက အဆိုပါကျောင်းတည်ရှိရာ စုပေါင်းခန်းမ၌ဖွင့်လှစ်ခဲ့သည်။

သင်တန်းတွင် မြန်မာနည်းပြများနှင့် ကိုရီးယားနိုင်ငံမှ ကျွမ်းကျင်ပညာရှင်များက ခေတ်မီသင်ထောက်ကူပစ္စည်းများအသုံးပြု၍ Automobile Engine Maintenance Module, Automobile Electricity & Electronics, Automobile Transmission & Chassis, Automobile Body & Painting နှင့် CAD/CAM ဘာသာရပ်တို့ကို တစ်နှစ်ကြာသင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းအမှတ်စဉ်(၁)သို့ သင်တန်းသား ၁၄၈ဦးတက်ရောက်သင်ကြားလျက်ရှိကြောင်း သိရှိရသည်။

မော်တော်ယာဉ်စက်မှုအတတ်သင်ကျောင်း(မကွေး)ကိုမကွေးတိုင်းဒေသကြီး အရှေ့ခြမ်း မကွေး-တောင်တွင်းကြီး သွားကားလမ်း၏ မိုင်တိုင်အမှတ် ၃၂၄ မိုင် ၆ ဖာလုံအနီး လမ်းတောင်ဘက် မကွေးစက်မှုနယ်မြေ အတွင်းတွင် ကိုရီးယားသမ္မတနိုင်ငံ အထောက်အပံ့ဖြင့် အမှတ်(၂)စက်မှုဝန်ကြီးဌာနနှင့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီတို့ ပူးပေါင်းအကောင်အထည်ဖော်တည်ဆောက်ခဲ့ပြီး ဇူလိုင် ၁၀ ရက်က ဖွင့်လှစ်ခဲ့သည်။

အမှတ်(၂)စက်မှုဝန်ကြီးဌာနအနေဖြင့် ယခုဖွင့်လှစ်လိုက်သည့် မော်တော်ယာဉ်စက်မှုအတတ်သင်ကျောင်း(မကွေး) အပါအဝင် စက်မှုသင်တန်းကျောင်း(ဆင်တဲ)၊ စက်မှုသင်တန်းကျောင်း(မန္တလေး)၊ စက်မှုသင်တန်းကျောင်း(သာဂရ)၊ စက်မှုသင်တန်းကျောင်း(ပခုက္ကူ)တို့ကိုလည်း ဖွင့်လှစ်ခဲ့ပြီးဖြစ်ရာ ယခုဆိုလျှင် စက်မှုအတတ်ပညာများ လေ့ကျင့်သင်ကြား မွေးထုတ်ပေးနေသည့် ကျောင်းငါးကျောင်း ရှိပြီဖြစ်သည်။

သင်တန်းကို မကွေးတိုင်းဒေသကြီးနှင့် အနီးပတ်ဝန်းကျင်မှ ဒေသခံပြည်သူများအား စက်မှုကဏ္ဍအတွက် လိုအပ်သော လူ့စွမ်းအားအရင်းအမြစ်ကျွမ်းကျင်ပညာရှင်များ မွေးထုတ်ပေးရန်နှင့် ဒေသပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်းလည်း သိရှိရသည်။ **(သတင်းစဉ်)**

# မြိတ်မြို့၌ ပရဟိတဂေဟာများနှင့် ငွေစုငွေချေးလုပ်ငန်းများ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ကြည့်ရှုအားပေး

**နေပြည်တော် ဩဂုတ် ၃၀**

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးခင်ဇော်သည် ဩဂုတ် ၂၈ ရက် နံနက် ၉ နာရီခွဲတွင် မြိတ်မြို့ ကန်ဖျားနယ်မြေ ဘုရားငါးဆူရပ်ရှိ ဗုဒ္ဓဘာသာမိဘမဲ့ မိန်းကလေး လူငယ်ဖွံ့ဖြိုးရေးပရဟိတ ဂေဟာသို့ရောက်ရှိပြီး ကျောင်းသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ကာ ကျောင်းအတွင်းလှည့်လည်ကြည့်ရှုသည်။

ထို့နောက် ဆန် ၁၀ အိတ်၊ ဆီငါးပုံး၊ ခေါက်ဆွဲခြောက်များ ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ထိုမှတစ်ဆင့်မြိတ်မြို့ ရေပုန်းရပ်ကွက် မဟာစည်ရိပ်သာလမ်းရှိ တိုင်းရင်းသား လူငယ်များဖွံ့ဖြိုးရေး ပရဟိတ(ကျား) ဂေဟာသို့ရောက်ရှိပြီး ကျောင်းသားများအား ရင်းနှီးစွာ နှုတ်ဆက်အားပေးစကားပြောကြားကာ ဆန် ၁၀ အိတ်၊ ဆီငါးပုံး၊ ခေါက်ဆွဲခြောက်များနှင့် ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်းအတွက် ဘိလပ်မြေအိတ် ၁၀၀ နှင့် ငွေကျပ်ငါးသိန်း ပေးအပ်လှူဒါန်းသည်။

ထို့နောက် မြိတ်မြို့ စန္ဒဝတ်ကျေးရွာအုပ်စု ကရှက်ကျေးရွာတွင်တည်ရှိသော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းသို့ရောက်ရှိပြီး ကျောင်းသားကျောင်းသူများအား ရင်းနှီးစွာနှုတ်ဆက်အားပေးစကားပြောကြားကာ ဆန် ၁၀ အိတ်၊ ဆီငါးပုံး၊ ခေါက်ဆွဲခြောက်များနှင့် ထမင်းချက်ဆောင်၌ အမိုးများ ဆွေးမြည့်ပေါက်ပြဲနေသဖြင့် သွပ်အချပ် ၈၀ တို့ကို ပေးအပ်ခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မြိတ်မြို့ ပုလဲရတနာခန်းမ၌ ကျင်းပသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး အသေးစားချေးငွေလုပ်ငန်းအဖြစ်အရင်းအနှီးနည်းသော ဆိပ်ငယ်ဈေးမှ ဈေးသည် ၉၀ နှင့် သီရိမင်္ဂလာဈေးမှ ဈေးသည် ၇၀ တို့အား တစ်ဦးလျှင် ငွေကျပ် ၆၀၀၀၀နှုန်းဖြင့် ငွေကျပ် ၉၆သိန်း ထုတ်ချေးမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

**အထူးဂရုပြု**

ယင်းအခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အစိုးရသစ်လက်ထက်တွင် ထင်ထင်ရှားရှားနှင့် အထူးဂရုပြုဆောင်ရွက်ပေးနေသည်မှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှု လျှော့နည်းပပျောက်ရေးဖြစ်ကြောင်း၊ ဆင်းရဲမှုလျှော့နည်းပပျောက်ရေးအတွက် လုပ်ငန်း(၈)ရပ်ကို ကော်မတီအသီးသီးဖွဲ့စည်း၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုအခမ်းအနားမှာ အထက်ပါလုပ်ငန်း(၈)ရပ်တွင် ပါဝင်သည့် အသေးစားချေးငွေလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ဒေသခံပြည်သူများထဲမှ ကြီးပွားချမ်းသာသူများက ရင်းနှီးစိုက်ထုတ်မတည်၍ အသေးစားချေးငွေ လုပ်ငန်းဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ အတိုးနှုန်းနည်းနည်းနှင့် အပေါင်ပစ္စည်း မယူဘဲ ထုတ်ချေးပေးခြင်းဖြစ်ရာ သစ္စာရှိကတိတည်ရန်၊ လောင်းကစားမပြုလုပ်ရန်၊ လောင်းကစားပြုလုပ်ခြင်းသည် ကြီးပွားချမ်းသာခြင်း၏ ကြီးမားသောရန်သူဖြစ်ကြောင်း ပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဆုပေးအပ်ချီးမြှင့်

ကယားပြည်နယ် ဝန်ကြီးချုပ် ဦးခင်မောင်ဦး ကောက်ကွက်မှန် စွမ်းရည်ပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

# မိုးစပါးထွန်တုံးပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲ လွိုင်ကော်၌ကျင်းပ

**နေပြည်တော် ဩဂုတ် ၃၀**

ကယားပြည်နယ်၂၀၁၁-၂၀၁၂ခုနှစ် မိုးရာသီထွန်တုံးပိတ်ပွဲ၊ ကောက်ကွက်မှန် စွမ်းရည်ပြိုင်ပွဲနှင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှုထူးချွန်မြို့နယ် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၉ ရက် နံနက် ၈ နာရီခွဲတွင် လွိုင်ကော်မြို့နယ် ကုန်းသာကျေးရွာ၌ ကျင်းပရာ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးခင်မောင်ဦးက အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်အလိုက် ၂၀၁၁-၂၀၁၂ ခုနှစ် မိုးစပါး ထွန်တုံးပိတ်စိုက်ပျိုးပြီးမြောက်ကြောင်း တင်ပြလွှာများကို ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီး ဦးပိုးရယ်ရန်အောင်ထံ ပေးအပ်သည်။

ထို့နောက် ကောက်ကွက်မှန် စွမ်းရည်ပြိုင်ပွဲကိုကျင်းပရာ ပြည်နယ် ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများသည် ပြိုင်ပွဲဝင်အသင်းများ၏ ယှဉ်ပြိုင်မှုကို လိုက်လံကြည့်ရှုအားပေးကြသည်။

**ကြည့်ရှုအားပေး**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် စက်မှုလယ်ယာ ပြခန်းတို့ကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကိုကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က ကောက်ကွက်မှန် စွမ်းရည်ပြိုင်ပွဲနှင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်မြို့နယ်များကို ဆုများပေးအပ်ချီးမြှင့်သည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်သည် နံနက် ၁၁ နာရီတွင် လွိုင်ကော်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းခန်းမ၌ ကျင်းပသော အခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ် (၅၁/၂၀၁၁)နှင့် အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ် (၃၀/၂၀၁၁) သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး သင်တန်းခန်းမ၌ ပြသထားသော အိမ်တွင်းမှုလက်ရာများကို ကြည့်ရှုအားပေးကာသင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဒုဋ္ဌဝတီ၊ စစ်တောင်း၊ သံလွင်နှင့် ငဝန်မြစ်ရေအခြေအနေ

**နေပြည်တော် ဩဂုတ် ၃၀**

**ဒုဋ္ဌဝတီမြစ်ရေ**သည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ မြစ်ငယ်မြို့တွင် ၈၉၈ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၂၈ စင်တီမီတာ(၁-ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ် ၈၇၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

**စစ်တောင်းမြစ်ရေ**သည် ယနေ့တိုင်းထွာချက်အရ တောင်ငူမြို့တွင် ၆၄၀ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၄၀ စင်တီမီတာ (၁ ဒသမ ၃-ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ် ၆၀၀စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

**စစ်တောင်းမြစ်ရေ**သည် ယနေ့တိုင်းထွာချက်အရ မဒေါက်မြို့တွင် ၁၁၁၄ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၄၄ စင်တီမီတာ (၁ ဒသမ ၄-ပေခန့်) ကျော်လွန်နေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၇၂ နာရီအတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ် ၁၀၇၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

**သံလွင်မြစ်ရေ**သည် ယနေ့တိုင်းထွာချက်အရ ဘားအံမြို့တွင် ၇၈၄ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၃၄ စင်တီမီတာ (၁ ဒသမ ၁-ပေခန့်) ကျော်လွန်နေသည်။အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၇၂ နာရီအတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ် ၇၅၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

**ငဝန်မြစ်ရေ**သည် ယနေ့တိုင်းထွာချက်အရ ငါးသိုင်းချောင်းမြို့တွင် ၁၁၅၈ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၂၈ စင်တီမီတာ (၁-ပေခန့်) ကျော်လွန်နေသည်။အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၇၂ နာရီအတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ် ၁၁၃၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

# ပလတ်စတစ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ ပြပွဲတက်ရောက်ရန် ထိုင်းနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် ဩဂုတ် ၃၀**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပမည့် 14th TERM ASEAN FEDERATION OF PlASTIC INDUSTRIES (AFPI) COUNCIL အစည်းအဝေးနှင့် ပြပွဲသို့တက်ရောက်ရန်အတွက် မြန်မာနိုင်ငံ ပလတ်စတစ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဟန်၊ အထွေထွေအတွင်းရေးမှူး ဦးတင်ထွန်း၊ အလုပ်အမှုဆောင်များဖြစ်ကြသည့် ဦးမောင်မောင်လေးနှင့် ဦးမြင့်သိန်းတို့သည် ဩဂုတ် ၂၇ ရက် နံနက်က ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်မှ ထိုင်းနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားခဲ့ကြောင်း သိရှိရသည်။ **(ဝဲပုံ) (မြန်မာ့အလင်း)**

# အင်အားပြင်း မြေငလျင်တစ်ခုလှုပ်

**နေပြည်တော် ဩဂုတ် ၃၀**

ယနေ့မွန်းလွဲ ၁ နာရီ ၃၄ မိနစ် ၄၀ စက္ကန့်အချိန်တွင် ကမ္ဘာအေး မြေငလျင်စခန်းမှ အရှေ့တောင်ဘက် မိုင် ၂၆၀၀ခန့်ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (ဘန်ဒါပင်လယ်၊ အင်ဒိုနီးရှားနိုင်ငံ) နေရာကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၈ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်သွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

**ကုန်ပစ္စည်းများတွင် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချရေးနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပွဲကို ဩဂုတ် ၁၆ ရက်က ပဲခူးမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၌ ကျင်းပရာ ခရိုင်အခွန်ဦးစီး ဌာနမှူး ဦးဝင်းကြိုင်က အခွန်ထမ်းပြည်သူများအား လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းပြောကြားစဉ်။** (ပြည်တွင်းအခွန်)

# မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၃၁-၈-၂၀၁၁ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ အောင်တော်မူ(စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
- ၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈:၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈:၁၀ ၇။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၈:၂၀ ၈။ ဗီဝိတဒါနသွေးလှူကြစို့
- ၈:၂၅ ၉။ **၂၀၁၁ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန်(ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) ဝါသနာရှင် ဒုတိယတန်းအဆင့် (အမျိုးသမီး)**
- ၈:၄၀ ၁၀။ International News
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၄:၁၅ ၃။ တေးဂီတအစီအစဉ်
- ၄:၂၅ ၄။ အတီးပြိုင်ပွဲ
- ၄:၃၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
- ၄:၄၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄:၅၀ ၇။ သီချင်းကြီးပဒေသာ
- ၅:၀၀ ၈။ **၂၀၁၁ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာ နိုင်ကြရန်(ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) အဆင့်မြင့်ပညာအဆင့် (အမျိုးသား)**
- ၅:၀၅ ၉။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၅:၁၅ ၁၀။ International Science News
- ၅:၂၅ ၁၁။ ဆိုကြပျော်ရွှင်တေးသံစဉ်
- ၆:၀၀ ၁၂။ ညနေခင်းသတင်း
- ၆:၁၅ ၁၃။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၄။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
- ၆:၃၅ ၁၅။ ရွှေရင်ခုန်သံ
- ၇:၀၀ ၁၆။ မြန်မာ့ယဉ်ကျေးမှု အကအလှများ
- ၇:၁၀ ၁၇။ အလင်္ကာဝတ်ရည်မြန်မာမှု တေးဂီတအဖွဲ့ဖျော်ဖြေခန်း
- ၇:၃၅ ၁၈။ **(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲ၊ (အတီးဘာသာရပ်ဆိုင်ရာ အကဲဖြတ်ဒိုင်အဖွဲ့၏အထောက်အကူပြုဆွေးနွေးခန်း**
- ၈:၀၀ ၁၉။ ပြည်တွင်းသတင်း
- ၂၀။ နိုင်ငံတကာသတင်းများ
- ၂၁။ မိုးလေဝသအခြေအနေ
- ၂၂။ လပတ်မိုးလေဝသနှင့်ဇလဗေဒ ခန့်မှန်းချက်
- ၂၃။ **ပျော်ရွှင်ရင်ခုန်ပြကွက်စုံ**
- ၂၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာလွှမ်းသောမေတ္တာ** (အပိုင်း-၈၉)
- ၂၅။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ဇာတ်တော်ကြီးပြိုင်ပွဲ ဥဂ္ဂသေနဇာတ်တော်ကြီး (ဒုတိယဆု) (မန္တလေးတိုင်းဒေသကြီး) (ဒုတိယပိုင်း)**

# မြောက်ပိုင်းဒေသများ၌ မိုးလျော့နည်းနိုင်

**နေပြည်တော် ဩဂုတ် ၃၀**

**ယနေ့နံနက် ၉ နာရီခွဲမိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မွန်ပြည်နယ်တွင် ဒေသအလိုက်နှင့် မကွေးတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ယနေ့ မြန်မာစံတော်ချိန် ၁၂ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀အထိ တိုက်ခတ်နိုင်သည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးလျော့နည်းနိုင်သည်။

**နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**ကွန်ကရစ်လမ်းမကြီးများပေါ်တွင် သံဘီးတပ်ယာဉ်၊ မြင်းလှည်း၊ ယာဉ်၊ နွားလှည်းယာဉ်များ မောင်းနှင်ခြင်းမပြုရ။**

# မြန်မာနိုင်ငံ၏ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းတွင် စင်ကာပူနိုင်ငံက အများဆုံးရင်းနှီးမြှုပ်နှံ၊ ခရီးသွားဧည့်သည် နှစ်စဉ်တိုးတက်ဝင်ရောက်လျက်ရှိ

**ရန်ကုန် ဩဂုတ် ၃၀**

မြန်မာနိုင်ငံ၏ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းတွင် စင်ကာပူနိုင်ငံက အများဆုံး ရင်းနှီးမြှုပ်နှံလုပ်ကိုင်လျက်ရှိပြီး ထိုင်း၊ ဂျပန်၊ ဟောင်ကောင်၊ မလေးရှားနှင့် ဗြိတိန်နိုင်ငံတို့က အသီးသီးရင်းနှီးမြှုပ်နှံလုပ်ကိုင်လျက်ရှိသည်။ ၁၉၉၆ခုနှစ်ကို မြန်မာခရီးသွားနှစ်အဖြစ် သတ်မှတ်ပြီးနောက်ပိုင်းတွင် မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွားများ ဝင်ရောက်မှု ပိုမိုတိုးတက်ခဲ့ရာ ၂၀၀၀ ခုနှစ်တွင် ၄၁၆၃၄၄ ဦး၊ ၂၀၀၁ခုနှစ်တွင် ၄၇၅၁၀၆ ဦး၊ ၂၀၀၂ ခုနှစ်တွင် ၄၈၇၄၉၀၊ ၂၀၀၃ ခုနှစ်တွင် ၅၉၇၀၁၅ဦး၊ ၂၀၀၄ ခုနှစ်တွင် ၆၉၆၉၁၀၊ ၂၀၀၅ ခုနှစ် တွင် ၆၆၀၂၀၆ ဦး၊ ၂၀၀၆ ခုနှစ်တွင် ၆၃၀၀၆၁ ဦး၊ ၂၀၀၇ ခုနှစ်တွင် ၇၁၆၄၃၄ ဦး၊ ၂၀၀၈ ခုနှစ်တွင် ၇၃၁၂၃၀၊ ၂၀၀၉ ခုနှစ်တွင် ၇၆၂၉၄၇ ဦး၊ ၂၀၁၀ ခုနှစ်တွင် ၇၉၁၅၀၅ ဦးတို့ လာရောက်ခဲ့ကြသည်။ ယခုနှစ် ၂၀၁၁ ခုနှစ်တွင်လည်း ဇူလိုင်လအထိ ခရီးသွားဧည့်သည် ၄၆၉၄၅၇ဦး လာရောက်ခဲ့ပြီးဖြစ်ရာ ယခင်နှစ်လာရောက်မှုထက် ကျော်လွန်ရန် အလားအလာကောင်းများ ရှိနေကြောင်း သိရှိရသည်။ ခရီးသွားဧည့်သည်များ ပိုမို တိုးတက်လာရောက်စေရန်နှင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ခရီးသွားလုပ်ငန်းဘုတ်အဖွဲ့ကို တရားဝင်ဖွဲ့စည်း ဆောင်ရွက်ခဲ့သည့်အတွက် နှစ်စဉ်ခရီးသွားဧည့်သည် ဝင်ရောက်မှုအရေအတွက် တိုးတက်လာခဲ့ကြောင်း၊ ယခု၂၀၁၁ခုနှစ်တွင်လည်း ယခင်နှစ် များ ထက် တိုးတက်လာစေရန် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ခရီး သည် များ လေဆိပ်ဝင်ရောက်မှု အဆင်ပြေချောမွေ့စေရေး၊ ယာဉ်များ အရည်အသွေးမြင့်မားပြီး ဈေးနှုန်းသင့်တင့်မှန်ကန်စေရေး၊ ဟိုတယ်များ အဆင့်အတန်းမြင့်မားပြီး ဝန်ဆောင်မှု ကောင်းမွန်စေရေး၊ ခရီးစဉ် ဒေသများ၏ ဆွဲဆောင်မှုများ မွမ်းမံပြုပြင်ရေးနှင့် ဆွဲဆောင်မှုအသစ်များ တိုးချဲ့ဖော်ထုတ်ရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မျိုးမြင့်(သတင်းစဉ်)**

ဈေးကွက်သို့ အဝင်များ၍ ဈေးနှုန်းကျဆင်းလာသော စပျစ်သီးအလုံးကြီးများ။

# စပျစ်သီးအလုံးကြီးများ ပြည်တွင်းဈေးကွက်သို့ လှိုင်လှိုင်ဝင်

**ကောင်းမြတ်သူ**

***ရန်ကုန် ဩဂုတ် ၃၀***

*ယခုနှစ် တရုတ်ဈေးကွက်မှ စပျစ်သီးအလုံးကြီးများ ပြည်တွင်းဈေးကွက်သို့ လှိုင်လှိုင်ဝင်ရောက်လာသဖြင့် ယခင်နှစ်ကထက် ဈေးလျှော့ရောင်းနိုင်ကြောင်း ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းတွင် စပျစ်သီးရောင်းချနေသော မအေးအေးက ပြောကြားသည်။*

***ဈေးနှုန်းချိုသာ***

*"ကျွန်မတို့ မနှစ်ကဆိုလျှင် ဂျပ်ဖာတစ်လုံးကို ငွေကျပ်နှစ်သောင်းခွဲ ဝယ်ရပါတယ်၊ ဒီနှစ်မှာတော့ ငွေကျပ်တစ်သောင်းခွဲနဲ့ပဲ ဝယ်ရပါတယ်၊ ဒါကြောင့် စားသုံးသူများကို ဈေးနှုန်းချိုသာစွာ ရောင်းချပေးနိုင်ပါတယ်"ဟု သူမက ဆက်လက်ပြောကြားသည်။ ဩဂုတ်လဆန်းပိုင်းမှစပြီး ရန်ကုန်ဈေးကွက်သို့ တရုတ်မှ စပျစ်သီးအလုံးကြီးများ လှိုင်လှိုင်ဝင်ရောက်လာခဲ့သည်။ ပြည်တွင်းလက်လီရောင်းချရာတွင် ၂၅ ကျပ်သားလျှင် ငွေကျပ် ၁၀၀၀ ဖြင့် ရောင်းချလျက်ရှိသည်။ ယခင်ကဆို စပျစ်သီးအလုံးကြီးများမှာ ၂၅ ကျပ်သားလျှင် ငွေကျပ် ၁၅၀၀မှ ငွေကျပ် ၂၀၀၀အထိ ရောင်းချခဲ့ကြကြောင်း သိရှိရသည်။*

***(မြန်မာ့အလင်း)***

# စိုက်ပျိုးရေးသုံး ပိုးသတ်ဆေး ဘေးထွက်ဆိုးကျိုးများ သတိပြုကြရန် လိုအပ်

**မောင်ချစ်ကြည်**

***ရန်ကုန် ဩဂုတ် ၃၀***

*စိုက်ပျိုးရေးသုံး ပိုးသတ်ဆေးများကြောင့် လူတို့ ကျန်းမာရေးထိခိုက်နိုင်တဲ့အပြင် တိရစ္ဆာန်များအတွက်လည်း အသက်အန္တရာယ် ကြုံတွေ့ရနိုင်ကြောင်း စိုက်ပျိုးရေးပညာရှင်တစ်ဦးဖြစ်သူ ဦးဝင်းအောင်က ပြောပြပါတယ်။ ပြည်ပက ဝင်ရောက်လာတဲ့ ပိုးသတ်ဆေးတွေကို အတိုင်းအဆမရှိ သုံးစွဲနေတာ၊ အဲဒီပိုးသတ်ဆေးတွေရဲ့ ပြင်းအား ဘယ်လောက်ရှိသလဲဆိုတာကို ဆေးအညွှန်းတွေမှာ ဖော်ပြထားပေမယ့် နားလည်အောင် မဖတ်တတ်တာမို့ တောင်သူတွေဟာ မှန်းခြေနဲ့ဘဲ သုံးစွဲနေကြတာဟာ ဘေးထွက်ဆိုးကျိုးတွေ ဖြစ်ပေါ်စေနိုင်ပါတယ်လို့ ၄င်းက ဆက်လက်ပြောပြပါတယ်။*

*တချို့ကျေးလက်တွေမှာ ပိုဆိုးတာက ရေအိုင်တွေထဲမှာ ပိုးသတ်ဆေးထည့်ပြီး ငါးဖမ်းတာဖြစ်ပါတယ်။ ရေအိုင်ထဲက ငါးတွေသေကုန်ပေမယ့် အဲဒီရေကို ကျွဲ၊ နွားတိရစ္ဆာန်တွေ သောက်သုံးတဲ့အခါ သေဆုံးနိုင်တယ်ဆိုတာ သူတို့တွေ သတိမပြုမိကြပါဘူး။ ဒ့ါအပြင် ပိုးသတ်ဆေးကြောင့် သေဆုံးတဲ့ ငါးတွေကို ရောင်းချတဲ့အတွက် စားသုံးသူတွေ အသက်အန္တရာယ် ထိခိုက်နိုင်တဲ့အထိ ဖြစ်စေနိုင်တယ်ဆိုတာပါပဲ။*

*ဒ့ါအပြင် တချို့ကျေးလက်တွေမှာ ပိုးသတ်ဆေးလူးထားတဲ့ ငါးကို ငါးမျှားမှာ ချိတ်ပြီး ငှက်ထောင်ဖမ်းတာတွေ၊ ပိုးသတ်ဆေးလူးထားတဲ့ ငါးတွေကို ကျေးငှက်တွေ လာရောက်နေကျနေရာတွေ၊ ရေအိုင်နဲ့ ကမ်းစပ်တွေမှာ ချထားပြီး ငှက်ထောင်ဖမ်းတာတွေဟာ ရှိနေဆဲဖြစ်ပါတယ်။ ပိုးသတ်ဆေးမှာပါတဲ့ အဆိပ်ကြောင့် စားသုံးမိတဲ့ ငှက်တွေဟာ သေဆုံးကုန်ပြီး အဲဒီကျေးငှက်အသားကို ချက်ပြုတ်စားသုံးတဲ့ သူတွေဟာလည်း အစာအဆိပ်သင့်မှုအပြင် တခြားကျန်းမာရေးဆိုင်ရာ ဘေးထွက်ဆိုးကျိုးတွေ ဖြစ်ပေါ်စေနိုင်ပါတယ်။*

*၂၀၁၁ ခုနှစ် ဇန်နဝါရီလအတွင်း ဖားကန့်မြို့နယ် ဝါရာဇုပ်ရွာမှ တောင်သူ ၁၅ ဦးရဲ့ ကျွဲ ၃၆ကောင်ဟာ ရက်ခြားပြီး သေဆုံးခဲ့ရာမှာ စိုက်ပျိုးရေးသုံး ပိုးသတ်ဆေး တစ်မျိုးကြောင့်ဖြစ်ကြောင်း တွေ့ရှိရတယ်လို့ ဆိုပါတယ်။ ဘေးထွက်ဆိုးကျိုးဖြစ်ပေါ်မှုတွေဟာ ပိုးသတ်ဆေးကို အလွန်အကျွံသုံးစွဲလို့၊ စနစ်တကျမသုံးစွဲကြလို့ ဒါမှမဟုတ် ပိုးသတ်ဆေးနဲ့ ပတ်သက်ပြီး သေသေချာချာ ခြေခြေမြစ်မြစ် မသိရှိကြလို့ပဲ ဖြစ်ပါတယ်။*

*ဒါကြောင့် သက်ဆိုင်ရာက ပိုးသတ်ဆေးတွေကို စနစ်တကျနဲ့ သုံးစွဲကြဖို့အတွက် တောင်သူတွေနဲ့ ကျေးလက်နေပြည်သူတွေကို ဗဟုသုတတွေ ဖြန့်ဝေပေးနေပေမယ့် ထိထိရောက်ရောက်သိရှိလိုက်နာဖို့ လိုအပ်နေဆဲပဲဖြစ်ပါတယ်လို့ စိုက်ပျိုးရေးပညာရှင်တစ်ဦးဖြစ်တဲ့ ဦးဝင်းအောင်က ပြောပြခဲ့ပါတယ်။*

***(မြန်မာ့အလင်း)***

**ဂေါ်ဖီစိုက်ခင်းများ ဤသို့ ရှင်သန်အောင်မြင်ရေးအတွက် ပိုးသတ်ဆေးများကို စနစ်တကျ အသုံးပြုရန် လိုအပ်သည်။**

## ဝန်ထမ်းများလစာ၌ ကျပ် ၂၀၊ ၁၀၀ နှင့် ၅၀ တန်များ ထည့်သွင်းပေး

# ပြည်သူများ ငွေအကြွေလဲလှယ်မှု ပိုမိုအဆင်ပြေလာ

*ရန်ကုန် ဩဂုတ် ၃၀*

***ယခင်က ဈေးရောင်းသူနှင့် ဈေးဝယ်သူအကြား၊ ခရီးသွားများနှင့် ယာဉ်နောက်လိုက်များအကြား ငွေအကြွေအခက်အခဲကြောင့် တစ်သျှူး၊ သကြားလုံးစသည်တို့ အစားထိုး ပြန်အမ်းလဲလှယ်နေခဲ့ကြရာမှ ယခုအခါ နိုင်ငံ့ဝန်ထမ်းများ၏ လစာများထဲတွင် ငွေအကြွေများထည့်သွင်းပေးခဲ့သဖြင့် ငွေအကြွေလဲလှယ်မှု ပိုမိုအဆင်ပြေလာကြောင်း သိရှိရသည်။ ပြီးခဲ့သည့်ဇူလိုင်လကုန်မှစ၍ ဝန်ထမ်း တစ်ဦးလစာငွေ၏ ငွေကျပ် ၃၅၀၀၀ ကို နှစ်ရာတန်ကျပ် ၂၀၀၀၀ဖိုး၊ တစ်ရာတန် ကျပ် ၁၀၀၀၀ဖိုး၊ ငါးဆယ်တန် ကျပ် ၅၀၀၀ဖိုး လဲလှယ်ထည့်သွင်းပေးခဲ့ရာ ယခုဩဂုတ်လကုန်တွင်လည်း ယင်းကဲ့သို့ ဝန်ထမ်းများ၏ လစာများထဲတွင် ငွေအကြွေ ကျပ် ၃၅၀၀၀ကို လဲလှယ်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။***

*(မြန်မာ့အလင်း)*

ဟူးကောင်းတောင်ကြားမှ ဘင်ဂေါကျားမျိုးကို တွေ့ရစဉ်။

# ကမ္ဘာပေါ်၌ ရှားပါးနေပြီဖြစ်သည့် ဘင်ဂေါကျားများ မြန်မာနိုင်ငံတွင် ထိန်းသိမ်းစောင့်ရှောက်နေပြီ

**ကိုသစ္စာ**

**ရန်ကုန် ဩဂုတ် ၃၀**

ကမ္ဘာပေါ်မှာ ရှားပါးပြီး မျိုးသုဉ်းပျောက်ကွယ်တော့မယ့် အခြေအနေနဲ့ရင်ဆိုင်နေရတဲ့ ဘင်ဂေါကျားမျိုးတွေဟာ မြန်မာနိုင်ငံ တနိုင်းမြို့နယ် ဟူးကောင်းတောင်ကြားဒေသမှာ အရေအတွက်အများဆုံးရှိနေတာမို့ ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းတွေကို တိုးချဲ့လုပ်ဆောင်နေပြီ ဖြစ်ပါတယ်။ မြန်မာနိုင်ငံနဲ့ သဘာဝတောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့တို့ဟာ ၂၀၁၁ ခုနှစ် စက်တင်ဘာမှ ၂၀၁၅ ခုနှစ် စက်တင်ဘာအထိ လေးနှစ်စာချုပ်ချုပ်ဆိုပြီး ဘင်ဂေါကျားမျိုးတွေကို ထိန်းသိမ်းစောင့်ရှောက်ဖို့ ဆောင်ရွက်တော့မှာဖြစ်ပါတယ်။ သဘာဝတောရိုင်းတိရစ္ဆာန်စောင့်ရှောက်ရေးအဖွဲ့ဟာ မြန်မာနိုင်ငံမှာ ၂၀၀၃ ခုနှစ်ကစတင်ပြီး လေးနှစ်တစ်ကြိမ် နားလည်မှုစာချုပ်ချုပ်ဆိုဆောင်ရွက်လာတာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ဘင်ဂေါကျားမျိုးနဲ့ အင်ဒို-ချိုင်းနားကျားမျိုးအကောင်ရေ စုစုပေါင်း ၁၅၀ ခန့်ရှိပြီး ဟူးကောင်းတောင်ကြားဒေသမှာ ဘင်ဂေါကျားမျိုးကောင်ရေ ၅၀ မှ ၈၀ ခန့်အထိ ရှိတယ်လို့ဆိုပါတယ်။ ကျန်တဲ့ ကျားကောင်ရေကတော့ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ထမံသီသဘာဝဘေးမဲ့တောမှာ အကောင်ရေ ၃၀ နဲ့ တနင်္သာရီ သဘာဝတောရိုင်းဒေသမှာ အကောင်ရေ ၅၀ ခန့်ရှိတယ်လို့ ဆိုပါတယ်။

ဘင်ဂေါကျားမျိုးတွေ နေထိုင်တဲ့ ဧရိယာအတွင်း လူသားတွေကျူးကျော်ဝင်ရောက်ခြင်းနဲ့ ဘင်ဂေါကျားတွေကို ဆေးဝါးဆိုင်ရာတွေမှာ အသုံးပြုဖို့အတွက် ဖမ်းဆီးသတ်ဖြတ်လာခြင်းတွေဟာ ဘင်ဂေါကျားမျိုးတွေ တဖြည်းဖြည်းနည်းပါးလာပြီး မျိုးသုဉ်းပျောက်ကွယ်စေနိုင်တဲ့ အဓိကအချက် ဖြစ်ပါတယ်။ ဒါကြောင့်မို့ ဘင်ဂေါကျားတွေကို သတ်ဖြတ်ခြင်း၊ မှောင်ခိုရောင်းဝယ်ခြင်းနဲ့ ဖမ်းဆီးခြင်းပြုလုပ်သူတွေ ဒါမှမဟုတ် တစ်နည်းနည်းနဲ့ ဆောင်ရွက်သူတွေကို အပြစ်ဒဏ်ချမှတ်ဖို့ တာဝန်ရှိသူတွေက စီစဉ်နေပြီဖြစ်ပါတယ်။

ဟူးကောင်းတောင်ကြားဒေသရဲ့ ဘင်ဂေါကျားတွေ သဘာဝအလျောက် နေထိုင်ကျက်စားနိုင်တဲ့ ဧရိယာကို ၂၀၀၄ ခုနှစ်က စတုရန်း ၆၁၉၉ ကီလိုမီတာအကျယ်သာ ထားရှိခဲ့ပေမယ့် ၂၀၁၀ ခုနှစ် မေလကစပြီး စတုရန်း ၂၁၈၀၀ ကီလိုမီတာခန့်အထိ တိုးချဲ့ပေးခဲ့ပါတယ်။ ဒီလိုကျားမျိုးတွေ ထိန်းသိမ်းစောင့်ရှောက်ဖို့ သတ်မှတ်တဲ့ ဧရိယာအရွယ်အစားဟာ အာရှမှာ အကျယ်ဝန်းဆုံးဖြစ်ပါတယ်။ မြန်မာနိုင်ငံက တာဝန်ရှိသူတွေဟာ ရုရှားနိုင်ငံမှာ ၂၀၀၄ ခုနှစ် မေလက ကျင်းပခဲ့တဲ့ နိုင်ငံတကာ ကျားဖိုရမ်ကို တက်ရောက်ခဲ့ပြီး ကမ္ဘာ့နိုင်ငံ ၁၃ နိုင်ငံနဲ့လည်း ဘင်ဂေါကျားမျိုးတွေ မျိုးသုဉ်းမှုမရှိအောင် ဆက်သွယ်ဆောင်ရွက်လျက်ရှိပါတယ်။ **(မြန်မာ့အလင်း)**

■ *ကျောဖုံးမှ*

မြေသားတမံတစ်ခုဖြစ်ပြီး စုစုပေါင်းဧရိယာ ဧက ၂၅၀၀ ခန့် ဆည်ရေပေးဝေနိုင်ရန် တည်ဆောက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ သို့ရာတွင် နှစ်စဉ် ပျမ်းမျှစီးဝင်ရေဧကပေ ၅၅၀၀ ခန့်ခန့်မှန်းထားရှိသော်လည်း အမြင့်ဆုံးစီးဝင်ရေသည် ၂၀၁၀ ခုနှစ်တွင် (၃၉၆၅) ဧကပေသာ ဝင်ရောက်မှုရှိခဲ့သည့်အတွက် မူလလျာထားသည့် စိုက်ဧက (၂၅၀၀)ဧက ပြည့်မီအောင် ပေးဝေနိုင်ခဲ့ခြင်းမရှိခဲ့သည့်အတွက်ကြောင့် လက်ပန်ရေလှောင်တမံသို့ ရေကူးပေးနိုင်ရန်အတွက် သစ်လိန်ချောင်းရေလှောင်တမံ(လက်ပန်ရေကူ) တည်ဆောက်နိုင်ရန် မြေပြင်တိုင်းတာခြင်းလုပ်ငန်းများကို ၂၀၀၈ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပါကြောင်း။

ယခုအခါ ယင်းရေလှောင်တမံ တည်ဆောက်နိုင်ရန် စူးစမ်းလေ့လာရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ဖြစ်မြောက်နိုင်စွမ်းရှိပါက နိုင်ငံတော်သို့ ရန်ပုံငွေတင်ပြတောင်းခံပြီး နိုင်ငံတော်၏ ဦးစားပေးအစီအစဉ်များအရ ရန်ပုံငွေ ခွင့်ပြုချက်အပေါ် မူတည်၍ အကောင်အထည်ဖော် ဆက်လက်ဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

## တည်ဆောက်ထား

ဆက်လက်၍ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)မှ ဦးစိုးမြင့်၏ **“နိုင်ငံတော်ရှိ ဆည်မြောင်းတာတမံအသစ်များ တည်ဆောက်ပေးနေသကဲ့သို့ မင်းဘူးခရိုင်၊ စလင်းမြို့ရှိ ဝက်သီးကန်ကဲ့သို့သော ဆည်မြောင်းချောင်းကန်အဟောင်းများကိုလည်း ရှေးဟောင်းအမွေအနှစ်အနေဖြင့်လည်းကောင်း၊ စိုက်ပျိုးရေရရှိရေးအတွက် ပြုပြင်ထိန်းသိမ်းသည့် အနေဖြင့်လည်းကောင်း၊ အကြီးစားပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်ပေးပါရန်နှင့် လက်တွေ့အကျိုးသက်ရောက်မှုများကို ကွင်းဆင်းစစ်ဆေးပြီး ပြုပြင်ထိန်းသိမ်းရန် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/ မရှိ”** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စလင်းမြို့နယ်ရှိ ဝက်သီးကန်ဆိုသည့် ကန်ကြီးမှာ ရှေးမြန်မာမင်းများလက်ထက်က တည်ဆောက်ထားခဲ့သော ကန်ကြီးဖြစ်ပါကြောင်း၊ အဆိုပါကန်ကြီးမှာ ဆည်မြောင်းဦးစီးဌာနမှ တာဝန်ယူထိန်းသိမ်းသော ကန်များစာရင်းတွင် ပါဝင်ခြင်းမရှိဘဲ သစ်တောဦးစီးဌာန၊ ရွှေစက်တော်ဘေးမဲ့တောအုပ်ချုပ်ရေးရုံးမှ ထိန်းသိမ်းထားသော ကန်ဖြစ်ပါကြောင်း၊ ဝက်သီးကန်ရေထုတ်တံခါးမှ ရေထုတ်မြောင်းအတိုင်း လင်းဇင်းဆည်ရေသောက်အတွင်းရှိ မြောင်းမတော်မြောင်းသို့ ကျောက်တိုင်အမှတ် (၈၂၀၀၀)၌ ရေကူဖြည့်ပေးရန် သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ စလင်းမြို့ရှိ ပေါင်းချောင်းတံတား ပျက်စီးနေမှုကိုလည်း ပြန်လည်ပြုပြင်ရန်အတွက် (၂၀၁၁-၂၀၁၂) ခုနှစ် ခွဲဝေရန်ပုံ ငွေကျပ် (၄၁၅)သိန်း ခွဲဝေပေးပြီးဖြစ်သည့်အတွက် ယခုနှစ် ပွင့်လင်းရာသီတွင် ပြီးစီးအောင် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

စိုက်ပျိုးရေဖြန့်ဖြူးပေးနိုင်ရေးအတွက် ဆည်မြောင်းချောင်းကန်အဟောင်းများကို ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများအား ဆည်မြောင်းဦးစီးဌာနအနေဖြင့် ပုံမှန်ကြိုးစားဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ အကြီးစားပြုပြင်ရန်လိုအပ်သည့် လုပ်ငန်းများကိုလည်း ပွင့်လင်းရာသီတွင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရသို့ ရန်ပုံငွေရရှိရေးတင်ပြတောင်းခံသွားမည်ဖြစ်ပြီး၊ ရန်ပုံငွေခွင့်ပြုချက်အပေါ် မူတည်၍ ဦးစားပေးအစီအစဉ်များအရ ကြိုးစားဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄)မှ ဦးညွန့်လှိုင်၏ **“ပြည်တွင်းတွင် အထွက်ကောင်း မျိုးသန့်ထုတ်လုပ်မှုလုပ်ငန်းကို တိုးမြှင့်စီမံဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိနှင့် သီးနှံမျိုးစေ့များကို မျိုးစေ့ဥပဒေနှင့်အညီ ကြပ်မတ်ဆောင်ရွက်မည့် အစီအစဉ်များကို သိရှိလိုပါကြောင်း”** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး ရည်မှန်းချက်ဖြင့် ဒေသနှင့်ကိုက်ညီသည့် အထွက်ကောင်းမျိုးများ ထုတ်လုပ်ဖြန့်ဖြူးရေး (Seed Production) တာဝန်၊ သိပ္ပံနည်းကျ စိုက်နည်းစနစ်များ လေ့ကျင့်ပညာပေးရေး (Training and Education) တာဝန်နှင့် ပိုမို၍တိုးတက်ကောင်းမွန်သော ခေတ်မီစိုက်ပျိုးနည်းစနစ်များ ရရှိဖော်ထုတ်နိုင်ရေး၊ အရည်အသွေးမြင့် ထွက်နှုန်းကောင်းမွန်သော မျိုးကောင်းမျိုးသန့် မျိုးစေ့များ ထုတ်လုပ်နိုင်ရေးအတွက် သုတေသနပြုလုပ်ရှာဖွေရေး (Research and Development) တာဝန်တို့ကို ကဏ္ဍအလိုက် အစွမ်းကုန် ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း။

## ဖြန့်ဖြူးပေးရေးစီစဉ်

ပြည်တွင်းတွင် အထွက်ကောင်းမျိုးသန့် ထုတ်လုပ်မှုလုပ်ငန်းကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းဌာနများအောက်ရှိ မျိုးစေ့ခြံများတွင် စနစ်တကျ ရွေးချယ်မျိုးသန့်စင်ပြီး ထပ်ဆင့်မျိုးပွားထုတ်လုပ် ဖြန့်ဖြူးပေးလျက်ရှိပြီး စီးပွားဖြစ်မျိုးသန့်မျိုးစေ့များကို အကျိုးဆောင်တောင်သူများ၏ စိုက်ခင်းများတွင် စိုက်ပျိုးပညာပေးဝန်ထမ်းများ၏ ကြီးကြပ်မှုဖြင့် မြို့နယ်အလိုက် မျိုးပွားစိုက်ပျိုးထုတ်လုပ်၍လည်းကောင်း၊ အထူးပြုကုမ္ပဏီများဖြင့်လည်းကောင်း မျိုးကောင်းမျိုးသန့်မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

မျိုးစေ့ဥပဒေကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ (၇)ရက်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် (၁/၂၀၁၁)ဖြင့် ပြဋ္ဌာန်းထားပြီးဖြစ်ပါကြောင်း၊ မျိုးစေ့ဥပဒေ၏ အဓိကရည်ရွယ်ချက်များမှာ မျိုးသစ်များ ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ ဖြန့်ဖြူးခြင်းလုပ်ငန်းများအဆင့်ဆင့်တွင် စနစ်တကျရှိစေရန်ဖြစ်ပါကြောင်း၊ ယခုအခါ မျိုးစေ့ဥပဒေ (Seed Law) တစ်ရပ် ရေးဆွဲပြဋ္ဌာန်း အကောင်အထည်ဖော်နိုင်ရန်အတွက် လိုအပ်သည့် နိုင်ငံတကာ စံနှုန်းများနှင့်ကိုက်ညီစွာ မျိုးစေ့ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို လေ့လာပြုစုပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိနေပါကြောင်း။

## ကြိုးပမ်းဆောင်ရွက်

ဒေသနှင့်ကိုက်ညီသည့် အထွက်ကောင်းမျိုးများကို စနစ်တကျ ထုတ်လုပ်မျိုးပွားဖြန့်ဖြူးပေးလျက်ရှိသည့်နည်းတူ တစ်ဧကအထွက်နှုန်း အထူးမြင့်မားသည့် အထူးအထွက်တိုး စပ်မျိုးစပါးမျိုးများကိုလည်း ဒေသရေမြေရာသီဥတုနှင့်ကိုက်ညီသော ဒေသများတွင် ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးထုတ်လုပ်လာနိုင်ရန် စပ်မျိုးစပါး မျိုးစေ့ထုတ်လုပ်ရေးလုပ်ငန်းကိုလည်း စီမံကိန်းများချမှတ်ပြီး သုတေသနအဆင့်မှ အရှိန်အဟုန်မြင့် ထုတ်လုပ်မှုအဆင့်အဖြစ် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ခြံနှင့် ဝမ်းတွင်းမြို့နယ် ရွှေတောင်ခြံတို့တွင် စိုက်ပျိုးရေးပညာရှင်များစွမ်းအားဖြင့် ကြိုးပမ်းဆောင်ရွက်နေပြီဖြစ်ပါကြောင်း။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနှင့် ဒေသအလိုက် တစ်ပိုင်တစ်နိုင် စိုက်ပျိုးထုတ်လုပ်လျက်ရှိသည့် လယ်သမားများအတွက် သင့်တော်မည့် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်ကောင်းများကို စံပြကွက်များပြုလုပ်ပြသ၍ နည်းပညာပေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ တောင်သူလယ်သမားများ တစ်ဧကအထွက်နှုန်း တိုးတက်ရရှိနိုင်စေရေးနှင့် စီးပွားရေးအရ တွက်ခြေကိုက်မှုရှိစေရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း။

မျိုးသစ်တစ်မျိုးအား ပြည်တွင်း၌ မွေးမြူထုတ်လုပ်ရာတွင်ဖြစ်စေ၊ နိုင်ငံခြားမှ တင်သွင်းရာတွင်ဖြစ်စေ၊ အရည်အသွေး၊ ဒေသရေမြေရာသီဥတုနှင့်ကိုက်ညီမှု၊ အထွက်နှုန်းကောင်းမွန်မှုနှင့် ရောဂါပိုးမွှားဒဏ်ခံနိုင်ရည်ရှိမှု၊ စားသုံးမှုအရည်အသွေး၊ တောင်သူအကြိုက်နှင့် ဈေးကွက်တွက်ခြေကိုက်မှု စသည့်အချက်အလက်များကို သက်ဆိုင်ရာဒေသအသီးသီးတွင် စမ်းသပ်ပြီး တောင်သူလယ်သမားများအကြိုက် လက်ခံကိုက်ညီသည့်မျိုးများကိုသာ မျိုးသစ်အဖြစ် ပွားများဖြန့်ဖြူးပေးလျက်ရှိပါကြောင်းနှင့် နိုင်ငံတော်၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကသော့ချက် မရှိမဖြစ် အခြေခံလိုအပ်ချက်ဖြစ်သည့် မျိုးကောင်းမျိုးသန့်ထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်းအား အဓိကသီးနှံများဖြစ်သော ဆန်စပါး၊ ဆီထွက်နှမ်း၊ ဝါဂွမ်း၊ အစေ့ထုတ်ပြောင်း၊ ကြံ၊ ရော်ဘာနှင့် အခြားသစ်သီးဝလံများ အပါအဝင် အထူးဦးစားပေးလုပ်ငန်းအဖြစ် စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

## တိုက်တွန်းအားပေး

မျိုးကောင်းမျိုးသန့်လိုအပ်ချက်အား စဉ်ဆက်မပြတ် အပြည့်အဝလုံလောက်စွာ ထုတ်လုပ်ဖြန့်ဖြူးပေးသွားနိုင်ရေးအတွက် တောင်သူလယ်သမားများ စိတ်ချယုံကြည်အားထားရနိုင်မည့် ခိုင်မာသော ပုဂ္ဂလိကအခန်းကဏ္ဍမှ မျိုးစေ့ထုတ်လုပ်ငန်းကုမ္ပဏီများ တည်ထောင်ပေါ်ထွန်းလာစေရေးကိုလည်း အထူးတိုက်တွန်းအားပေး ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)မှ ဦးလှဆွေ၏ **“မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့နယ်ရှိ မြစ်သာတမံကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မည်သည့်ခုနှစ်တွင် အပြီးသတ်ဖွင့်လှစ်နိုင်မည်ကို သိရှိလိုပါကြောင်း”** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့နယ်အတွင်း၌ မြစ်သာမြစ်ကို တမံပိတ်၍ ရေအားလျှပ်စစ် (၂၀) မဂ္ဂါဝပ် (၂)လုံး၊ စုစုပေါင်း (၄၀) မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည့် မြစ်သာရေလှောင်တမံဘက်စုံစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ၂၂-၄-၂၀၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ (၁/၂၀၁၁) ညှိနှိုင်းအစည်းအဝေးတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တင်ပြခဲ့၍ ခွင့်ပြုပေးပြီးဖြစ်ပါကြောင်း၊ ယခုအချိန်တွင် ယင်းစီမံကိန်း၏ ရေအားလျှပ်စစ်တည်ဆောက်ရေးလုပ်ငန်း အပါအဝင် စီမံကိန်းလုပ်ငန်းတစ်ရပ်လုံး၏ ၃၆ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည့်အပြင် လုပ်ငန်းဆိုင်ရာ ဒီဇိုင်း၊ ပုံစံများအားလုံးကိုလည်း ရေးဆွဲထုတ်လုပ်ပြီးစီးပြီဖြစ်ပါကြောင်း၊ နိုင်ငံတော်အပိုင်းမှလည်း ဦးစားပေးလုပ်ငန်းအစီအစဉ်များအရ ရန်ပုံငွေ ခွဲဝေချထားပေးနိုင်ရေး စီမံဆောင်ရွက်ပေးလျက်ရှိနေပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၈) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလှိုင် မေးမြန်းစဉ်။ (သတင်းစဉ်)

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၄) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်လှိုင် မေးမြန်းစဉ်။ (သတင်းစဉ်)

အနေဖြင့် ရန်ပုံငွေခွင့်ပြုချက်အပေါ် မူတည်၍ လုပ်ငန်းများကို ထိထိရောက်ရောက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ၂၀၁၃-၂၀၁၄ ခုနှစ်တွင် တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးအောင် ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

## ရယူအသုံးပြု

ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၅)မှ ဦးစောထွန်းမြအောင်၏ **“ယခင်က ဖာပွန်မြို့တွင် ရေအားလျှပ်စစ်ရှိသောကြောင့် မိုးရာသီကာလတွင် လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိပါကြောင်း၊ ယခုအခါ ရေအားလျှပ်စစ်အင်ဂျင်များမှာ ကာလအတန်ကြာပြုပြင်မှုမရှိခြင်းကြောင့် ပျက်စီးပြီး လည်ပတ်မှုမရနိုင်သည့် အခြေအနေရှိပါ၍ ပြန်လည်ပြင်ဆင်ပေးမည့် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း”** မေးခွန်းနှင့်စပ်လျဉ်း၍ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ဖာပွန်မြို့တွင် (၅၀)ကီလိုဝပ် အသေးစားရေအားလျှပ်စစ်စက်ရုံနှင့် (၁၂) ကီလိုဝပ် အသေးစားရေအားလျှပ်စစ်စက်ရုံတို့ဖြင့်လည်းကောင်း၊ (၁၃၂)ကေဗွီအေ မီးစက်တစ်လုံးနှင့် (၈၀) ကီလိုဝပ် မီးစက်တစ်လုံးတို့ဖြင့်လည်းကောင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးခဲ့ပါကြောင်း၊ ထို့အပြင် နယ်မြေခံတပ်နှင့် ပြည်သူ့ဆေးရုံတို့ကလည်း ယင်းတို့အစီအစဉ်ဖြင့် (၅) ကီလိုဝပ် အသေးစားရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ပြီး လျှပ်စစ်ဓာတ်အား ရယူအသုံးပြုခဲ့ပါကြောင်း၊ အသေးစားရေအားလျှပ်စစ်စက်ရုံများကို ဇွန်လမှ နိုဝင်ဘာလအထိ (၆) လခန့် လည်ပတ်နိုင်ပြီး ၁၈ နာရီမှ နာရီ ၂၀ အထိ မြို့ပေါ်အစိတ်အပိုင်းအချို့ကို ဒီဇယ်စက်ဖြင့်အတူ တွဲဖက်ပြီး လျှပ်စစ်ဓာတ်အားပေးခဲ့ပါကြောင်း။

အသေးစားရေအားလျှပ်စစ်စက်ရုံသည် ဖာပွန်မြို့နှင့် တစ်မိုင်ခွဲခန့်ကွာဝေးပြီး စက်ရုံဝန်းကျင်၌လည်း လူနေထိုင်မှုမရှိပါကြောင်း၊ ၂၀၀၈ခုနှစ် ဩဂုတ်လအတွင်းတွင် အသေးစားရေအားလျှပ်စစ်စက်ရုံ၏ ရေစုကန်၊ နုန်းစစ်ကန်နှင့်

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန် ကြီး ဌာ န ပြည်ထောင်စုဝန်ကြီး ဦး မြင့် လှိုင် မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

ရေသွယ်မြောင်းတစ်လျှောက် သဲနုန်းများရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေစဉ် သောင်းကျန်းသူများ ဝင်ရောက်ပစ်ခတ်မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင် (၃)ဦး ကျဆုံးခဲ့ရပါကြောင်း၊ နောက်ပိုင်းတွင် စက်ရုံလုံခြုံရေးအခက်အခဲကြောင့် အသေးစားရေအားလျှပ်စစ်စက်ရုံကို စက်များလည်ပတ်မှု ကောင်းနိုင်ရေးအတွက်သာ ရံဖန်ရံခါသာ သွားရောက်မောင်းနှင်ခဲ့ရပါကြောင်း၊ သို့ဖြစ်၍ ဖာပွန်မြို့ကို ဒီဇယ်ဓာတ်အားပေးစက်ဖြင့်သာ တစ်ရက်လျှင် (၂) နာရီ ပုံမှန် လျှပ်စစ်ဓာတ်အားပေးလျက်ရှိပါကြောင်း။

## ရှင်းလင်းဖြေကြား

ထို့နောက်ပိုင်းတွင်လည်း လုံခြုံရေးအခက်အခဲရှိသဖြင့် ဝန်ထမ်းများအနေဖြင့် စက်ရုံသို့သွားရောက်နိုင်ခြင်းမရှိပါကြောင်း၊ သို့ပါ၍ လုံခြုံရေးအခြေအနေကောင်းလာမှသာ စက်ရုံအားပြုပြင်ပြီး ပြန်လည်လည်ပတ်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ရေအားလျှပ်စစ်စက်ရုံ၏လုံခြုံရေးကို ဒေသအာဏာပိုင်များနှင့် ပြည်သူလူထုက ပူးပေါင်းဆောင်ရွက်နိုင်ရေး စီစဉ်သွားမည်ဖြစ်ပါကြောင်းနှင့် လုံခြုံရေးကောင်းမွန်ချိန်တွင် စက်များလည်ပတ်မောင်းနှင်ရေးကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃)မှ ဦးဖုန်းမြင့်အောင်၏ **“၁၈၉၄ ခုနှစ် အကျဉ်းထောင်များ လက်စွဲဥပဒေအရ အကျဉ်းထောင်များတွင် ရာထူးအလျောက် ဧည့်သည်များနှင့် ရပ်မိရပ်ဖဧည့်သည်များပါဝင်သော ဧည့်သည်များဘုတ်အဖွဲ့ ဖွဲ့စည်းမှုအခြေအနေ၊ အကျဉ်းသားများ၏ သက်သာချောင်ချိရေးအတွက် စိတ်ဝင်စားမှုရှိသော ရပ်မိရပ်ဖ လူကြီးလူကောင်းများအား ၎င်းတို့၏ ဆန္ဒအလျောက် ပေးအပ်သောတာဝန်ကို လက်ခံလျှင် အကျဉ်းထောင်များ၏ ရပ်မိရပ်ဖဧည့်သည်များအဖြစ် ခန့်ထားမှုအခြေအနေ၊ ဧည့်သည်များဘုတ်အဖွဲ့ ဖွဲ့စည်းခဲ့ပြီးဖြစ်သည်ဆိုလျှင် ရာထူးအလျောက် ဧည့်သည်များနှင့် ရပ်မိရပ်ဖ ဧည့်သည်များဘုတ်အဖွဲ့ မည်မျှရှိပါကြောင်းနှင့် အကျဉ်းထောင်လက်စွဲနှင့်အညီ ဧည့်သည်များ၏ ဘုတ်အဖွဲ့ ခန့်ထားမည်ဆိုလျှင် မည်သည့်အချိန်တွင် ခန့်ထားပေးမည်ကို သိရှိလိုပါကြောင်း”** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက အကျဉ်းထောင်ဧည့်သည်တော်များနှင့်ပတ်သက်ပြီး ၁၈၉၄ခုနှစ်၊ အကျဉ်းထောင်များလက်စွဲအပိုင်း (၁)၊ အခန်း (၄)၊ အပိုဒ် (၂၄)၊ အပိုဒ် (၂၆)နှင့် အပိုဒ် (၂၇)တို့တွင် ပြဋ္ဌာန်းထားရှိပါကြောင်း၊

ပဲခူးတိုင်း ဒေသကြီး မဲဆန္ဒနယ် အမှတ် (၄) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရဲမြင့် ဆွေးနွေးစဉ်။ (သတင်းစဉ်)

ရာထူးအလျောက် ဧည့်သည်များနှင့် ရပ်မိရပ်ဖဧည့်သည်များ၏ ဧည့်သည်များဘုတ်အဖွဲ့၏ လုပ်ငန်းတာဝန်များသည် အကျဉ်းထောင်အုပ်ချုပ်ရေးစနစ် ပိုမိုကောင်းမွန်စေရန်ဆိုသည့် ရည်ရွယ်ချက်ထားရှိသော်လည်း လက်တွေ့တွင် အကျဉ်းထောင်အာဏာပိုင်အဖွဲ့အစည်း၏ အုပ်ချုပ်မှုကို အကျဉ်းသားများက နာခံလိုစိတ်နည်းပါးလာပြီး ပြဿနာအသေးအဖွဲမှစ၍ အကျဉ်းထောင်ဧည့်သည်တော်အဖွဲ့ကိုတွေ့ပြီးမှ တင်ပြမည်ဟု ဖြစ်လာခဲ့ပါကြောင်း၊ အကျဉ်းထောင်အာဏာပိုင်အဖွဲ့အစည်းအပေါ်တွင် အကျပ်ကိုင်မှု၊ အနိုင်ကျင့်မှုများ၊ မခန့်လေးစားပြုလုပ်မှုများ၊ အကျဉ်းထောင်စည်းကမ်း ဖောက်ဖျက်မှုများ တဖြည်းဖြည်း များပြားလာရာမှ ဆူပူမှု၊ အကြမ်းဖက်မှု၊ ထောင်ပုန်ကန်မှုများအထိ ဖြစ်လာသဖြင့် ၁၉၇၅ခုနှစ်တွင် ဧည့်သည်များဘုတ်အဖွဲ့ထားရှိမှုကို ရပ်ဆိုင်းခဲ့ပါကြောင်း။

## စဉ်ဆက်မပြတ်

ထိုသို့ ဧည့်သည်တော်ဘုတ်အဖွဲ့ထားရှိမှုကို ရပ်ဆိုင်းခဲ့သော်လည်း ထိုနောက်ပိုင်းကာလမှ ယနေ့အချိန်အထိ ရာထူးအလျောက်အကျဉ်းထောင်များ၏ ဧည့်သည်များဖြစ်သည့် ခရိုင်/မြို့နယ်အဆင့် အုပ်ချုပ်ရေးမှူးများ၊ တရားသူကြီးများ၊ ရဲတပ်ဖွဲ့မှူးများ၊ဆရာဝန်များ၊ ရပ်မိရပ်ဖဧည့်သည်များဖြစ်သည့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီအသင်းဝင်များ၊ အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များသည် အကျဉ်းထောင်များကို လစဉ်ဝင်ရောက်ကြည့်ရှုခြင်း၊ အကျဉ်းသားများ၏ အခက်အခဲများကို ဖြေရှင်းပေးခြင်း၊ နှစ်သိမ့်ဆွေးနွေးအကြံပေးခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့အပြင် အကျဉ်းသားများ၏ပေးစာများကို သက်ဆိုင်ရာလိပ်စာသို့ ပေးပို့ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း စသည်တို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယင်းအဖွဲ့များက ဧည့်သည်များ ဘုတ်အဖွဲ့တာဝန်များ ဆောင်ရွက်ခဲ့ရာတွင် ၂၀၀၁ ခုနှစ်မှ ၂၀၁၁ ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့

အထိ အကျဉ်းထောင်အသီးသီးသို့ (၆၄၃) ကြိမ် အ…
ဝင်ရောက်ခဲ့ပြီး (၂၄၀၇ ဒသမ ၈ ) သန်းကျော်…
အခြားအသုံးအဆောင်ပစ္စည်းများကို လှူဒါန်းနိုင်ခဲ့…
စားမှုရှိသည့် ဆရာတော်၊ သံဃာတော်များ၊ ရပ်မိ…
များသည် ၎င်းတို့၏ဆန္ဒအလျောက် ရေသန့်စ…
ဘာသာရေးဆိုင်ရာ အဆောက်အအုံများ ပြုပြင်…
တရားစခန်းများဖွင့်လှစ်ခြင်း၊ တရားဓမ္မများ…
လုပ်ခြင်း၊ အသက်မွေးဝမ်းကျောင်းနှင့် စာပေပည…
ကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါကြော…

ယမန်နေ့က ဧရာဝတီတိုင်းဒေသကြီး မဲ…
မောင်ရီ တင်သွင်းထားသည့် **“ပို့ဆောင်ရေးဝ…
ဥပဒေများကို ဦးစားအဆင့်အလိုက် ပြင်ဆင်ရေး…
အတွက်ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား …**
ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၂)မှ ဦ…

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်…
ဦးဉာဏ်ထွန်းအောင်က ပို့ဆောင်ရေးဝန်ကြီးဌာနအ…
တွင် ခေတ်စနစ်နှင့်မလျော်ညီသည့် ဥပဒေများကို…
နုတ်ပယ်ခြင်းများကို ဆောင်ရွက်လျက်ရှိရာ ဥပဒေ…
၂၆-၈-၂၀၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော…
လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးပဉ္စမနေ့…
လွှတ်တော်မှ လက်ခံဆွေးနွေးရန် သဘောတူညီ…
ဝန်ကြီးဌာနသည် ရေကြောင်းနှင့် လေကြောင်း သ…
ကို တာဝန်ယူဆောင်ရွက်လျက်ရှိသော ဝန်ကြီးဌ…
နှင့်သက်ဆိုင်သည့် ဥပဒေ (၃)ခု၊ ရေကြောင်…
(၁၈) ခု၊ စုစုပေါင်းဥပဒေ (၂၁)ခုကို လက်တွေ…
အဆိုပါဥပဒေ (၂၁)ခုအနက်မှ မြန်မာ့ကြယ်ငါးပွ…
လိုက်နာကျင့်သုံးရန် မလိုအပ်တော့သည့်အတွက်…
ပယ်ဖျက်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဥပဒေ…

ပို့ဆောင်ရေးဝန်ကြီးဌာနသည် ရေကြောင်းန…
များကို အဓိကဆောင်ရွက်ရသော ဝန်ကြီးဌာနဖြစ်…
ပြင်ဆင်ရေးဆွဲရာတွင် ရေကြောင်းဘက်ဆိုင်ရာ…
သည့် အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ်…
Organization-IMO) မှ သတ်မှတ်ပြဋ္ဌာန်းထား…
ဆောင်ရွက်လျက်ရှိပြီး၊ လေကြောင်းပို့ဆောင်ရေ…
မြို့ပြလေကြောင်းအဖွဲ့ချုပ် (International Civil…
ICAO) ၏ စံချိန်စံညွှန်းများ Rule & Regula…
လိုက်နာ၍ ဥပဒေသစ်များ ရေးဆွဲနိုင်ရေးအတွ…
စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ဖြစ်ပါ၍…
အပြည်ပြည်ဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းများန…
နှင့် လိုက်လျောညီထွေသည့် အသုံးအနှုန်းများ၊ ပြ…
နိုင်ရေးအတွက် ဦးစားပေး (၁/၂/၃) အဆင့်…
ဖြစ်ပြီး ဦးစားပေးအဆင့် (၁) ဥပဒေခြောက်ခု…
ရှေ့နေချုပ်ရုံးသို့ ပေးပို့ထားပြီးဖြစ်ပါကြောင်း၊ ဦး…
ရှစ်ခုမှ ခေတ်နှင့် မလျော်ညီသည့် ပြဋ္ဌာန်းချက်…
များ၊ ပြင်ဆင်ရန်လိုအပ်သည့် ပြစ်မှု၊ ပြစ်ဒဏ်မျာ…
အတည်ပြုပြဋ္ဌာန်းနိုင်ရေး ရှေ့နေချုပ်ရုံးနှင့်…
ကြောင်း၊ ဦးစားပေးအဆင့် (၃) ဥပဒေခြောက်ခု…
ညီထွေစွာပြဋ္ဌာန်းနိုင်ရေးအတွက် ဝန်ကြီးဌာနအဆ…
လျက်ရှိပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေး…

ယမန်နေ့က စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒ…
တင်သွင်းထားသည့် **“ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး…
များမှ ပယ်ဖျက်၊ ပြင်ဆင်၊ ဖြည့်စွက်သင့်သော…
ပြင်ဆင်၊ ဖြည့်စွက်ရန် ပြည်ထောင်စုအစိုးရအား …**
ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၂)မှ ဦး…

## ပြန်လည်စိစစ်သုံးသပ်…

ယင်းအဆိုနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့်အ…
ဝန်ကြီး ဦးလှထွန်းက ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး…
ဥပဒေများကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ…
အရလည်းကောင်း၊ လက်ရှိခေတ်ကာလ အ…
ပြင်ဆင်သင့်သည်များ၊ ပယ်ဖျက်သင့်သည်များနှင့် ဆ…
ကို ပြန်လည်စိစစ်သုံးသပ်၍ ပြည်ထောင်စုရှေ့…
ဖြစ်ပါကြောင်း။

အမြတ်ခွန်ဥပဒေအား ရုပ်သိမ်းရေးအတွ…
ရုပ်သိမ်းသည့်ဥပဒေမူကြမ်းကို ဥပဒေအဖြစ်ပြဋ္ဌာန်…
လျက်ရှိသည့် ပြည်ထောင်စုလွှတ်တော်သို့ တင်…

ကျန်ရှိသည့် The Administration of Pu…
ရန်ပုံငွေ အက်ဥပဒေ၊ ၁၉၅၆ အပြည်ပြည်ဆိုင်ရာ…
သဘောတူစာချုပ်အက်ဥပဒေ၊ အပြည်ပြည်ဆိုင်…
ပတ်သက်ပြီး ပယ်ဖျက်ရေးကိစ္စကို ပြည်ထော…
ဆောင်ရွက်လျက်ရှိပါကြောင်း။

## ဥပဒေမူကြမ်း

ပြင်ဆင်ဖြည့်စွက်သင့်သည့် ဥပဒေမျ…
အက်ဥပဒေ၊ တံဆိပ်ခေါင်းခွန်အက်ဥပဒေ၊ ဝင်…
လုပ်ငန်းခွန်ဥပဒေတို့ကို လက်ရှိခေတ်ကာလ အ…
ပြင်ဆင်ဖြည့်စွက်ပြီး ပြဋ္ဌာန်းနိုင်ရေးအတွက် ဥ…
လျက်ရှိသည့် ပြည်ထောင်စုလွှတ်တော်သို့ တင်…

The Pension Act၊ The Foreign Ex…
မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ၊ မြန်မာနိုင်ငံတော်…
များဥပဒေတို့ကိုလည်း ခေတ်စနစ်နှင့်အညီ …
ဖြည့်စွက်ရန်အတွက် ပြည်ထောင်စုရှေ့နေချုပ်…
ကြောင်း။

ထို့အပြင် လွှတ်တော်ကိုယ်စားလှယ် ဦးသိန်…
ကျင့်သုံးနိုင်သော ဥပဒေများတွင်ပါရှိသည့် ဥပ…

31-8 (08-09).pmd 1 8/31/2011, 3:22 AM

အထိ အကျဉ်းထောင်အသီးသီးသို့ (၆၄၃) ကြိမ်၊ အလုပ်စခန်းများသို့ (၁၀၆) ကြိမ် ဝင်ရောက်ခဲ့ပြီး (၂၄၀၇ ဒသမ ၈ ) သန်းကျော် တန်ဖိုးရှိသည့် ဆေးဝါးနှင့် အခြားအသုံးအဆောင်ပစ္စည်းများကို လှူဒါန်းနိုင်ခဲ့ပါကြောင်း၊ ထို့အပြင် စိတ်ဝင်စားမှုရှိသည့် ဆရာတော်၊ သံဃာတော်များ၊ ရပ်မိရပ်ဖများ၊ လူကြီးလူကောင်းများသည် ၎င်းတို့၏ဆန္ဒအလျောက် ရေသန့်စက်ရုံများ ဆောက်လုပ်ခြင်း၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများ ပြုပြင်မွမ်းမံတည်ဆောက်ပေးခြင်း၊ တရားစခန်းများဖွင့်လှစ်ခြင်း၊ တရားဓမ္မများဟောကြားပြီး အလှူဒါနပြုလုပ်ခြင်း၊ အသက်မွေးဝမ်းကျောင်းနှင့် စာပေပညာများ သင်ကြားပို့ချခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ယမန်နေ့က ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)မှ ဦးခင်မောင်ရီ တင်သွင်းထားသည့် **“ပို့ဆောင်ရေးဝန်ကြီးဌာနမှ စီမံခန့်ခွဲသော ဥပဒေများကို ဦးစားအဆင့်အလိုက် ပြင်ဆင်ရေးဆွဲပြုစုရေး၊ ပြဋ္ဌာန်းနိုင်ရေးအတွက်ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း”** အဆိုကို ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၂)မှ ဦးညွန့်တင်က ဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က ပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် အစိုးရသစ်လက်ထက်တွင် ခေတ်စနစ်နှင့်မလျော်ညီသည့် ဥပဒေများကို ဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်း၊ နုတ်ပယ်ခြင်းများကို ဆောင်ရွက်လျက်ရှိရာ ဥပဒေများပြင်ဆင်နိုင်ရေးအတွက် ၂၆-၈-၂၀၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးပဉ္စမနေ့၌ လွှတ်တော်သို့တင်ပြခဲ့ရာ လွှတ်တော်မှ လက်ခံဆွေးနွေးရန် သဘောတူညီခဲ့ပါကြောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနသည် ရေကြောင်းနှင့် လေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်လျက်ရှိသော ဝန်ကြီးဌာနတစ်ခုဖြစ်ပြီး လေကြောင်းနှင့်သက်ဆိုင်သည့် ဥပဒေ (၃)ခု၊ ရေကြောင်းနှင့်သက်ဆိုင်သည့် ဥပဒေ (၁၈) ခု၊ စုစုပေါင်းဥပဒေ (၂၁)ခုကို လက်တွေ့ကျင့်သုံးလျက်ရှိပါကြောင်း၊ အဆိုပါဥပဒေ (၂၁)ခုအနက်မှ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းဥပဒေမှာ လိုက်နာကျင့်သုံးရန် မလိုအပ်တော့သည့်အတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ပယ်ဖျက်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဥပဒေ (၂၀)ခုကျန်ရှိပါကြောင်း။

ပို့ဆောင်ရေးဝန်ကြီးဌာနသည် ရေကြောင်းနှင့် လေကြောင်းဆိုင်ရာကိစ္စရပ်များကို အဓိကဆောင်ရွက်ရသော ဝန်ကြီးဌာနဖြစ်သည့်အားလျော်စွာ ဥပဒေများ ပြင်ဆင်ရေးဆွဲရာတွင် ရေကြောင်းဘက်ဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းဖြစ်သည့် အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ် (International Marine Organization-IMO) မှ သတ်မှတ်ပြဋ္ဌာန်းထားသော စံချိန်စံညွှန်းများအတိုင်း ဆောင်ရွက်လျက်ရှိပြီး၊ လေကြောင်းပို့ဆောင်ရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့ချုပ် (International Civil Aviation Organization-ICAO) ၏ စံချိန်စံညွှန်းများ Rule & Regulation များအတိုင်း တိကျစွာ လိုက်နာ၍ ဥပဒေသစ်များ ရေးဆွဲနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းအတိုင်း စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ ဥပဒေများပြင်ဆင်ရာတွင် အပြည်ပြည်ဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ကိုက်ညီမှုရှိပြီး ခေတ်စနစ်နှင့် လိုက်လျောညီထွေသည့် အသုံးအနှုန်းများ၊ ပြဋ္ဌာန်းချက်များ ရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက် ဦးစားပေး (၁/၂/၃) အဆင့်အလိုက် ရေးဆွဲပြုစုသွားမည်ဖြစ်ပြီး ဦးစားပေးအဆင့် (၁) ဥပဒေခြောက်ခုကို အတည်ပြုပြဋ္ဌာန်းနိုင်ရေး ရှေ့နေချုပ်ရုံးသို့ ပေးပို့ထားပြီးဖြစ်ပါကြောင်း၊ ဦးစားပေးအဆင့် (၂) ဥပဒေရှစ်ခုမှ ခေတ်နှင့် မလျော်ညီသည့် ပြဋ္ဌာန်းချက်များ၊ စကားလုံးအသုံးအနှုန်းများ၊ ပြင်ဆင်ရန်လိုအပ်သည့် ပြစ်မှု၊ ပြစ်ဒဏ်များအား ပြင်ဆင်ရေးဆွဲပြုစုပြီး အတည်ပြုပြဋ္ဌာန်းနိုင်ရေး ရှေ့နေချုပ်ရုံးနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဦးစားပေးအဆင့် (၃) ဥပဒေခြောက်ခုကို ခေတ်စနစ်နှင့် လိုက်လျောညီထွေစွာပြဋ္ဌာန်းနိုင်ရေးအတွက် ဝန်ကြီးဌာနအဆင့်အနေဖြင့် စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ယမန်နေ့က စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၉)မှ ဦးသိန်းဝင်း တင်သွင်းထားသည့် **“ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ စီမံခန့်ခွဲသော ဥပဒေများမှ ပယ်ဖျက်၊ ပြင်ဆင်၊ ဖြည့်စွက်သင့်သော ဥပဒေများကို ပယ်ဖျက်၊ ပြင်ဆင်၊ ဖြည့်စွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း”** အဆိုကို ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၂)မှ ဦးညွန့်တင်က ဆွေးနွေးသည်။

## ပြန်လည်စိစစ်သုံးသပ်

ယင်းအဆိုနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ စီမံခန့်ခွဲလျက်ရှိသည့် ဥပဒေများကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ အရလည်းကောင်း၊ လက်ရှိခေတ်ကာလ အခြေအနေအရလည်းကောင်း ပြင်ဆင်သင့်သည်များ၊ ပယ်ဖျက်သင့်သည်များနှင့် ဆက်လက်တည်ရှိသင့်သည်များကို ပြန်လည်စိစစ်သုံးသပ်၍ ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ပေးပို့ထားပြီးဖြစ်ပါကြောင်း။

အမြတ်ခွန်ဥပဒေအား ရုပ်သိမ်းရေးအတွက် အမြတ်ခွန်ဥပဒေအား ရုပ်သိမ်းသည့်ဥပဒေမူကြမ်းကို ဥပဒေအဖြစ်ပြဋ္ဌာန်းနိုင်ရေးအတွက် ယခုကျင်းပလျက်ရှိသည့် ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းထားပြီးဖြစ်ပါကြောင်း။

ကျန်ရှိသည့် The Administration of Public Funds Act၊ ဗိုလ်ချုပ်ရန်ပုံငွေ အက်ဥပဒေ၊ ၁၉၅၆ အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်းသဘောတူစာချုပ်အက်ဥပဒေ၊ အပြည်ပြည်ဆိုင်ရာ ကြီးပွားရေးဥပဒေတို့နှင့် ပတ်သက်ပြီး ပယ်ဖျက်ရေးကိစ္စကို ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း။

## ဥပဒေမူကြမ်း

ပြင်ဆင်ဖြည့်စွက်သင့်သည့် ဥပဒေများနှင့်ပတ်သက်ပြီး ရုံးခွန်အက်ဥပဒေ၊ တံဆိပ်ခေါင်းခွန်အက်ဥပဒေ၊ ဝင်ငွေခွန်ဥပဒေနှင့် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတို့ကို လက်ရှိခေတ်ကာလ အခြေအနေနှင့်ကိုက်ညီအောင် ပြင်ဆင်ဖြည့်စွက်ပြီး ပြဋ္ဌာန်းနိုင်ရေးအတွက် ဥပဒေမူကြမ်းကို ယခုကျင်းပလျက်ရှိသည့် ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းထားပြီးဖြစ်ပါကြောင်း။

The Pension Act၊ The Foreign Exchange Regulation Act၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ၊ မြန်မာနိုင်ငံတော် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေတို့ကိုလည်း ခေတ်စနစ်နှင့်အညီ လိုအပ်သည်များကို ပြင်ဆင်ဖြည့်စွက်ရန်အတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံးကို ညှိနှိုင်းထားပြီးဖြစ်ပါကြောင်း။

ထို့အပြင် လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဝင်းတင်ပြသည့် ဆက်လက်ကျင့်သုံးနိုင်သော ဥပဒေများတွင်ပါရှိသည့် ဥပဒေများကိုလည်း ပြန်လည်စိစစ်သုံးသပ်လျက်ရှိပြီး ခေတ်စနစ်နှင့်လျော်ညီအောင် လိုအပ်သည်များ ပြင်ဆင်ဖြည့်စွက်နိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြန်လည်ရှင်းလင်း ဆွေးနွေးပြီး ယင်းအဆိုကို လွှတ်တော်ကအတည်ပြုကြောင်း ကြေညာသည်။

ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၉)မှ ဒေါက်တာခင်ရွှေ တင်သွင်းထားသည့် **“လက်ရှိမြန်မာနိုင်ငံတွင် နိုင်ငံခြားငွေ ဖလှယ်နှုန်း အမျိုးမျိုးရှိနေရာမှ တစ်ခုတည်းသော နိုင်ငံခြားငွေ ဖလှယ်နှုန်းဖြစ်လာစေရန် လိုအပ်သည်များကို ယခုအချိန်မှ အစပျိုး၍ စီစဉ်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း”** အဆိုကို ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄)မှ ဦးရဲမြင့်နှင့် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၉)မှ ဦးသိန်းဝင်းတို့က ဆွေးနွေးခဲ့သည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက လက်ရှိနိုင်ငံခြားငွေလဲလှယ်နှုန်းအား နိုင်ငံအတွက် အကျိုးရှိပြီး တည်ငြိမ်သည့် နိုင်ငံခြားငွေလဲလှယ်နှုန်း သတ်မှတ်နိုင်ရေးသည် ငွေရေးကြေးရေးကဏ္ဍအတွက် မဖြစ်မနေ လိုအပ်ချက်တစ်ရပ်ဖြစ်ပါကြောင်း၊ နိုင်ငံခြားငွေလဲလှယ်နှုန်းပြောင်းလဲမှုကို စဉ်းစားဆောင်ရွက်ရာတွင် မိမိနိုင်ငံ၏ ငွေဖောင်းပွမှုနှုန်း၊ နိုင်ငံခြားသုံးသီးသန့်ရန်ပုံငွေ၊ ဂျီဒီပီ၊ ဘတ်ဂျက်လိုငွေဖြစ်ပေါ်မှု၊ အဓိကကုန်သွယ်ဖက်နိုင်ငံများ၏ ငွေလဲလှယ်နှုန်း၊ ကုန်သွယ်မှုပမာဏ၊ နယ်စပ်ကုန်သွယ်ရေးစသည့် အခြေအနေများကို ထည့်သွင်းစဉ်းစားရန် လိုအပ်ပါကြောင်း။

## ဦးစားပေးဆောင်ရွက်

မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့သို့ ၁၉၉၇ ခုနှစ်၊ ဇူလိုင် ၂၃ ရက်နေ့တွင် စတင်ဝင်ရောက်ခဲ့ပြီး အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများနည်းတူ ၂၀၁၅ ခုနှစ် အာဆီယံ စီးပွားရေးအသိုက်အဝန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါ အာဆီယံစီးပွားရေးအသိုက်အဝန်းမူကြမ်း (AEC Blue-print) နည်းဗျူဟာအစီအစဉ်အရ အာဆီယံအဖွဲ့ဝင်နိုင်ငံများအားလုံးသည် ၂၀၁၁ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၏ ပဋိညာဉ်အပိုဒ် (၈)ကို လိုက်နာကျင့်သုံးရန် နိုင်ငံများအားလုံးမှ သဘောတူထားပြီးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေနှင့် ပဋိညာဉ်အပိုဒ် (၈)ကို လိုက်နာကျင့်သုံးရန်အတွက် နိုင်ငံခြားငွေ ကန့်သတ်ချက်များအား ဖြေလျော့ရေးနှင့် နိုင်ငံခြားငွေ ပေါင်းစည်းရေးတို့ကို အဓိကဆောင်ရွက်ရမည်ဖြစ်သည့်အတွက် လက်ရှိအခြေအနေတွင် ဖြေလျော့နိုင်သည့်အပိုင်းများကို တစ်ဆင့်ပြီးတစ်ဆင့်ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတော်အနေဖြင့် နိုင်ငံတကာနှင့်လည်းကောင်း၊ ဒေသတွင်းနိုင်ငံများနှင့်လည်းကောင်း စီးပွားရေးဆက်စပ်ဆောင်ရွက်မှုများ တဖြည်းဖြည်းပိုမိုတိုးတက်များပြားလျက်ရှိရာ နိုင်ငံတကာနှင့် စီးပွားရေးဆောင်ရွက်ရာတွင် အဓိကအဟန့်အတားဖြစ်ပေါ်နေသည့် ငွေလဲလှယ်နှုန်းကွာဟချက်ကို ဈေးကွက်စီးပွားရေး ပီပြင်စွာဖြစ်ပေါ်လာခြင်းနှင့်အတူ ဖြေရှင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ ပဋိညာဉ်အပိုဒ် (၈)ပါ ပြဋ္ဌာန်းချက်များအား လိုက်နာဆောင်ရွက်ရန် လေ့လာရေးလုပ်ငန်းအဖွဲ့ ဖွဲ့စည်းပြီး ညှိနှိုင်းအစည်းအဝေးများဆောင်ရွက်ကာ မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် IMF အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် နိုင်ငံခြားငွေလဲလှယ်နှုန်းဆိုင်ရာ ဆွေးနွေးပွဲများ၊ သင်တန်းများသို့ သင်တန်းသားများ စေလွှတ်တက်ရောက်စေပြီး အခြားနိုင်ငံများ၏ အတွေ့အကြုံများကို လေ့လာဆည်းပူးကာ ပြန်လည်၍ ဆွေးနွေးပွဲများကျင်းပပြီး လေ့လာသုံးသပ်မှုများ ပြုလုပ်လျက်ရှိပါကြောင်း။

ဈေးကွက်စီးပွားရေးစနစ်ကို ပိုမိုသိသာမြင်သာအောင် ဆောင်ရွက်ရာတွင် နိုင်ငံခြားငွေလဲလှယ်နှုန်းပေါင်းစည်းရေးသည် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းတစ်ရပ်ဖြစ်ခြင်းကြောင့် အဆိုပါလုပ်ငန်းကို အကောင်အထည်ဖော်ရန် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံခြားငွေလဲလှယ်နှုန်းသည် နိုင်ငံ၏ငွေကြေးမူဝါဒ (Monetary Policy) တွင် အရေးကြီးသည့် ကိရိယာတစ်ခုဖြစ်သည့်အတွက် ဤကိစ္စကို အထူးအလေးထား ဆောင်ရွက်ရန်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံနှင့်ပြည်သူ့အကျိုးစီးပွားနှင့် နေ့စဉ်လူမှုစီးပွားဘဝများ ထိခိုက်မှုမရှိစေရန် ဦးစားပေး၍ ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း။

## အတည်ပြုကြေညာ

ငွေလဲလှယ်နှုန်းအမျိုးမျိုးကျင့်သုံးသည့်စနစ်ကို ငွေလဲလှယ်နှုန်းတစ်မျိုးတည်းအဖြစ် ပေါင်းစည်းရေးအတွက်ဆောင်ရွက်ရာတွင် တရားဝင်နိုင်ငံခြားငွေ ဈေးကွက်ရှိရန်လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် တရားဝင်နိုင်ငံခြားငွေ ဈေးကွက် ဖွံ့ဖြိုးမှုမရှိသေးသည့်အတွက် ငွေလဲလှယ်နှုန်း ပေါင်းစည်းရေးဆောင်ရွက်ရန်မှာ အချိန်ယူဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးပြီး ယင်းအဆိုကို လွှတ်တော်က အတည်ပြုကြောင်းကြေညာသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၉)မှ ဦးသိန်းဝင်းက **“အမေရိကန်တစ်ဒေါ်လာနှင့်ညီမျှသည့် မြန်မာကျပ်ငွေလဲလှယ်နှုန်းအား ပြင်ဆင်သတ်မှတ်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း”** အဆိုကိုလည်းကောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၉)မှ ဦးထွန်းလွင်က **“မြန်မာနိုင်ငံအတွင်း ထာဝရငြိမ်းချမ်းပြီး တည်ငြိမ်အေးချမ်းမှုတည်ဆောက်ထိန်းသိမ်းရေး အမြဲတမ်းကော်မတီတစ်ရပ်ဖွဲ့စည်းရေး”** အဆိုကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃)မှ ဦးတင်မောင်ဝင်းက **“ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ ရက် (၁၀၀) ကျော်ကာလအတွင်း ဆောင်ရွက်ချက်များကို လွှတ်တော်က ချီးကျူးမှတ်တမ်းတင်ပေးပါရန်”** အဆိုတို့ကို တင်သွင်းကြရာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးစီက ထောက်ခံဆွေးနွေးပြီး ယင်းအဆိုများကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၉)မှ ဦးသိန်းဝင်းက **“လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက စီမံခန့်ခွဲသောဥပဒေများမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူလယ်သမားများ လယ်ယာမြေလုပ်ပိုင်ခွင့် မဆုံးရှုံးစေရေး၊ လုံခြုံမှုအပြည့်အဝပေးနိုင်ရေး၊ စိုက်ပျိုးပြီးထွက်ရှိလာသည့် သီးနှံများ ဈေးနှိမ်မခံရရေးနှင့် ဈေးကွက်ရရှိရေး စသည်တို့ပါဝင်သည့် ဥပဒေအသစ်တစ်ခုရေးဆွဲပြီး ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေ၊ ၁၉၆၃ ခုနှစ် သီးစားချထားရေးဥပဒေ၊ ၁၉၆၃ ခုနှစ် တောင်သူလယ်သမားအခွင့်အရေး ကာကွယ်သည့်ဥပဒေများကို ဖျက်သိမ်းရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း”** အဆိုကိုတင်သွင်းရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံနှင့်အဝန်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့နည်းပပျောက်ရေးလုပ်ငန်းအား အမျိုးသားရေးတာဝန် အဓိကလုပ်ငန်းအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်သည် အဓိကဦးစားပေးလုပ်ငန်းအဖြစ်ပါဝင်နေပြီး လက်ငင်းလုပ်ငန်း၊ ရေတို၊ ရေရှည်လုပ်ငန်းများအဖြစ် လက်တွေ့ဖော်ဆောင်လျက်ရှိပါကြောင်း၊ တောင်သူလယ်သမားများအတွက် လက်တွေ့ကျပြီး အမှန်တကယ်အကျိုးပြုမည့် ဥပဒေများကိုလည်း ခေတ်ကာလနှင့်လျော်ညီစွာ ပြန်လည်ပြင်ဆင်သွားရန်မှာ အခြေခံလိုအပ်ချက်ဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရအသစ် စတင်ဖွဲ့စည်းခဲ့ပြီး ၃၀-၃-၂၀၁၁ ရက်နေ့ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်ပုံမှန်အစည်းအဝေးတွင် မိန့်ကြားခဲ့သည့် နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းတွင် ဖော်ပြပါရှိသော တောင်သူလယ်သမားများ၏ လယ်ယာလုပ်ပိုင်ခွင့်နှင့်ပတ်သက်သည့် ဥပဒေများပြုစုနိုင်ရေး လေ့လာရန်နှင့် လက်ရှိဥပဒေများကို ခေတ်နှင့်အညီ ပြင်ဆင်နိုင်ရေးအတွက် ပြန်လည်သုံးသပ်ဆောင်ရွက်ရန် လမ်းညွှန်မိန့်ကြားချက်အရ ခေတ်စနစ်နှင့်မလျော်ညီသည့် ဥပဒေများကို ရုပ်သိမ်းပြီး ဥပဒေအသစ် ပြင်ဆင်ရေးဆွဲပြဋ္ဌာန်းနိုင်ရေးနှင့် စပ်လျဉ်း၍ နိုင်ငံတော်အဆင့် ဥပဒေပြုရေးအဖွဲ့များကို ခိုင်မာစွာ ဖွဲ့စည်းထားရှိပြီးဖြစ်သည့်အားလျော်စွာ၊ သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဥပဒေပညာရှင်များအနေဖြင့် တောင်သူလယ်သမားများ၏ အကျိုးစီးပွားအား ထိရောက်စွာ လက်တွေ့ဖော်ဆောင်ပေးနိုင်မည့်ဥပဒေများ ရေးဆွဲပြဋ္ဌာန်းဆောင်ရွက်ပေးရန် အထူးလိုအပ်မည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။ ယင်းအဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ယင်းနောက် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့အစည်းအဝေးကို ညနေ ၃ နာရီ ၁၅ မိနစ်တွင် ရပ်နားလိုက်ပြီး အစည်းအဝေးအဋ္ဌမနေ့ကို ၂၀၁၁ ခုနှစ် ဩဂုတ် ၃၁ ရက် ဗုဒ္ဓဟူးနေ့ နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များမေးမြန်းသည့် မေးခွန်း (၇)ခုကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ဖြေကြားခြင်း၊ ယမန်နေ့က တင်သွင်းခဲ့သည့်အဆို (၃)ခုကို အတည်ပြုခြင်းနှင့် အဆိုအသစ် (၄)ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# ဟားခါးမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၌ သင်တန်းများဖွင့်လှစ်

**နေပြည်တော် ဩဂုတ် ၃၀**

ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်ငိုင်းသည် ဩဂုတ် ၂၉ ရက်တွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ချင်းပြည်နယ် ဟားခါးမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၌ ကျင်းပသော အခြေခံအိမ်တွင်းမှုသင်တန်းအမှတ်စဉ် (၄၇/၂၀၁၁)၊ အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ် (၃၀/၂၀၁၁)၊ သိုးမွေးစက်ဆွဲသင်တန်းအမှတ်စဉ်(၂၂/၂၀၁၁)၊ ကနုကမာကျောက်စီပန်းချီနှင့် အခြေခံလက်ရက်ကန်း သင်တန်း အမှတ်စဉ် (၂၁/၂၀၁၁) သင်တန်းဖွင့်ပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး သင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အစ္စရေးနိုင်ငံသံအမတ်ကြီးနှင့် စိုက်ပျိုးရေး သင်တန်းသား သင်တန်းသူများ တွေ့ဆုံ

**ရန်ကုန် ဩဂုတ် ၃၀**

အစ္စရေးနိုင်ငံ Ramat Negev Agro Research Center တွင် လုပ်ငန်းခွင် စိုက်ပျိုးရေးသင်တန်းနှင့် သုတေသနလုပ်ငန်းများသို့ တက်ရောက်သင်ကြားကြမည့် မြန်မာနိုင်ငံမှ သင်တန်းသား သင်တန်းသူများနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အစ္စရေးနိုင်ငံသံအမတ်ကြီးတို့ တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း UMFCCI Office Tower ရှိ မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်း ဒုတိယဥက္ကဋ္ဌ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများ အစုအဖွဲ့ဥက္ကဋ္ဌ ဦးစိန်ဝင်းလှိုင်က ကြိုဆို နှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် အစ္စရေးနိုင်ငံသံအမတ်ကြီး H.E.Mr. Yaron Mayer က အမှာစကားပြောကြားပြီး အစ္စရေးနိုင်ငံ၏ စိုက်ပျိုးရေး နည်းပညာသင်တန်းများ သင်ကြားပို့ချနေမှုကို ဗီဒီယိုပရိုဂျက်တာဖြင့် ပြသသည်။

(၁၁) လကြာမည့် သစ်သီးဝလံနှင့် ဆန်စပါးစိုက်ပျိုးရေး သုတေသနလုပ်ငန်းများ ဈေးကွက်တင်ရောင်းချရေး ခေတ်မီနည်းပညာသင်တန်းကို မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်း (စိုက်ပျိုးထုတ်လုပ်သူများ အစုအဖွဲ့)မှ ၁၁ ဦး၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းမှ ၁၄ ဦးနှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ ၂၄ ဦးတို့ တက်ရောက် သင်ကြားကြမည်ဖြစ်သည်။ **(သတင်းစဉ်)**

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၃၁-၈-၂၀၁၁ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

- ၅း၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်၊ခန္ဓသုတ်၊ မောရသုတ်၊ဝဋ္ဋသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ **ဝိပဿနာ** တရားတော် (အရှင်ဥတ္တရ ကျိုက်ဒေးယျုံဆရာတော်)
- ၆း၄၅ နိဗ္ဗာန်သို့ရည်မျှော် ပန်းစေတီနဲ့ပူဇော်
- ၆း၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၁၁၂)
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၅၄)
- ၈း၅၀ ezy ACOUSTIC SHOW (Part-2)
- ၉း၄၅ အားကစားမြင်ကွင်းစုံ
- ၁၀း၂၀ မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို)နှင့်တွေ့ဆုံဆွေးနွေးခြင်း
- ၁၀း၄၅ ခေတ်ပုံထဲကအမှတ်တရများ (တွယ်တာ)
- ၁၁း၂၀ Activities in the City (ဂျော်နီ၏အနိုင်နဲ့ပိုင်းခြင်း တေးစီးရီး မိတ်ဆက်ပွဲ)
- ၁၁း၃၅ တောင်စွန်းဓမ္မဒူတမှ အလှူတော်မင်္ဂလာ
- ၁၁း၄၅ ဆေးလိပ်ဖြတ်ပွဲအခမ်းအနား [ပါမောက္ခခင်မောင်ဝင်း(အသည်း)]
- ၁၂း၀၅ Activities in the City အမက(၁၂)ရန်ကင်း၏ မြတ်ဆရာပူဇော်ပွဲ
- ၁၂း၂၀ မွေခံထိုက်စေ
- ၁၂း၃၅ Activities in the City (Father Land ၏ ဂုဏ်ယူဖွယ်ရာနေ့နှင့် Nibban ၏အရောင်းပြခန်းဖွင့်ပွဲ)
- ၁း၀၀ **ဝိပဿနာ** တရားတော် (အရှင်ဥတ္တရ ကျိုက်ဒေးယျုံဆရာတော်)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ စကားနပန်း **မင်္ဂလာဆောင်သွားတာကောင်းတယ်၊ မင်္ဂလာဆောင်မသွားတာကောင်းတယ်**
- ၃း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း ၁၁၂)
- ၄း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၅၄)
- ၅း၁၅ နေရာလွဲမှား သားအိမ်အတွင်းသားဆေးပညာရှင်များတွေ့ဆုံဆွေးနွေးခြင်း (ဒုတိယပိုင်း) (ပါမောက္ခဒေါက်တာမြင့်မောင်မောင်)
- ၅း၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၆း၀၀ MRTV -4 သတင်း
- ၆း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၁၁၃)
- ၇း၀၅ ezy ACOUSTIC SHOW (Part-3)
- ၈း၀၀ MRTV -4 သတင်း
- ၈း၃၀ Cartoon Show Time (The Last Unicom)
- ၉း၁၀ Celebrity Style (ဟဲလေး)
- ၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း ၅၅)
- ၁၀း၃၀ သင်ကြားရေးလမ်းညွှန် STRATEGY FIRST (Strategy, Brand & Marketing Institute)
- ၁၀း၄၅ Industrial Talk [ဒေါ်အုံးရီ၊ ဒေါက်တာတင်အောင်ရွှေ (သုတေသီ)]
- ၁၁း၂၀ နေချင်စဖွယ်အိမ်အလှဆင်ကြမယ် (ရုပ်ကွက်ထဲက လုံးချင်းအိမ်ကလေး)
- ၁၁း၃၅ World Championships Athleties, Daegu
- ၁၂း၃၅ နာတာရှည်ကျောက်ကပ် အလုပ်မလုပ်(သို့)အားနည်းရောဂါ အကြောင်း(ပါမောက္ခဒေါက်တာ ခင်မောင်ဌေး)
- ၁း၀၀ World of Knowledge (Asia's Titanic)
- ၁း၅၀ **လောကရဲ့ အလှရတနာ** ရဲအောင်၊ သူထူးစံ၊ မေသဉ္ဇာဦး၊ ပွင့်နဒီမောင်၊ ချစ်စနိုးဦး၊ မေကဗျာ
- ၂း၀၅ ဖန်တီးသူနှင့်အနုပညာ ချစ်သုဝေ(အပိုင်း-၂)
- ၂း၃၀ စိုက်ပျိုးဖို့လွယ်ကူစေတာ ကောက်ရိုးမှိုပါ
- ၂း၄၀ Shooting Location (မျက်ခြယ်ခြံ)
- ၃း၀၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄း၀၅ ကြည်လင်သောရေ၏ လျှို့ဝှက်ချက်
- ၄း၂၀ မဋ္ဌိမဂုဏ်ရည် မဟာစည်သာသနာ့ရိပ်သာ
- ၄း၃၅ အေးချမ်းသာ…ဝါဠုက

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက် တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

# ကနေဒါနိုင်ငံ ကွီဘက်ပြည်နယ်၌ ရဟတ်ယာဉ်ပျက်ကျ ယာဉ်ပေါ်လိုက်ပါသူ လေးဦးစလုံးသေဆုံး

အော့တဝါ ဩဂုတ် ၃၀

ဩဂုတ် ၂၉ ရက် ညပိုင်းက ကနေဒါနိုင်ငံ ကွီဘက်ပြည်နယ်အတွင်း ရဟတ်ယာဉ်တစ်စင်းပျက်ကျခဲ့ရာ လေယာဉ်ပေါ်လိုက်ပါလာသည့် အမျိုးသားနှစ်ဦး၊ အမျိုးသမီးတစ်ဦးနှင့် ကလေးတစ်ဦးတို့ လေးဦးစလုံး သေဆုံးခဲ့သည်။

**ပျက်ကျခဲ့**

ကွီဘက်မြို့တောင်ဘက် ကီလိုမီတာ ၁၀၀ ခန့်အကွာ သစ်တောထူထပ်ရာ နယ်မြေအတွင်း ည ၉ နာရီ ၁၅ မိနစ်ခန့်က ယင်းရဟတ်ယာဉ် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း ဒေသခံရဲတပ်ဖွဲ့က ပြောကြားသည်။ (ဓာတ်ပုံ)

**စုံစမ်းလျက်ရှိ**

ရဟတ်ယာဉ်ပေါ်ရှိ လူနှစ်ဦးမှာပျက်ကျသည့်နေရာ၌ပင် သေဆုံးခဲ့ပြီး ကျန်နှစ်ဦးမှာ ဆေးရုံရောက်မှ သေဆုံးခဲ့ခြင်းဖြစ်သည်။ ထိုရဟတ်ယာဉ်သည် လူလေးဦးစီး ရော်ဘင်ဆင် R-44 ရဟတ်ယာဉ်ဖြစ်ပြီး လေယာဉ်ပျက်စီးခဲ့သော်လည်း မီးလောင်မှုမဖြစ်ခဲ့ကြောင်း သိရသည်။ ရဟတ်ယာဉ်ပျက်ကျရခြင်းအကြောင်းရင်းကို စုံစမ်းလျက်ရှိသည်ဟု ရဲတပ်ဖွဲ့က ထပ်လောင်းပြောကြားခဲ့သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

# အမေရိကန်၌ အိုင်ရင်းမုန်တိုင်းကြောင့် ၃၈ ဦးသေဆုံး မြောက်ကာရိုလိုင်းနားပြည်နယ်ဆေးရုံ၌ မုန်တိုင်းတိုက်ခတ်နေချိန် ရင်သွေးငယ် ၁၈ ဦးမွေးဖွား

ဝါရှင်တန် ဩဂုတ် ၃၀

အိုင်ရင်းဟာရီကိန်းမုန်တိုင်းသည် အမေရိကန်နိုင်ငံ အရှေ့ဘက်ကမ်းရိုးတန်းဒေသရှိ မြောက်ကာရိုလိုင်းနားပြည်နယ်သို့ ဩဂုတ် ၂၉ ရက်က ဝင်ရောက်တိုက်ခတ်ခဲ့ပြီး နယူးဂျာစီနှင့်ဗာမွန့်ဒေသများသို့လည်း တိုက်ခတ်ခဲ့ရာ လူသေဆုံးမှုများဖြစ်ပေါ်ခဲ့ပြီး ၁၀ စုနှစ်အတွင်း အဆိုးရွားဆုံးရေလွှမ်းမှုများဖြစ်ပေါ်ခဲ့ကြောင်း အမေရိကန်အမျိုးသားဟာရီကိန်းဌာနက ဩဂုတ် ၃၀ရက်၌ သတင်းထုတ်ပြန်သည်။

**နေအိမ်များပျက်စီး**

မိုးသည်းထန်ပြီး ရေလွှမ်းမှုကြောင့် နေအိမ်များ **(ယာပုံ)**ပျက်စီးခဲ့ကာ အမေရိကန်အရှေ့ဘက်ကမ်းရိုးတန်းဒေသတွင် မုန်တိုင်းကြောင့် သီတင်းတစ်ပတ်အတွင်း ပြည်နယ် ၁၁ ပြည်နယ်၌ သေဆုံးသူဦးရေ ၃၈ ဦးခန့်ရှိခဲ့သည်။

ကရစ်ဘီယံပင်လယ်တွင် အိုင်ရင်းမုန်တိုင်းစတင်ဖြစ်ပေါ်တိုက်ခတ်ခဲ့ရာတွင် ဒိုမီနီကန်နှင့်ပွာတိုရီကိုနိုင်ငံတို့တွင်လည်း သုံးဦးသေဆုံးခဲ့သည်။ နယူးယောက်မြို့တွင်လည်း အိုင်ရင်းမုန်တိုင်းဒဏ်ကြောင့် လူတစ်သန်းခန့် ဓာတ်အားပြတ်တောက်မှုနှင့် ကြုံတွေ့ခဲ့ရသည်။ ယခုအချိန်အထိ မြောက်ကာရိုလိုင်းနားပြည်နယ်တွင် အိမ် ၅ ဒသမ ၁ သန်းခန့် ဓာတ်အားပြတ်တောက်နေဆဲဖြစ်သည်။

**စံချိန်တင်မွေးဖွား**

၎င်းမုန်တိုင်းတိုက်ခတ်နေစဉ်မှာပင် မြောက်ကာရိုလိုင်းနားပြည်နယ် ဆေးရုံတွင် ၁၈နာရီအတွင်း ရင်သွေးငယ် ၁၈ ဦးကိုမွေးဖွားခဲ့ရာ နေ့စဉ် ပုံမှန် ရင်သွေး ၁၀ ဦးမှ ၁၁ ဦးသာမွေးဖွားခဲ့ရာမှ စံချိန်တင်မွေးဖွားခဲ့သည်က ထူးခြားမှုဖြစ်ခဲ့သည်။

**(အင်တာနက်)**

## နိုင်ငံတကာသတင်းအတိုအထွာ (၃၀-၈-၂၀၁၁)

ဇော်ဦးခိုင် – စုစည်းသည်

### မက္ကဆီကို၌ ကာစီနိုမီးရှို့သူငါးဦးအား ဖမ်းဆီးထား

ပြီးခဲ့သည့်အပတ်အတွင်းက မက္ကဆီကိုနိုင်ငံရှိ ကာစီနိုပျော်ပွဲစားရုံကို မီးရှို့တိုက်ခိုက်ခဲ့မှုတွင် ပါဝင်ပတ်သက်သူ မူးယစ်ဂိုဏ်းဝင် လူငါးဦးအား ဖမ်းဆီးထားကြောင်း ဩဂုတ် ၃၀ ရက် အင်တာနက်သတင်းအရ သိရသည်။ ဩဂုတ် ၂၅ ရက် ကာစီနိုမီးရှို့တိုက်ခိုက်မှုသည် မက္ကဆီကို၌ နှစ်ပေါင်းများစွာအတွင်း အဆိုးရွားဆုံး အရပ်သားများ တိုက်ခိုက်ခံရမှုတစ်ရပ်ဖြစ်ပြီး လူပေါင်း ၅၂ ဦး သေဆုံးခဲ့ရသည်။ **အမ်အင်န်အေ၊ရိုက်တာ**

### ဩစတြေးလျတွင် လေယာဉ်ငယ်နှစ်စင်း တိုက်မိ

**ဩစတြေးလျအနောက်ပိုင်းရှိ ဆဲလ်ဘတ်ချ်မြို့ငယ်တွင် ဩဂုတ် ၂၉ ရက်နေ့လယ်ပိုင်းက လေယာဉ်ငယ်နှစ်စင်းတိုက်မှုဖြစ်၍ လူသုံးဦးသေဆုံးခဲ့ပြီး လေယာဉ်မှူးတစ်ဦးမှာ ဒဏ်ရာအပြင်းအထန် ရရှိသွားခဲ့သည်။**

**လေယာဉ်ငယ်နှစ်စင်းတိုက်မိခဲ့သည့်နေရာမှာ ဖဲလ်ကမ်းဆီးလေယာဉ်ကွင်းမှ ဝေဟင်အမြင့်မီတာ ၄၀ နှင့် ၅၀ ကြားတွင်ဖြစ်ကြောင်း ဩစတြေးလျား သတင်းဌာန အေပီအေက သတင်းထုတ်ပြန်သည်။** အမ်အင်န်အေ၊ဆင်ဟွာ

### ဘဂ္ဂဒက်၌ ဗုံးပေါက်ကွဲ၊ လူ ၂၈ ဦး သေဆုံး

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ဩဂုတ် ၂၉ရက်က အဆောက်အအုံတစ်ခုအတွင်း အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် ၂၈ဦးသေဆုံးကာ ၄၀ခန့် ဒဏ်ရာရရှိခဲ့ကြောင်း အီရတ်ရဲတပ်ဖွဲ့က ဩဂုတ် ၃၀ ရက်၌ ပြောကြားသည်။

ဘဂ္ဂဒက်မြို့အနောက်ပိုင်းရှိ အမ်အယ်ကူရာအမည်ရှိ အဆောက်အအုံအတွင်း ဝင်ရောက်ကာ ခန္ဓာကိုယ်အတွင်း ချည်နှောင်ထားသော ဗုံးများကို ဖောက်ခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ သေဆုံးဒဏ်ရာရရှိသူများမှာ လူငယ်များ ဖြစ်ပြီး ဗုံးဖောက်ခွဲတိုက်ခိုက်ခံရပြီးနောက် ၎င်းနေရာဝန်းကျင်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ပိတ်ဆို့ထားခဲ့သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

### နိုင်ဂျီးရီးယား၌ မိုးသည်းထန်ပြီး ရေလွှမ်း၊ သေဆုံးသူ ၂၀ ရှိ

**နိုင်ဂျီးရီးယား အနောက်တောင်ပိုင်းတွင်ရေလွှမ်းမှုကြောင့် သေဆုံးသူဦးရေ ၂၀ ရှိကြောင်း နိုင်ငံ၏အရေးပေါ်ကယ်ဆယ်ရေးအေဂျင်စီက ဩဂုတ် ၂၉ရက်၌ အတည်ပြုပြောကြားသည်။ ဩဂုတ် ၂၆ရက်မှစတင်ကာ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းခဲ့သဖြင့် ရေကြီးမှုများဖြစ်ပေါ်ခဲ့ပြီး ယင်းဒေသတွင် နေထိုင်သူထောင်ပေါင်းများစွာကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။**

(အင်တာနက်)

## မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် – ရေးသားသည်

# ပါကစ္စတန်၌ ရထားနှစ်စင်းတိုက်မှုဖြစ်

**အစ္စလမ္မာဘတ် ဩဂုတ် ၃၀**

ပါကစ္စတန်နိုင်ငံလာဟိုးမြို့အရှေ့ပိုင်းတွင် ဩဂုတ် ၃၀ ရက် နံနက်က ရထားနှစ်စင်းတိုက်မိခဲ့ရာ ခရီးသည်ငါးဦးသေဆုံးပြီး ၂၅ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အူရဒူရုပ်မြင်သံကြားသတင်းဌာနက သတင်းထုတ်ပြန်သည်။

ဖြစ်ပွားမှုမှာ လာဟိုးမြို့တွင်း ဖြတ်သန်းဖောက်လုပ်ထားသော ရထားလမ်း၌ ကလေးငယ်တစ်ဦးသေဆုံးစေခဲ့သည့် ရထားတိုက်မှုဖြစ်ပွားပြီး ရပ်တန့်ထားသော ခရီးသည်တင်ရထားကို ကုန်တင်ရထားတစ်စင်းက နောက်မှဝင်တိုက်မိခဲ့ခြင်းဖြစ်သည်ဟု မီဒီယာများက ဖော်ပြသည်။ **(အပေါ်ပုံ)**

**ဝင်တိုက်မိခဲ့**

၎င်းကုန်တင်ရထားအား လမ်းကြောင်းပြောင်းပေးရန် တာဝန်ရှိသူများက မေ့လျော့ခဲ့သဖြင့် ရပ်တန့်ထားသော ခရီးသည်ရထားကို ဝင်တိုက်မိခဲ့ခြင်းဖြစ်သည်။ ယခုရထားနှစ်စင်းတိုက်မှုကြောင့် သေဆုံးသူဦးရေတိုးလာဖွယ်ရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ အဆိုပါ ကုန်တင်ရထားမှာ ပက်ရှ်ဝါမြို့မှ ကရာချိမြို့သို့ မောင်းနှင်လာခြင်းဖြစ်ပြီး လာဟိုးမြို့ကို ဖြတ်သန်းပြီး အရှိန်ပြင်းစွာမောင်းနှင်လာစဉ် တိုက်မိခဲ့သဖြင့် ခရီးသည်အများအပြား ဒဏ်ရာပြင်းထန်ခဲ့ခြင်းဖြစ်သည်။ ကယ်ဆယ်ရေးအဖွဲ့များက ဒဏ်ရာရရှိသူများကို ဆေးရုံသို့ တင်ပို့ပေးခဲ့သည်။ **(အင်တာနက်)**

# မြေအောက်၌ ပိတ်မိနေသော တရုတ်မိုင်းလုပ်သားများအား ကယ်ဆယ်နိုင်

ပေကျင်း ဩဂုတ် ၃၀

**တရုတ်နိုင်ငံအရှေ့မြောက်ပိုင်း ဟေလုံကျန်ပြည်နယ်တွင်ရှိသော ကျောက်မီးသွေးမိုင်းတွင်းတစ်တွင်း၌ ရေများစီးဝင်ပြီး မြေအောက်၌ ဩဂုတ် ၂၃ရက် ကတည်းက ပိတ်မိနေခဲ့သော မိုင်းလုပ်သား ၁၉ ဦးအား ဩဂုတ် ၂၉ရက် နံနက်က အောင်မြင်စွာကယ်ထုတ်နိုင်ခဲ့ပြီဖြစ်ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။**

ဩဂုတ် ၂၃ရက်က ဟန်တေအမည်ရှိ ကျောက်မီးသွေးမိုင်းတွင်း မြေအောက်၌ လုပ်ငန်းခွင်ဝင်နေကြသော မိုင်းလုပ်သား၂၆ ဦးတို့သည် ကပ်လျက်ရှိသည့် ရေပြည့်နေသော အခြားကျောက်မီးသွေးတွင်းနံရံကို တူးဖောက်မိရာမှ ရေများစီးဝင်ခဲ့ရာ မြေအောက်၌ သီတင်းတစ်ပတ်ခန့်ကြာမျှ ပိတ်မိနေခဲ့ကြခြင်းဖြစ်သည်။

ကယ်ဆယ်ရေးအဖွဲ့များက မိုင်းလုပ်သားများကို ကယ်ဆယ်နိုင်ရေးကြိုးစားခဲ့ရာ ဩဂုတ် ၂၇ ရက်က မိုင်းလုပ်သားသုံးဦးအား ကယ်ဆယ်နိုင်ခဲ့ပြီး ယခု ဩဂုတ် ၂၉ ရက်နံနက်၌ မိုင်းလုပ်သား ၁၉ ဦးအား အသက်ရှင်လျက်ကယ်ထုတ်နိုင်ခဲ့သည်။ ယခုအခါ စုစုပေါင်းမိုင်းလုပ်သား ၂၂ ဦးအား ကယ်ဆယ်နိုင်ခဲ့ပြီး ကျန်မိုင်းလုပ်သားလေးဦးကို ရှာဖွေလျက်ရှိသည်။

မိုင်းလုပ်သားများအား ကယ်ဆယ်ရာတွင် မိုင်းတွင်းအတွင်းသို့ လူလိုက်ပါ၍ရသောသံမဏိချောင်းချ၍ တစ်ဦးချင်းဆွဲတင်ကယ်ဆယ်ခဲ့ခြင်းဖြစ်သည်။ အပြင်ဘက်သို့ ရောက်လာသောမိုင်းလုပ်သားတစ်ဦးအား ဟေလုံကျန်ပြည်နယ် အုပ်ချုပ်ရေးမှူးက နာမည်ဘယ်လိုခေါ်ပါသလဲဟုမေးမြန်းရာ **"လူမင်းစင်ဖြစ်ပါတယ်။ ကျေးဇူး တင်ပါတယ်"** ဟု ပြန်လည်ပြောကြားခဲ့သည်။ ကယ်ဆယ်နိုင်ခဲ့သော မိုင်းလုပ်သား ၁၉ ဦးသည် ကျန်းမာရေးအခြေအနေ ကောင်းမွန်သော်လည်း ဆေးစစ်မှုခံယူရန်လိုအပ်သဖြင့် ဆေးရုံသို့တင်ပို့ပေးခဲ့သည်။

**ကယ်ဆယ်နိုင်ခဲ့**

မြေအောက်၌ ရေများစီးဝင်ပြီး ရေကြီးမှုဖြစ်နေသော်လည်း မိုင်းတွင်း နံရံမြင့်မားသဖြင့် မိုင်းလုပ်သားများအသက်ရှင်နေခြင်းဖြစ်သည်။ ၎င်းတို့သည် မြေအောက်အနက် ၂၇၈ မီတာ၌ ပိတ်မိနေခြင်းဖြစ်ပြီး မြေပြင်ပေါ်မှ အောက်ဆီဂျင် လွှတ်ပေးထားခဲ့၍ အသက်ရှင်လျက်ကယ်ဆယ်နိုင်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**



**တရုတ်နိုင်ငံအရှေ့မြောက်ပိုင်း ဟေလုံကျန်ပြည်နယ်ရှိ ဟန်တေကျောက်မီးသွေးမိုင်းတွင်း အောက်၌ ပိတ်မိနေသော မိုင်းလုပ်သားများကို ကယ်ဆယ်ရေးအဖွဲ့ဝင်များက ဤသို့ ကယ်ဆယ်ခဲ့ကြသည်။**

(အင်တာနက်ဓာတ်ပုံ)

နီလာ
[illegible]

# စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

လားရှိုးမြို့နေ
ဦးဘခင်(ခ)ဦးကျော်လွင်(နောင်ကွဲ သစ်စက်ပိုင်)-
ဒေါ်လှလှ(စားထွေမန်နေဂျာ-ငြိမ်း) တို့၏သား
**သားကြီး(ခ)မောင်ကျော်သူရလွင်** (Software Engineer UK)
နှင့်
ရန်ကုန်မြို့နေ
ဦးငြိမ်းမောင်[အထွေထွေမန်နေဂျာ(ငြိမ်း)၊
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း]-ဒေါ်အမာလေး (အထပြ-ငြိမ်း)တို့၏ သမီးထွေး
**မကြည်သာအေး** Programmer (UK)
တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူညီချက်အရ ၂၁-၈-၂၀၁၁ရက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်ကျော်သူရလွင်-မကြည်သာအေး**

**ဖခင်အမည်မှန်**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အထက(၃) တက္ကသိုလ်ဝင်တန်း(S)မှ မမေမြတ်နိုးနှင့် အမက(၁၄) မူလွန်မှ မောင်ကျော်ဇေယျတို့၏ ဖခင်အမည်မှန်မှာ ကိုအေးဝင်း ၁၂/မရက(နိုင်)၁၁၂၈၃၇ ဖြစ်ပါသည်။

ဦးသာရင် ၏ သွက်ချာပါဒ လေငန်းဆေးပြား
Certificate TH09/3115
ISO 9001:2008 နှင့် GMP
Certificate TH06/7966.01

မြန်မာ့အလင်း ပြည်တွင်းအားကစား ပြည်တွင်းအားကစား ပြည်တွင်းအားကစား

## အမျိုးသားတံခွန်စိုက် အလေးမပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲကျင်းပ

*ရန်ကုန် ဩဂုတ် ၃၀*

အားကစားနှင့်ကာယပညာ ဦးစီးဌာနနှင့်မြန်မာနိုင်ငံအလေးမ အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော (၄၃)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ်အလေးမပြိုင်ပွဲနှင့် ၂၀၁၁ ခုနှစ် အမျိုးသားတံခွန်စိုက် အလေးမပြိုင်ပွဲ ဗိုလ်လုပွဲများကို ဩဂုတ် ၂၉ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ကျင်းပရာ အမျိုးသားတံခွန်စိုက် ၆၉ကီလိုတန်းပြိုင်ပွဲတွင် ရဲထွန်းနောင် (လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန) က ပထမနှင့် ကျော်သိန်းစိုး(ရန်ကုန်တိုင်းဒေသကြီး)က ဒုတိယ၊ အမျိုးသား တံခွန်စိုက် ၇၇ ကီလိုတန်းပြိုင်ပွဲတွင် ကျော်မိုးဝင်း (လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန)က ပထမနှင့် စသန်းထိုက်ဝင်း (ကာကွယ်ရေး) ကဒုတိယ၊ အမျိုးသားတံခွန်စိုက် ၈၅ ကီလိုနှင့် အထက်တန်းပြိုင်ပွဲတွင် ကျော်ထွန်းအောင်က ပထမရရှိကြပြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများက ဆုများကို ချီးမြှင့်ကြသည်။

**ချီးမြှင့်**

ဆက်လက်၍ အမျိုးသား တံခွန်စိုက် အလေးမပြိုင်ပွဲတွင် အကောင်းဆုံး အမျိုးသားအလေးမသမားဆုကို ၇၇ ကီလိုတန်းမှ ကျော်မိုးဝင်း(လယ်ယာ စိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန) က လည်းကောင်း၊ အကောင်းဆုံး အမျိုးသမီး အလေးမသမားဆုကို ၅၃ ကီလိုတန်းမှ အေးသန္တာလွင် အမှတ်(၁)စက်မှုဝန်ကြီးဌာန (က) ကလည်းကောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အမျိုးသား အကောင်းဆုံးအလေးမသမားဆုကို ၆၉ကီလိုတန်းမှ ဝင်းမိုးဦး(မကွေးတိုင်းဒေသကြီး) ကလည်းကောင်း၊ အမျိုးသမီးအကောင်းဆုံးအလေးမ သမားဆုကို ၄၈ကီလိုတန်းမှ ညိုညို (တနင်္သာရီတိုင်းဒေသကြီး) ကလည်းကောင်းရရှိကြပြီး မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်အေးက ဆုများကို ချီးမြှင့်သည်။

ယင်းနောက် အသင်းလိုက် တံခွန်စိုက်ဆုများကို ဆက်လက်ချီးမြှင့်ရာ အမျိုးသားတံခွန်စိုက်ပြိုင်ပွဲတွင် အမျိုးသားအသင်းလိုက် တံခွန်စိုက်ဆုရ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်း၊ အမျိုးသမီးအသင်းလိုက် တံခွန်စိုက်ဆုရ အမှတ်(၁) စက်မှုဝန်ကြီးဌာန(က)အသင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အလေးမပြိုင်ပွဲတွင် အမျိုးသားအသင်းလိုက် တံခွန်စိုက်ဆုရ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့်အမျိုးသမီးအသင်းလိုက် တံခွန်စိုက်ဆုရ ရန်ကုန်တိုင်းဒေသကြီးအသင်းတို့အား မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းလွင်က ဆုများကို ချီးမြှင့်ခဲ့သည်။

**စံချိန်သစ်တင်**

အဆိုပါပြိုင်ပွဲ၏ ၇၇ ကီလိုတန်း၌ ကျော်မိုးဝင်း(လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)က ဇွန် ၂၂ရက်တွင် ၎င်းတင်ထားသော အမြန်မ ၁၃၄ ကီလိုကို ၁၃၈ ကီလိုဖြင့် မြန်မာပြည်စံချိန်သစ်တင်နိုင်ခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

**မြန်မာ့လက်ရွေးစင်စက်ဘီးအသင်း**

**အာရှ ကွင်းတွင်းစက်ဘီးပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင် စက်ဘီးအသင်း ထိုင်းနိုင်ငံသို့ မထွက်ခွာမီ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌တွေ့ရစဉ်။**
(စက်ဘီးအသင်းချုပ်)

## အာရှ ကွင်းတွင်းစက်ဘီးပြိုင်ပွဲ၌ ယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင်စက်ဘီးအသင်း ထွက်ခွာ

*နေပြည်တော် ဩဂုတ် ၃၀*

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ၂၀၁၁ ခုနှစ် ဩဂုတ် ၃၀ ရက်မှ စက်တင်ဘာ ၈ ရက်အထိကျင်းပမည့် စက်ဘီးအားကစားနည်း စခန်းသွင်းလေ့ကျင့်မှုအစီအစဉ်သို့ တက်ရောက်ရန်နှင့် လေ့ကျင့်ကာလအပြီး စက်တင်ဘာ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင်ကျင်းပမည့် အာရှကွင်းတွင်း စက်ဘီးပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ် အမှုဆောင် ဦးဇော်လင်းအေး ခေါင်းဆောင်သော မြန်မာ့လက်ရွေးစင် စက်ဘီးအသင်းသည် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားသည်။

မြန်မာ့လက်ရွေးစင်စက်ဘီးအသင်းတွင် အမျိုးသားအုပ်ချုပ်သူအဖြစ် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ် အမှုဆောင်ဦးမြင့်ကျော်သူ၊ အမျိုးသမီးအုပ်ချုပ်သူအဖြစ် အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သူဇာအောင်၊ နည်းပြအဖြစ် ဦးငြိမ်းဝင်း၊ အမျိုးသားလက်ရွေးစင်များ အဖြစ် ဖြိုးဝေဇင်၊ အောင်ဖြိုးဝေ၊ မျိုးလွင်၊ ချစ်ကိုကို၊ အောာယ်လ်နှင့် စိုင်းအောင်ခမ်း၊ အမျိုးသမီးလက်ရွေးစင်များအဖြစ် မူမူအေး၊ လွင်လွင်အေး၊ စုစုဝေ၊ နော်ထီးမူ၊ နော်ဖောခူခူဆဲ၊ ကြည်ကြည်ဦးနှင့် ဇင်မာဦးတို့ လိုက်ပါသွားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

*❖ ကျောဖုံးမှ*

## ကမ္ဘာ့ကစ်ဘောင်ဆင်ပြိုင်ပွဲ အီရန်တို့ ရွှေတံဆိပ်ဆွတ်ခူး

***တီဟီရန် ဩဂုတ် ၃၀***

ဂျာမနီနိုင်ငံတွင်ကျင်းပလျက်ရှိသည့် ကမ္ဘာ့ကစ်ဘောင်ဆင်ပြိုင်ပွဲကို ဩဂုတ် ၂၉ ရက်က ဆက်လက်ကျင်းပရာ ကီလို ၉၀ တန်းပြိုင်ပွဲ၌ အီရန်ကစ်ဘောင်ဆင်ကစားသမား အက်ဘာကာရီမီက ရွှေတံဆိပ်ဆွတ်ခူးရရှိခဲ့သည်။ ***(အောက်ပုံ)***

အီရန်ကစ်ဘောင်ဆင်အားကစားအဖွဲ့သည် ယခုရွှေတံဆိပ်ဆုအပါအဝင် စုစုပေါင်းရွှေတံဆိပ်ရှစ်ခု ရရှိခဲ့ပြီဖြစ်သည်။ အီရန်နိုင်ငံအတွက် ရွှေတံဆိပ်များကို ကီလို ၆၀ ကစ်ဘောင်ဆင်ပြိုင်ပွဲ၌ အာမက်နီစ်ကာက ရွှေတံဆိပ်တစ်ခု၊ ၆၅ ကီလိုတန်း၌ ဟမ်ဇက်မိုရာ ဒီရင်က ရွှေတံဆိပ်တစ်ခု၊ ကီလို ၇၀ ကစ်ဘောင်ဆင်ပြိုင်ပွဲ၌ ဟိုစိန်ဟာယာတီက ရွှေတံဆိပ် တစ်ခု၊ ၈၅ ကီလိုကစ်ဘောင်ဆင်ပြိုင်ပွဲ၌ ဟိုစိန်အလီဇာဒက်က ရွှေတံဆိပ်တစ်ခု၊ ကီလို ၉၀ ကစ်ဘောင်ဆင်ပြိုင်ပွဲ၌ မိုတာဘာဟို့စ်စိန်နီက ရွှေတံဆိပ်တစ်ခု၊ ၇၅ ကီလိုကစ်ဘောင်ဆင်ပြိုင်ပွဲ၌ အက်ဂဟာ ဂီဇက်ချီက ရွှေတံဆိပ်တစ်ခုနှင့် ကီလို ၅၀ တန်း အမျိုးသမီးကစ်ဘောင်ဆင်ပြိုင်ပွဲ၌ နာဟစ်မိုကတ်ဒမ်က ရွှေတံဆိပ်တစ်ခု ရရှိခဲ့သည်။ **(အင်တာနက်)**



ဇလွန်မြို့နယ်အသင်း(ရန်ကုန်) (၁၀)ကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲနှင့် အသင်းအဆောက်အအုံအတွက် အလှူငွေပေးအပ်ပွဲကို ဩဂုတ် ၂၈ ရက်က ရန်ကုန်မြို့ ဧရာဝတီတိုင်းဒေသကြီးမွှာရုံ၌ ကျင်းပရာ ကေသီပန်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ အသင်းဥက္ကဋ္ဌ ဦးလှမြင့် မိသားစုက အသင်းရုံးခန်းဖြစ်မြောက်ရေးအတွက် လှူဒါန်းငွေကျပ် သိန်း ၃၀ ကို အသင်းဂုဏ်ထူးဆောင်နာယက ဦးကျော်ညွှန့်အား ပေးအပ်လှူဒါန်းစဉ်။ (မြို့နယ် ပြန်/ဆက်)

# (၄၄)ကြိမ်မြောက် အဘိဓမ္မာစာတော်ပြန်ပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၃၀**

ရန်ကုန်မြို့ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ (၄၄)ကြိမ်မြောက် အဘိဓမ္မာစာတော်ပြန်ပွဲကို ဩဂုတ် ၂၆ ရက် နံနက် ၈ နာရီက ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း အဘိဓမ္မာရတနာယရ (အဘိဓမ္မာ ဓမ္မဗိမာန်တော်ကြီး)၌ ကျင်းပသည်။

**ဆက်ကပ်**

ရှေးဦးစွာ အဘိဓမ္မာပြန့်ပွားရေးအသင်း ဥက္ကဋ္ဌ ဦးရိန်ဝင်း၊ ဒုတိယ ဥက္ကဋ္ဌ ဦးမျိုးခင်၊ နာယကများ၊ အမှုဆောင်များ၊ အလှူရှင်များနှင့် ပရိသတ်များက ဆရာတော်ကြီးများထံမှ ပရိတ်တရားနာယူကြပြီး လှူဖွယ်ဝတ္ထုများ ဆက်ကပ်ကြသည်။

ဆက်လက်၍ (၄၄)ကြိမ်မြောက် အဘိဓမ္မာစာတော်ပြန်ပွဲနှင့် စာအောင်ဆုနှင်းပွဲ မတည်အလှူရှင် ၁၀ ဦးက အလှူငွေကျပ်သိန်း ၁၀၀ လှူဒါန်းကြပြီး စာတော်ပြန် ဖြစ်မြောက်ရေးအတွက် အလှူရှင် ဒေါက်တာ ဒေါ်ခင်ခင်ရီ (ရှိုင်းဟုတ် ကုမ္ပဏီ) က သိန်း ၁၀၀၊ ဦးရိန်ဝင်း-ဒေါ်ခင်ချိုဦး၊ သား မောင်ကောင်းထိုက်ထွန်း မိသားစုက ငွေကျပ် ၁၀ သိန်း၊ ဦးစိုးနိုင်-ဒေါ်တင်တင်နွယ်တို့က ငွေကျပ် ငါးသိန်း လှူဒါန်းကြသည်။

အဘိဓမ္မာစာတော်ပြန်ပွဲတွင် သံဃာတော် ၁၈၉ ပါး၊ သီလရှင် ၁၉၃ ပါး၊ လူပုဂ္ဂိုလ် ၃၃၈ ဦးတို့ ဩဂုတ် ၂၇ ရက်မှ စက်တင်ဘာ ၄ ရက်အထိ ဖြေဆိုလျက်ရှိကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# ကျိုက်ထိုမြို့နယ် ရော်ဘာစိုက်ပျိုးထုတ်လုပ်ရေး ငွေစုငွေချေးအသင်းဖွဲ့စည်း

**ကျိုက်ထို ဩဂုတ် ၃၀**

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးအတွက် ကျိုက်ထိုမြို့နယ် ရော်ဘာစိုက်ပျိုးထုတ်လုပ်ရေးငွေစုငွေချေးအသင်းအား ဖွဲ့စည်းပြီး အသင်းဝင် ၁၁၅ ဦးအား အစေးလှီး ဧကအပေါ်တစ်ဧကလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့်ထုတ်ချေးလျက်ရှိသည်။ **(အောက်ပုံ)**

**ထုတ်ချေးပေး**

အဆိုပါအသင်းသည် CB ဘဏ် မှ ငွေကျပ်သိန်း ၂၅၀နှင့် အသင်းအမှုဆောင်များမှ ငွေကျပ်သိန်း ၂၅၀ စုစုပေါင်း ငွေကျပ်သိန်း ၅၀၀ မတည်၍ အတိုးနှုန်း နှစ်ရာခိုင်နှုန်းနှင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# အခွန်အရပ်ရပ်ဆိုင်ရာ ပညာပေးဆွေးနွေးပွဲကျင်းပ

**ဖျာပုံ ဩဂုတ် ၃၀**

အခွန်အရပ်ရပ်ဆိုင်ရာ ပညာပေးဆွေးနွေးပွဲကို ဩဂုတ် ၂၄ ရက်က ညောင်တုန်းမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၌ လည်းကောင်း၊ ဩဂုတ် ၂၅ ရက်နံနက်ပိုင်းက မအူပင်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၌ လည်းကောင်း၊ နေ့လယ်ပိုင်းတွင် ကျိုက်လတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ လည်းကောင်း၊ ဩဂုတ် ၂၆ ရက်က ဖျာပုံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ လည်းကောင်း အခွန်ပညာပေးဆွေးနွေးပွဲများ ကျင်းပသည်။ **(ဝဲပုံ)**

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူး သူရ ဦးထင်ကျော်မိုးက အခွန်အရပ်ရပ်ကောက်ခံခြင်းဆိုင်ရာ ကိစ္စရပ်များကို လည်းကောင်း၊ ဖျာပုံခရိုင် အခွန်ဦးစီးဌာနမှူး ဦးဇော်မြင့်အောင်က ကုန်သွယ်လုပ်ငန်းခွန်၊ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရောင်းချစေခြင်း၊ ဝင်ငွေခွန်ကျသင့်စေခြင်းဆိုင်ရာများကိုလည်းကောင်း ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသော လုပ်ငန်းရှင်များက သိရှိလိုသည်များကို ပြန်လည်မေးမြန်း ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

# မြို့နယ်သတင်းထွေထွေ



# ယဉ်ကျေးလိမ္မာသင်တန်းဖွင့်

**သီပေါ ဩဂုတ် ၃၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် သီပေါမြို့ မြန်မာရပ်မိုင်းပွန်လမ်းရှိမြို့လယ်ဓမ္မာရုံကြီးတွင် အခြေခံဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းကို အပတ်စဉ် တနင်္ဂနွေနေ့တိုင်းဖွင့်လှစ် သင်ကြားပေးလျက်ရှိရာ အဆိုပါသင်တန်းသို့ သီပေါ၊ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ ၄၀၀ ခန့်တက်ရောက်သင်ကြားလျက်ရှိပြီး အခြားသော စိတ်ပါဝင်စားသူများလည်း တက်ရောက် လေ့လာသင်ယူကြသည်။

အဆိုပါသင်တန်းတွင် တာဝန်ရှိသူများက ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာများအား ဆွေးနွေးပို့ချပေးကာအပတ်စဉ်အလှူရှင်များကလည်း သင်တန်းတက်ရောက်သော ကျောင်းသား ကျောင်းသူများအတွက် စာရေးကိရိယာများနှင့် အာဟာရဒါနများကိုလှူဒါန်းကြသည်။ အဆိုပါသင်တန်းကို၂၀၁၀ ခုနှစ် ဇွန် ၇ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး ယခု ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် ဒုတိယအကြိမ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရှိရသည်။ (ဝ၆ဝ)

# သိပ္ပံနည်းကျစိုက်နည်းစနစ်ဖြင့်စိုက်ပျိုးရေး ကွင်းဆင်းဆောင်ရွက်

**သာယာဝတီ ဩဂုတ် ၂၉**

သာယာဝတီမြို့နယ်ရှိ လယ်မြေများ၌ သိပ္ပံနည်းကျ စိုက်နည်းစနစ် (၁၄)ချက်နှင့်အညီ မိုးစပါးများစိုက်ပျိုးလျက်ရှိရာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း အထွေထွေမန်နေဂျာ (မျိုးစေ့ဌာနခွဲ)မှ ဦးထိန်လင်းသည် ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်အတွင်းရှိ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဩဂုတ်လအတွင်း မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ရေလွှမ်း၊ နစ်မြုပ်၊ ထိခိုက်လယ်များ ပြန်လည်ဆောင်ရွက်ရာတွင် အထွက်နှုန်း မထိခိုက်စေရန်၊ မြေဩဇာ ထည့်သွင်းအားဖြည့်ရန်၊ ပိုးမွှားရောဂါ ကြိုတင်ကာကွယ်ရန်နှင့် မျိုးသန့်ဇုန်များ၌ သိပ္ပံနည်းကျ (၁၄)ချက်ဖြင့် ဆောင်ရွက်ပြီး မျိုးကောင်းမျိုးသန့်များ ပွားများထုတ်လုပ်သွားရန်မှာကြားပြီး သာယာဝတီမြို့နယ်၊ မင်းလှမြို့နယ်နှင့် ကြို့ပင်ကောက် မြို့နယ်များအတွင်း ပေါင်ပျိုးစနစ်ဖြင့် စိုက်ပျိုးထားသည့် အထူးအထွက်တိုး မျိုးစပါးစိုက်ခင်းများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ (ဝဲပုံ)

**(ခရိုင် ပြန်/ဆက်)**

# ဥတုရာသီ တောကိုမှီ၍

# ဒေသခံပြည်သူများအတွက် လားရှိုးမြို့နယ်၌ ထင်းများဖြန့်ဝေ

**လားရှိုး ဩဂုတ် ၃၀**

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး လုပ်ငန်းစဉ်တစ်ရပ်အနေဖြင့် လားရှိုးမြို့နယ်သစ်တောဦးစီးဌာနမှ ဒေသခံပြည်သူများအတွက် အခြေခံလိုအပ်ချက်ဖြစ်သော ဒေသခံပြည်သူများအား ထင်းများဖြန့်ဝေပွဲကို ဩဂုတ် ၂၃ ရက် နံနက်က နမ့်ပေါင်ကျေးရွာနှင့် ပုန်းထွန်ကျေးရွာတို့တွင် ကျင်းပသည်။

အဆိုပါ ထင်းဝေငှပွဲတွင် နမ့်ပေါင်ကျေးရွာ၌ အိမ်ထောင်စု ၁၂၀ အတွက် ထင်း ၃၃ ဒသမ ၃၀ တန်နှင့် ပုန်းထွန်ကျေးရွာ၌ အိမ်ထောင်စု ၇၀ အတွက် ထင်း ၂၃ ဒသမ ၅၀ တန် ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရသည်။ (၄၀၁)

# အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်အခမ်းအနား ကန့်ဘလူမြို့နယ်၌ ကျင်းပ

**ကန့်ဘလူ ဩဂုတ် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၈ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ ဆေးရုံအုပ်ကြီးဒေါက်တာတင့်ရွှန်းက မိခင်နို့တိုက်ကျွေးရေး ငါးနှစ်အောက်ကလေးများ အာဟာရဖွံ့ဖြိုးရေး ကိုယ်ဝန်ဆောင်နှင့်နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေး အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးလုပ်ငန်းများကို ရှင်းလင်းဆွေးနွေးမှာကြားသည်။

ထို့နောက် မိခင်နို့တိုက်ကျွေးရေးကို ကလေးအထူးကုဆရာဝန် ဒေါက်တာအေးအေးသန့်က ပညာပေးဆွေးနွေးဟောပြောပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ငွေငွေဝင်းက ကျေးဇူးတင်စကားပြောကြားကြောင်း သိရှိရသည်။ (ဝ၂၇)

# လောင်းကစားမှု ပပျောက်ရေး ပညာပေး

နေပြည်တော် ဩဂုတ် ၂၉

*နေပြည်တော် ကောင်စီနယ်မြေ တပ်ကုန်းမြို့ မြို့နယ်အဆင့် လောင်းကစားသူများ အသိပညာပေးအဖွဲ့က ကြီးမှူး၍ လောင်းကစားမှုပပျောက်ရေးပညာပေး ဟောပြောပွဲကို ဩဂုတ် ၂၀ ရက် မွန်းလွဲ ၁ နာရီက ဗိုလ်မင်းရောင်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယ မြို့နယ်မှူး ရဲအုပ်ကိုကိုနှင့် စခန်းမှူး ရဲအုပ် လှမိုးတို့က မှုခင်းကျဆင်းရေးနှင့် လောင်းကစားမှု ကင်းစင်ပပျောက်ရေး အကြောင်း သိကောင်းစရာများကို ပညာပေး ဟောပြောကြကြောင်း သိရှိရသည်။* (ဝ၂၁)

# ရမည်းသင်းမြို့နယ် စပါးခင်းများအတွင်းသို့ ငါးရှဥ့်မျိုးများစိုက်ထည့်

**ရမည်းသင်း ဩဂုတ် ၂၉**

ငါးသယံဇာတ ထိန်းသိမ်းရေးနှင့် ဒေသခံပြည်သူများ ငါးစားသုံးမှုဖူလုံရေးအတွက် မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနနှင့် ရမည်းသင်းမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ပူးပေါင်း၍ ဩဂုတ် ၂၇ ရက်က ရမည်းသင်းမြို့နယ်အတွင်းရှိ စပါးခင်းများအတွင်းသို့ ငါးရှဥ့်မျိုးများ စိုက်ထည့်ပေးကြသည်။

**စိုက်ထည့်ပေး**

စပါးခင်းများအတွင်းသို့ ငါးရှဥ့်မျိုးစိုက်ထည့်ရာတွင် မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူးနှင့် မန္တလေးခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး၊ ရမည်းသင်းခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးမှူး ဒေါက်တာစိုးငြိမ်း၊ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးမှူး ဒေါက်တာကျော်မြင့်နှင့် ဒေသခံပြည်သူများက ရမည်းသင်းမြို့နယ် ဦးကိုဦး၏ လယ် ၁၀ ဧက၌ ငါးရှဥ့် ၂၄ ပိဿာ၊ ဦးခင်ဇော်၏ လယ် ရှစ်ဧက၌ ၂၄ ပိဿာ၊ အကျဉ်းဦးစီးဌာန လယ်၌ ၁၀ ပိဿာနှင့် ရန်ကုန်-မန္တလေး ကားလမ်းမကြီး ဝဲယာ (အင်ကြင်းကန်) စပါးကွင်းများအတွင်းသို့ ငါးရှဥ့်ကောင်ရေ ၁၁၀၀ (၁၂ ပိဿာ) လိုက်လံစိုက်ထည့်ပေးခဲ့ကြကြောင်း သိရှိရသည်။ **(ဝ၁၁)**

# မြစ်သား၌တိရစ္ဆာန်များ ကာကွယ်ဆေးထိုး

**မြစ်သား ဩဂုတ် ၂၉**

ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်တွင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးအတွက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တိရစ္ဆာန်များတွင် ကူးစက်ရောဂါများ ကျရောက်ဖြစ်ပွားမှုမရှိစေရန် ကျောက်ဆည်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာရဲထွန်းဝင်း၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မြစ်သားမြို့နယ်ဦးစီးမှူး ဒေါက်တာတင်မောင်လင်း ဦးဆောင်၍ သင်တန်းဆင်းကြက်ခြေပြာ ၁၅ ဦးအဖွဲ့သည် ဒါးရဲကောင်းကျေးရွာတွင် ပေါင်ပုပ်၊လက်ပုပ်ရောဂါ ကာကွယ်ဆေးထိုးခြင်းနှင့် ကျွဲဆွဲကျေးရွာ၊ မယှက်ကျေးရွာများတွင် ဒေါင့်သန်းရောဂါကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဩဂုတ် ၈ ရက်က ဆောင်ရွက်ခဲ့သည်။ ထို့နောက် ကျွဲ၊ နွားတိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သည့် ကူးစက်ရောဂါများအကြောင်းကိုလည်း အသိပညာပေးဟောပြော ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

31-8 (15).pmd 1 8/31/2011, 3:22 AM

## ဆင်းရဲမှုလျှော့နည်းပပျောက်ရေး ပုသိမ်ကြီးမြို့နယ်တွင် ရှင်းလင်းဆွေးနွေး

**ပုသိမ်ကြီး ဩဂုတ် ၂၉**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးအတွက် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်တွင် ရှင်းလင်းဟောပြောပွဲ ကျင်းပရာ မန္တလေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်တင်မိုးနှင့်အဖွဲ့သည် ဩဂုတ် ၇ ရက် နံနက် ၉နာရီမှ မွန်းလွဲ ၁နာရီ အထိ ပုသိမ်ကြီးမြို့နယ် ရုံးသာကျေးရွာ၊ ဆင်ဘွတ်ကြီးကျေးရွာ၊ မင်းကန်ကျေးရွာ၊ ဇီးတောကျေးရွာများရှိ ကျေးရွာနေ ပြည်သူများနှင့်တွေ့ဆုံ၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး လုပ်ငန်းစဉ် (၈)ရပ်ကို ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် မန္တလေးခရိုင်စိုက်ပျိုးရေး မန်နေဂျာ ဦးကျော်မြင့်၊ ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးမှူး ဒေါက်တာ ဒေါ်ခင်ချို၊ အသေးစားပုဂ္ဂလိက ငွေစုငွေချေး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအတွင်းရေးမှူး ဦးနောင်အောင်၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဌာနမှူး ဦးစိုးမင်းထွန်းတို့က ထပ်မံဖြည့်စွက်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လယ်ဝေးမြို့နယ်၌ဟောပြော

**လယ်ဝေး ဩဂုတ် ၂၉**

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၆ ရက် မွန်းလွဲ ၁ နာရီက နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ကွပ်ကဲမှုဌာနချုပ်ခန်းမ၌ကျင်းပရာ နေပြည်တော်ယာဉ်ထိန်းတပ်ဖွဲ့မှ ရဲအုပ်ဝင်းမြင့်က လမ်းအသုံးပြုသူများ လိုက်နာရန်စည်းကမ်းချက်များနှင့် စက်ဘီးစီးနင်းသူ၊ မော်တော်ဆိုင်ကယ်စီးနင်းသူများ လိုက်နာရန် အချက်အလက်များကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက တက်ရောက်လာသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ လက်ကမ်းစာစောင်များ ပေးဝေခဲ့ကြောင်း သိရှိရသည်။ (၁၄၅)

## လူထုအခြေပြု ကျန်းမာရေးဖွံ့ဖြိုးမှုဆွေးနွေးပွဲ ပန်းတောင်းမြို့၌ ကျင်းပ

**ပန်းတောင်း ဩဂုတ် ၂၉**

မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် ပန်းတောင်းမြို့နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီအသင်းကြီးကြပ်မှုကော်မတီဝင်များ ပူးပေါင်းကျင်းပသည့် လူထုအခြေပြု ကျန်းမာရေးဖွံ့ဖြိုးရေးစီမံချက်ဆွေးနွေးပွဲ အခမ်းအနားကို ဩဂုတ် ၂၅ရက် နံနက် ၉နာရီက ပန်းတောင်းမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

ဆွေးနွေးပွဲတွင် ပဲခူးတိုင်းဒေသကြီး ဦးစီးမှူး (ပထမတန်း) ဒေါ်နီနီမိုး၊ မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်သင်းသင်းလှိုင်၊ မြို့နယ်ကြက်ခြေနီ သူနာပြုတပ်ရင်းမှူး၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ လူထုအခြေပြု ကျန်းမာရေးဖွံ့ဖြိုးမှုစီမံချက် လက်ထောက်စီမံချက်အရာရှိတို့က ကျန်းမာရေးဆိုင်ရာများ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

## ပေါင်မြို့နယ်အသင်း(ရန်ကုန်) ပညာရည်ချွန်ဆုချီးမြှင့်

**ပေါင် ဩဂုတ် ၂၉**

ပေါင်မြို့နယ်အသင်း(ရန်ကုန်)၏ ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဩဂုတ် ၂၁ ရက် နံနက် ၉ နာရီက ပေါင်မြို့ အထကရွှေရတုခန်းမ၌ကျင်းပရာ ပေါင်မြို့နယ်ပညာရေးမှူး ဦးအောင်မောင်းနှင့်ပေါင်မြို့နယ်အသင်း (ရန်ကုန်) ဥက္ကဋ္ဌ နိုင်ချစ်ဖေတို့က အမှာစကား ပြောကြားကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ ပေါင်မြို့နယ်အသင်း(ရန်ကုန်)ဥက္ကဋ္ဌ နိုင်ချစ်ဖေနှင့် တာဝန်ရှိသူများက ပေါင်မြို့နယ်အတွင်းရှိ အထကများမှ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သော သုံးဘာသာနှင့်အထက် ကျောင်းသား ကျောင်းသူ ရှစ်ဦးနှင့် ၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် အောင်ချက်အကောင်းဆုံး ပထမဆုရ ပေါင်မြို့-အထက၊ ဒုတိယရရှိသော ကော့ကရင်ကျေးရွာ အထက(ခွဲ) တို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။ (၁၂၄)

## အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် စာစီစာကုံးပြိုင်ပွဲကျင်းပ

**သရက် ဩဂုတ် ၂၉**

သရက်မြို့နယ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် စာစီစာကုံးပြိုင်ပွဲကို ဩဂုတ် ၁၇ ရက် နံနက် ၉ နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း စိန်ရတုခန်းမဆောင်၌ ကျင်းပသည်။

**ထောက်ပံ့ပေးအပ်**

ပြိုင်ပွဲတွင် သရက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးသန်းလွင်၊ မြို့နယ်ပညာရေးမှူး ဒေါ်လှလှမြင့်နှင့် ကျောင်းအုပ်ကြီးများ၊ မြို့နယ်ကျန်းမာရေးမှူး ဦးညွန့်လွင်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နီထွေးနိုင်နှင့် အသင်းဝင်များက ကျောင်းသား ကျောင်းသူများအား စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ပြိုင်ပွဲတွင် အခြေခံပညာအထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၃၀ တို့က ငါးနှစ်အောက်ကလေးကျန်းမာရေး စနစ်တကျအစာကျွေး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အလယ်တန်းအဆင့်ကျောင်းသား ကျောင်းသူ ၄၀ တို့က အာဟာရပြည့်လျှင်ရောဂါစင် ပျော်ရွှင်ကျန်းမာစိတ်ချမ်းသာ ခေါင်းစဉ်ဖြင့် လည်းကောင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

### ပေးအပ်လှူဒါန်း

ဩဂုတ် ၁၀ ရက်က မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ သွားတော်၊ ဓာတ်တော်နှင့် ဆံတော်ရှင်သမိုင်းဝင် ကျိုက်သလ္လံစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ အရှေ့ဘက်မုခ်ဝတွင် ဓာတ်လှေကားအသစ် တည်ဆောက်ရန်အတွက် ဖခင်ကြီး ဦးချိန်ဟုတ်အားရည်စူး၍ မော်လမြိုင်မြို့ ထားဝယ်စုရပ် အောက်လမ်းမကြီးအမှတ်(၅၂၅)နေ ဒေါ်ရီ (မိသားစု) အထည်ဆိုင် မြိုင်ရတနာနှစ်ထပ်ဈေးတို့က ငွေကျပ် သိန်း ၁၀၀ ကို ပေးအပ်လှူဒါန်းရာ ဘုရားဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစန်းမြင့်နှင့် ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်းတို့ လက်ခံယူစဉ်။ (မြန်မာ့အလင်း)

**မြို့နယ် သတင်း ထွေတလာ**

## သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ကျိုင်းတုံ၌ဆွေးနွေး

**ကျိုင်းတုံ ဩဂုတ် ၂၉**

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၁၇ ရက်က ကျိုင်းတုံကတ်တောင်အုပ်စု နောင်အောကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

**ဆွေးနွေးဟောပြော**

ရှေးဦးစွာ ပြည်နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းဆမ်တစ်က ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့နည်းပပျောက်ရေးကိုလည်းကောင်း၊ သစ်တောဦးစီးဌာနဦးစီးအရာရှိ ဦးမြင့်စိန်(၂)က သစ်တောသစ်ပင်နှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးဟောပြောခဲ့ကြောင်း သိရှိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

## စပါးစိုက်ခင်းများအတွင်း ငါးမျိုးစိုက်ထည့်

**မြစ်ကြီးနား ဩဂုတ် ၂၉**

ကချင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ပြည်နယ်အတွင်းဒေသအလိုက် ငါးသယံဇာတတိုးတက်ရေး၊ ငါးမျိုးတိုးတက်ရေးလုပ်ငန်းများကို သက်ဆိုင်ရာမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနများက ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၆ ရက် နံနက် ၈ နာရီခွဲက မြစ်ကြီးနားမြို့နယ် မော်ဖောင်းကျေးရွာရှိ ဒိန်ရှာယန်ဆည် ရေသောက်ဧရိယာမှ လယ်မြေ ၁၁၅ ဧကအတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းကို မြစ်ကြီးနားခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်ရွှယ်တောင်နှင့် ဝန်ထမ်းများ၊ မော်ဖောင်းကျေးရွာမှ ဒေသခံတောင်သူများက ဆည်ရေသောက်လယ်မြေများအတွင်း ငါးခုံးမကြီး (ငါးသန့်) သားပေါက်ကောင်ရေ တစ်သိန်းခွဲ ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

## ပညာရည်ချွန်ဆုပေးပွဲအခမ်းအနား ခင်ဦးမြို့နယ်၌ ကျင်းပ

**ခင်ဦး ဩဂုတ် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် ရွာစဉ်စံပြကျေးရွာ အထက(ခွဲ)၌ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ် ၂၀ ရက် နံနက် ၉ နာရီက ကျင်းပရာ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးခင်မောင်အေးက အမှာစကားပြောကြားသည်။

**ပေးအပ်ချီးမြှင့်**

အခမ်းအနားတွင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက အင်္ဂလိပ်ဘာသာ အမှတ်အများဆုံးဆုရရှိသူကိုလည်းကောင်း၊ ဆရာတော် ဘဒ္ဒန္တမုနိန္ဒာဘိဝံသက မြန်မာစာဘာသာရပ်အမှတ်အများဆုံး ဆုရရှိသူကိုလည်းကောင်း၊ ဦးအောင်တိုက်က သင်္ချာဘာသာရပ် အမှတ်များဆုံး ဆုရရှိသူကိုလည်းကောင်း ဆုများချီးမြှင့်ပြီး ပရဟိတ ပညာပဒေသာပင် စည်ပင်ဝေဖြာရေးအသင်းကိုယ်စား ဦးပိုက်အေးက ဘာသာရပ် အားလုံး ရမှတ် ၄၁၁ ဖြင့် အများဆုံးရရှိသော မနုနုဝင်းအား ငွေကျပ် ၁၆၀၀၀၀ တန်ဖိုးရှိ ရွှေတစ်မတ်သား ဆုပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ (၀၃၇)

## မိုးကောင်းမြို့ ဈေးကုန်းရပ်ကွက်အမက(၂) ပညာရည်ချွန်ဆုပေးပွဲကျင်းပ

**မိုးကောင်း ဩဂုတ် ၂၉**

ကချင်ပြည်နယ် မိုးကောင်းမြို့ ဈေးကုန်းရပ်ကွက် အမက(၂)၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့်ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ် ၂၁ ရက် နံနက် ၉ နာရီက အဆိုပါကျောင်း၌ ကျင်းပရာ လက်ထောက်မြို့နယ်ပညာရေးမှူး ဦးမင်းဦး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေဦးနှင့် ကျောင်းအုပ်ဆရာကြီး ဦးမြင့်နွယ်တို့က အမှာစကားပြောကြားပြီး ပညာရည်ချွန်ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြကြောင်း သိရှိရသည်။ (၀၆၂)

## ကျောက်တံခါး အထက ကျောင်းကျန်းမာရေး ပညာပေးဟောပြော

**ကျောက်တံခါး ဩဂုတ် ၂၉**

ကျောက်တံခါးမြို့ အထကတွင် ဩဂုတ် ၁၇ ရက် နံနက် ၁၀ နာရီက ကျောင်းကျန်းမာရေးပညာပေးဟောပြောပွဲကျင်းပရာ မြို့နယ်သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန် ဒေါက်တာကျော်ကျော်ထက်က သွားနှင့်ခံတွင်းရောဂါ၊ ခံတွင်းကင်ဆာရောဂါများ ဖြစ်ပွားပုံအဆင့်ဆင့်၊ ရောဂါကာကွယ်ကုသရေးနှင့် စနစ်မှန်သွားတိုက်နည်းများအကြောင်း ရှင်းလင်းဟောပြောပြီး မူလတန်းကျောင်းသား ကျောင်းသူကလေးများ၏ သွားနှင့်ခံတွင်း ကျန်းမာရေးအခြေအနေများကို စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ပေးခဲ့သည်။ **(အပေါ်ပုံ)**

**ပညာပေးဟောပြော**

အလားတူ ကျောက်တံခါးမြို့နယ် မြို့နယ်ကျန်းမာရေးမှူး ဒေါ်အေးအေးဝေက ကျောင်းသား ကျောင်းသူကလေးများအား အာဟာရတိုက်ကျွေးရေးနှင့် ကူးစက်ရောဂါများအကြောင်း ဟောပြောပြီး မြို့နယ်ငှက်ဖျားကြီးကြပ်ရေးမှူး ဦးစိုးလွင်က သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါများအကြောင်း သိကောင်းစရာများကို ပညာပေးဟောပြောခဲ့ကြောင်း သိရှိရသည်။ (၁၂၀)

**မောင်းလျှင်မမူးနှင့် မူးလျှင်မမောင်းနှင့်**

# ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့ ဆက်လက်ကျင်းပ

## မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း၊ အဆိုဆွေးနွေးခြင်း၊ အဆိုတင်သွင်းခြင်းနှင့် အဆိုအတည်ပြုခြင်းများ ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၃၀**

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။

အစည်းအဝေးသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂၁၀)ဦးတို့ တက်ရောက်ကြသည်။

ယနေ့အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်(၅)ဦးတို့က မေးခွန်းများကို မေးမြန်းကြရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ပြန်လည်ဖြေကြားသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး သတ္တမနေ့သို့ တက်ရောက်စဉ်။ (သတင်းစဉ်)

### အရှိန်အဟုန်မြှင့်

ရှေးဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးသိန်းလှိုင်၏ **"စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်တွင် ရာဇဂြိုဟ်ဆည်ကို ၂၀၀၅ ခုနှစ်မှ စတင်ဆောက်လုပ်ခဲ့ပါကြောင်း၊ အကျိုးပြုလယ်မြေဧက (၆၅၀၀)ဖြစ်ပြီး လျှပ်စစ်ဓာတ်အား (၄)မဂ္ဂါဝပ် ထွက်ရှိမှာဖြစ်ပါကြောင်း၊ ယင်းဆည်မှရေရရှိပါက နှစ်သီးမှ သုံးသီးအထိ တိုးတက်စိုက်ပျိုးနိုင်မည်ဖြစ်ပြီး စိုက်ပျိုးရေးကဏ္ဍနှင့် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာမည့်အပြင် ဒေသ၏ လျှပ်စစ်မီးလိုအပ်ချက်ကိုလည်း ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ရာ ဒေသအတွက် များစွာအကျိုးဖြစ်ထွန်းမည့် ရာဇဂြိုဟ်ဆည်ကို မည်သည့်ကာလတွင် ပြီးစီးအောင်တည်ဆောက်မည်ကို သိရှိလိုပါကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ရာဇဂြိုဟ်ရေလှောင်တမံ ဘက်စုံစီမံကိန်းသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ ရာဇဂြိုဟ်ကျေးရွာ မြောက်ဘက် (၂)မိုင်ခန့်အကွာ နေရဥ္စရာချောင်းပေါ်တွင် တည်ရှိပါကြောင်း၊ ၂၇-၁၂-၂၀၀၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ အစည်းအဝေးအမှတ်စဉ် (၂/ ၂၀၀၄)မှ အကောင်အထည်ဖော်ဆောင်ရွက်ရန် ခွင့်ပြုခဲ့သော စီမံကိန်းဖြစ်ပါကြောင်း၊ ရာဇဂြိုဟ်ရေလှောင်တမံ ဘက်စုံစီမံကိန်းကို ၂၀၀၃-၂၀၀၄ ခုနှစ်မှစတင်ပြီး အင်ဂျင်နီယာ၊ ဘူမိဗေဒစူးစမ်းလေ့လာခြင်းများဆောင်ရွက်ခြင်း၊ တမံအုတ်မြစ်ပြုပြင်ခြင်း၊ ကုန်းကြောတမံများ တည်ဆောက်ခြင်းတို့ကိုဆောင်ရွက်ခဲ့ရာ နိုင်ငံတော်မှ ခွင့်ပြုသည့် ဘဏ္ဍာငွေ အခြေအနေအရ စီမံကိန်းတစ်ခုလုံး၏ ၃၅ ရာခိုင်နှုန်းပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ရေအားလျှပ်စစ်ပိုင်းဆိုင်ရာ ပစ္စည်းကိရိယာများ ပြည်ပမှ မှာယူတင်သွင်းနိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါ ပစ္စည်းများ ရရှိသောအခါ တည်ဆောက်မှုလုပ်ငန်းများအား ဌာနပိုင်စက်၊ ယာဉ်များအပြင် ပြင်ပလုပ်ငန်းရှင်များအင်အားဖြင့် တည်ဆောက်ရေးအင်အားများဖြည့်လျက် အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၀၁၃-၂၀၁၄ ခုနှစ်အတွင်း ရာနှုန်းပြည့်ပြီးစီးအောင် လျာထားဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁)မှ ဦးဝင်းတင့်၏ **"မုံရွာ-မန္တလေး ကားလမ်းရေကျော်ခြင်း၊ ကျေးရွာရေနစ်မြုပ်ခြင်းများ ဖြစ်ပေါ်ခဲ့သည့်အတွက် ရေနစ်မြုပ်ခြင်းနှင့် ကားလမ်းရေကျော်ခြင်းတို့ကို တားဆီးသည့် အနေဖြင့်လည်းကောင်း၊ လက်ပန်ဆည်တွင် လျာထားသော ရေပမာဏ ဧကပေပြည့်မီစေရန်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင် မြင်းမူမြို့နယ် သစ်လိန်ချောင်းတမံတည်ဆောက်ရေးနှင့် ပတ်သက်၍ တည်ဆောက်မည့်အစီအစဉ် ရှိ/မရှိနှင့် မည်သည့်အချိန်တွင် စတင်ဆောင်ရွက်မည်ကို သိရှိလိုပါကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က လက်ပန်ရေလှောင်တမံသည် စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့နယ်၊ လက်ပန်ချောင်းပေါ်တွင် တည်ဆောက်ထားသော ရေလှောင်တမံတစ်ခုဖြစ်ပါကြောင်း၊ လက်ပန်ရေလှောင်တမံသည် ရေပမာဏ (၄၉၁၀)ဧကပေ သိုလှောင်နိုင်သည့် *စာမျက်နှာ ၈ ကော်လံ ၁* ■

## ဘင်္ဂလားပင်လယ်အော်၌ လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်

**နေပြည်တော် ဩဂုတ် ၃၀**

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

## အခြေခံသင်္ဘောသားအလုပ်အကိုင်ရရှိရေးတွင် မရှိမဖြစ်လိုအပ်သည့် Basic Safety Training (BST) နှင့် Pre-sea Training Course များကို သင်တန်းကျောင်းခုနစ်ခု၌ စက်တင်ဘာ ၅ ရက်တွင် တစ်ချိန်တည်း ဖွင့်လှစ်မည်

နေပြည်တော် ဩဂုတ် ၃၀

**ပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံတွင် သင်္ဘောသား အလုပ်အကိုင်အခွင့်အလမ်းများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရေကြောင်းဆိုင်ရာ ပုဂ္ဂလိကသင်တန်းကျောင်းများအား သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖွင့်လှစ်ခွင့်ပြုသွားရန် မူအားဖြင့် သဘောတူခဲ့ပြီးဖြစ်သည်။**

### ဖွင့်လှစ်

ပထမအဆင့်အနေဖြင့် အခြေခံသင်္ဘောသား အလုပ်အကိုင် ရရှိရေးတွင် မရှိမဖြစ်လိုအပ်သည့် Basic Safety Training (BST)၊ Pre-sea Training Course များအတွက် ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်ပြည့်စုံသည့် သင်တန်းကျောင်းများဖြစ်သော မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်၊ မြန်မာနိုင်ငံရေကြောင်း အင်ဂျင်နီယာအသင်း၊ Uniteam Marine (Yangon) Ltd.၊ Kabar Services Co., Ltd. ၊ Unique Marine Services Co., Ltd.၊ MYANSEA၊ MOSA တို့၌ စက်တင်ဘာ ၅ ရက်မှ စတင်၍ တစ်ချိန်တည်း ဖွင့်လှစ်သွားမည်ဖြစ်သည်။

### ဒုတိယအသုတ်

အဆိုပါ သင်တန်းများသို့ Basic English Skill Test (BEST) အောင်မြင်ပြီးသူများအား တက်ရောက်ခွင့်ပြုသွားမည်ဖြစ်ရာ ၂၀၁၀ ခုနှစ် စက်တင်ဘာ ၉ ရက်မှ ၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်အထိ ကျင်းပခဲ့သည့် စာမေးပွဲရက်များတွင် ဖြေဆိုအောင်မြင်ပြီးသော သင်တန်းသားများအား သင်တန်းပထမအသုတ်နှင့် ဒုတိယအသုတ်အဖြစ် တက်ရောက်ခွင့်ပြုသွားမည်ဖြစ်သည်။ *စာမျက်နှာ ၄ ကော်လံ ၄* ◆

မောင်မောင်မြင့်ဆွေ - စုစည်းသည်

## စပိန်လာလီဂါပွဲစဉ် ဘာစီလိုနာတို့ ငါးဂိုးပြတ်နိုင်ပွဲရ

***မက်ဒရစ် ဩဂုတ် ၃၀***

*စပိန်လာလီဂါပွဲစဉ်များကို ဩဂုတ် ၃၀ ရက် နံနက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ လက်ရှိချန်ပီယံ ဘာစီလိုနာနှင့် ဗီလာရီးရဲတို့ပွဲတွင် ဘာစီလိုနာအသင်းက ငါးဂိုးပြတ် အနိုင်ရရှိခဲ့သည်။*

### သွင်းယူပေးခဲ့

*ဘာစီလိုနာအသင်းသည် အိမ်ကွင်း၌ ခြေစွမ်းပြကစားနိုင်ခဲ့ပြီး ကစားကွက်ကိုလည်း ထိန်းချုပ်ကစားနိုင်ခဲ့သည်။ ဘာစီလိုနာအတွက် အဖွင့်ဂိုးကို ပွဲချိန် ၂၅ မိနစ်၌ တီရာဂိုက သွင်းယူပေးခဲ့သည်။ ထို့နောက် ဖာဘရီဂတ်စ်က ၄၅ မိနစ်၌ တစ်ဂိုး၊ ဆန်ချက်ဇ်က ၄၇ မိနစ်၌ တစ်ဂိုးသွင်းယူခဲ့သဖြင့် ဘာစီလိုနာတို့ သုံးဂိုးရရှိနေခဲ့သည်။ ဧည့်သည် ဗီလာရီးရဲတို့ ချေပဂိုးရရှိရန် ကြိုးစားသော်လည်း ဘာစီလိုနာနောက်တန်းကို ထိထိရောက်ရောက် မထိုးဖောက်နိုင်ခဲ့ချေ။*

*ဒုတိယပိုင်းပွဲချိန် ၅၂ မိနစ်နှင့် ၇၄ မိနစ်တို့၌ ဘာစီလိုနာတိုက်စစ်မှူး မက်ဆီက တစ်ဦးတည်း နှစ်ဂိုးဆက်တိုက်သွင်းယူခဲ့သဖြင့် ဘာစီလိုနာတို့ ငါးဂိုးပြတ်နိုင်ပွဲ ရရှိခဲ့ခြင်းဖြစ်သည်။*

***စာမျက်နှာ ၁၁ ကော်လံ ၆*** ❖